www.burmeseclassic.com

စိတ်ကူးသစ်စာပေ

မောင်ညီမှိုင်း(သန်လျင်)

စီစဉ်သော

# အရူးကြီး ကျောက်သူဌေး ဒန်းညွှန့်

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



BURMESE CLASSIC .com

မောင်ညီမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း

နန်းရွှေရည်၊ မြဘုန်းထက်၊ မင်းအောင်ဇော်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးသစ်စာပေ

ရုံး ● အမှတ် ၁၄၉၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၁၁၃၂၂။
အမှတ် ၂၅၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၁၁၃၉၂၆၄၊ ၃၀၃၆၆၄၊ ၃၀၆၀၃၃။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၄၂၀၆၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၇၉၆၀၇၁၁

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၁၊ အောက်တိုဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်

ရ၉၅ • ရ၃

ကလောင်စုံ
မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော အရှုးကြီးကျောက်သူဌေးဒန်ညွန့်
အပါအဝင် ဂန္ထဝင်ရသဝတ္ထုတိုများ / ကလောင်စုံ– ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။

၂၂၂–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁)မောင်ညိုမှိုင်း(သန်လျင်) စီစဉ်သော အရှုးကြီးကျောက်သူဌေးဒန်ညွန့်
အပါအဝင် ဂန္ထဝင်ရသဝတ္ထုတိုများ

BURMESE CLASSIC .com

## မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အရှုးကြီး ကျောက်သူဌေးဒန်ညွန့်<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | ဦးဝင်းကြိုင်နှင့် ရှာတော်ရှင်<br>*ထောင်မှူးကြီးသိန်းဝင်း* | ၃၀ |
| ၃။ | သံသရာရဟတ် ဘယ်နှစ်ပတ်ပဲလည်လည်<br>*နန်းရွှေရည်* | ၆၀ |
| ၄။ | ကိုအန္တောနဲ့ အစွမ်းထက်သော ပညာရပ်တစ်ခု<br>*မြဘုန်းထက်* | ၈၅ |
| ၅။ | ပင်လယ်ပုံပြင်<br>*မင်းအောင်ကျော်* | ၁၁၇ |


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ကျွန်တော် စာရေးသက်တမ်းတစ်လျှောက် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် လူထူးလူဆန်း အရူးများအကြောင်း ရသဝတ္ထုတို၊ ဝတ္ထုရှည်များအဖြစ် ရေးဖွဲ့ခဲ့ပါသည်။

ဘာကြောင့် အရူး (စိတ်မနှံ့သူများ) အကြောင်းကို ရေးကြီးခွင်ကျယ်လုပ်၍ ရေးနေရပါသနည်းဟုမေးအံ့။

ကျွန်တော် ရှိုးသားစွာဖြေချင်သည်မှာ ...

တစ် ...

စိတ်မနှံ့သူ အရူးအများစုသည် လက်ရှိပကတိ စိတ်ရင်းနှင့် အရှိအတိုင်း ဟန်ဆောင်မှုကင်းမဲ့စွာ နေထိုင်ပြုမူ လှုပ်ရှားစားသောက်သွားလာနေကြ၏။

နှစ် ...





ထိုအရူးတို့သည် ထူးခြားသော စိတ်၏ စွမ်းအင်တစ်မျိုးနှင့် နိမိတ်စကားလိုမျိုး အနှေးနှင့်အမြန် ကောင်းကျိုးဆိုးကျိုး သက်ရောက်ဖြစ်ပေါ်စေသည့် စကားဆန်းနှင့် အပြုအမူများကို ပြောဆိုတတ်၏။

သုံး ...

ထိုစိတ်ဝေဒနာရှင် အရူးတို့သည် မုသာဝါဒစကားကို မသုံးကြ။ သူတို့စိတ်ထဲမှာ ထင်မြင်ခံစားရသည့်အတိုင်း ဝေဒနာကို ဖွင့်အန်ကြ၏။ ထိုဝေဒနာစကားစုများသည် အများအားဖြင့် လူ့လောကဝန်းကျင်မှာ အမှန်တရားဖြစ်နေတတ်သည်က များ၏။

သို့သော် ...

ကျွန်ုပ်တို့ လူအများစုသည် စိတ်မနှံ့သူအရူးများကို လူ့ဘောင်အပြင်ဘက်ရောက်သွားသူများလို ပြုမူဆက်ဆံကြ၏။

မေတ္တာ၊ ကရုဏာ၊ မုဒိတာထားသူ နည်းပါးကြ၏။

ဥပေက္ခာပြုသူ များ၏။ စာနာစိတ်ရှိသူများကသာလျှင် သူတို့ဘဝ ပြန်လည်ကောင်းမွန် နိုးထရေးအတွက် အထူးဂရုစိုက်၍ ကူညီစောင့်ရှောက်နေကြ၏။

အချို့က စိတ်ခံစားချက်နှင့်ယှဉ်၍ ဝေဒနာက ရုပ်ကိုမျိုသဖြင့် ဆေးပညာကုထုံး၊ တိုင်းရင်းဆေးပညာ ကုထုံးများဖြင့် တိုက်ရိုက်ထိတွေ့ ကုသမှုခံယူရင်း သက်သာပျောက်ကင်းသွားသည်လည်း ရှိ၏။

အချို့မှာမူ စိတ်ခံစားချက်နှင့် သွေးလေဖောက်ပြန်မှု ပြင်းအားကြီး၍ စိတ်ပညာရှင်များရော၊ ခေတ်မီဆေးကုထုံးကပါ လက်မြှောက်သွားရသည်။ ထိုကဲ့သို့ စိတ်ရောဂါဝေဒနာရှင်များလည်း ဤလူ့လောကဝန်းကျင်မှာ ရှိနေကြ၏။

သူတို့အနက် အချို့သည် ဥပေက္ခာရေစီးကြောင်းမှာ မျောပါ



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်လည်း ရှိပါ၏။ နောက်တစ်မျိုးကား နားလည်ရခက်သည့် အရှုးတစ်မျိုးဖြစ်၏။

မြန်မာတိုင်းရင်းဆေးကျမ်းအလိုအရ အရှုး (၂၆) မျိုးရှိလေ၏ တဲ့။

ဥမ္မတ္တက အမည်ရလျက် ဟဒယမငြိမ်၊ နှလုံးအိမ်ယွင်းသွေ၊ သည်းခြေပျက်လက်၊ စိတ်ဓာတ်ညစ်ညူး အရှုးမျိုးကား (၂၆) ပါးရှိလေသတည်းဟုဆို၏။ အဲဒီအရှုးမျိုး (၂၆) ပါးအကြောင်းကို ကျွန်တော် အရှုးဓာတ်ကောင် ကျောက်သုဌေးဒန်းညွန့်အကြောင်း မရေးမီ ကြိုး၍ ဗဟုသုတအဖြစ် ရေးသားခင်းကျင်း ဖော်ပြချင်ပါသည်။

မြန်မာတိုင်းရင်းဆေးကျမ်းအလို အရှုး (၂၆) ပါးကား ...

(၁) ဘုရားစိမ်ရေသင့်၍ ရူးခြင်းလည်းတစ်ပါး၊
(၂) မိုးမြေလေဖျက်ဆီး၍ ရူးခြင်းလည်းတစ်ပါး၊
(၃) သွေးလေမဟုတ်သည့် အကြောကို သွေးဝင်၍လည်းကောင်း၊ အကြောရှုံ့၍လည်းကောင်း ရူးခြင်းတစ်ပါး၊
(၄) သွေးပျက်၍ ရူးခြင်းလည်းတစ်ပါး၊
(၅) သည်းခြေပျက်၍ ရူးခြင်းလည်းတစ်ပါး၊
(၆) သည်းခြေမည်း၍ ရူးခြင်းလည်းတစ်ပါး၊
(၇) အသားအရည်ကြားတွင် သွေးမရှိ၍ ရူးခြင်းလည်း တစ်ပါး၊
(၈) ပစ္စည်းဥစ္စာမရှိ ဆင်းရဲ၍ ရူးခြင်းလည်းတစ်ပါး၊
(၉) ပစ္စည်းဥစ္စာပျက်၍ ရူးခြင်းလည်းတစ်ပါး၊
(၁၀) စုန်းပယောဂအဟိုက်ကြောင့် ရူးခြင်းလည်းတစ်ပါး၊
(၁၁) နတ်တိုက်၍ ရူးခြင်းလည်းတစ်ပါး၊





(၁၂) ဖုတ်တိုက်၍ ရူးခြင်းလည်းတစ်ပါး၊
(၁၃) တဏှာ ရူးခြင်းလည်းတစ်ပါး၊
(၁၄) သွေးလေပျက်၍ ရူးခြင်းလည်းတစ်ပါး၊
(၁၅) သိန္နိပါတ် ရူးခြင်းလည်းတစ်ပါး၊
(၁၆) ဆိတ်ရူးခြင်းလည်းတစ်ပါး၊
(၁၇) ဦးနှောက်ပျက်၍ ရူးခြင်းလည်းတစ်ပါး၊
(၁၈) မြွေရူး၊
(၁၉) မြင်းရူး၊
(၂၀) နွားရူး၊
(၂၁) ခွေးရူး၊
(၂၂) ဝက်ရူး၊
(၂၃) ကြက်ရူး၊
(၂၄) ကြမ္မာဝိဘတ်ရူး၊
(၂၅) ဆင်းရဲရာမှ ချမ်းသာလို၍ ရူးခြင်းလည်းတစ်ပါး၊
(၂၆) ဆွေမျိုးသားချင်းပျက်စီး၍ ရူးခြင်းလည်းတစ်ပါး စသည် တို့ဖြစ်၏။

စာဖတ်သူများခင်ဗျား ...

ဤအရူးမျိုးအပါး (၂၆) ပါးမှ အရူးများအကြောင်းကို ဖတ်ပြီးသော် သင့်ဝန်းကျင်မှာ တွေ့ကြုံနေရသည့် အရူး(စိတ်ဝေဒနာ)ရှင်သည် မည်သို့ အရူး (စိတ်ဝေဒနာ) ရှင်အစုမှာ ပါဝင်သည်ကို လေ့လာသုံးသပ်ပြီး လိုအပ်ကျွမ်းကျင်သော ဆေးပညာရှင် အသိပညာရှင်များနှင့် တိုင်ပင်နှီးနှောပါဝင် ကုသကူညီပေးကြရန်သာ ဖြစ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ဆိုခဲ့သော အချို့သောအရူးမျိုးသည် နားလည်ရခက်သည့် အရူးမျိုးမှာ ပါဝင်နေ၏။ သူ့အား ကြမ္မာဝိဘတ်ရူးဟု ခေါ်လိုက ခေါ်နိုင်၏။

အတိတ်ပစ္စုပ္ပန်ကံ အကျိုးပေးကြောင့် ဝိဘတ်ကြမ္မာငင်ပြီး ဝဋ်ကြွေးဆပ်သလို အချိန်စေ့သည့်ထိတိုင် သံသရာကြွေးဆပ်ရသည်။ ဂမ္ဘီရဆန်သော အရူးရောဂါသည်လည်း လူ့ဘဝ၌ရှိလေ၏။

နောက်ဆုံးတစ်နည်း ...

ဆန်းကြယ်၏။

ဆန်းကြယ်လွန်း၍လည်း ဂမ္ဘီရဟုခေါ်ကြ၏။





လောကီဝိဇ္ဇာလမ်းအလိုအရ ဆိုင်ရာသခင်တစ်ဦးက တာဝန်ပေး၍ ထွက်ရပ်လမ်း (သို့မဟုတ်) သိဒ္ဓိလမ်းကြောင်းအတွင်း ဘဝအရင်းပြု ခန္ဓာစတေး ရင်းနှီးမြှုပ်နှံကျင့်ကြံရသည့် ထူးဆန်းအံ့ဖွယ် လောကီဂမ္ဘီရဆိုင်ရာ ပုဂ္ဂိုလ်ထူး (အရူးတစ်မျိုး)လည်း ရှိလေ၏။

မရှိမဟုတ် ...

ရှိ၏။

ရှား၏။

ရှား၍ တွေ့ရခဲ၏။

တွေ့ရသော် နားလည်ရခက်ခဲ၏။

နားလည်ရခက်ခဲ ဆန်းပြား၍ သူ့ကို အချို့က မြေလျှောက်ဝိဇ္ဇာဟုပင် အမည်ကင်ပွန်းတပ်ကြ၏။

ထိုပုဂ္ဂိုလ်မျိုးနှင့် ကံကောင်းအကြောင်းသင့်၍ တွေ့ခဲ့သော် နားလည်မှုရှိခဲ့သော် ကိုယ့်လူ ဒီဘဝ ကံကောင်းပြီ။

သူ့ကိုနားလည်အောင် ကြိုးစားပြီး ပါရမီဖြည့်လေရော ...

ဤသို့သော အကြောင်းတရားများကြောင့် ကျွန်တော် အရူးခေါ် စိတ်ဝေဒနာရှင် လူထူးများအကြောင်းကို စာတစ်စောင် ပေတစ်ဖွဲ့ရေးသား၍ အချို့ကို ကရုဏာစိတ်၊ အချို့ကိုမေတ္တာစိတ်၊ အချို့ကို မုဒိတာစိတ်အချို့ကို ပါရမီဖြည့်စိတ်နှင့် ရေးသားနေရပါသည်။

တစ်နေ့သောအခါ ...

ထိုအရူး (၂၆) မျိုးတို့ရဲ့ ဘဝရုပ်ကို အသေးစိတ်၍ ကျွန်တော် ဝတ္ထုတို (၂၆) ပုဒ်၊ ဒါမှမဟုတ် (၂၆) မျိုးပါ လုံးချင်းကြီးတစ်အုပ် ရေးသားသွားပါမည်။



www.burmeseclassic.com

ယခင်အချက်အလက်နှင့် သူတို့ဘဝရဲ့ အခြေခံများကို မှတ်စု [illegible] ပြီးသွားခဲ့ပါသည်။

များမကြာခင် ကျွန်တော့် စာချစ်ပရိသတ်များ ကြေကွဲရင်နင့် အံ့ဩယ် အရူးများအကြောင်း အားရပါးရ ခံစားဖတ်ရှု မုဒိတာပွားခွင့် ရရှိပါလိမ့်မည်ခင်ဗျား။

ယခု ကျွန်တော်ပြောမည့် အရူး(စိတ်ဝေဒနာ)ရှင် အမည်ကား ကျောက်သူဌေး ဒန်းညွန့်ဆို၏။

ကျောက်သူဌေးဟူ၍ ...

မိုးကုတ်ရတနာမြေ ကျောက်သူဌေး။

ဖားကန့်ရတနာမြေ ကျောက်စိမ်းသူဌေးဟု မထင်လိုက်ပါနှင့်။ ဒန်းညွန့်မှာ မူးရင်ရှူဖို့ အကြွေအံနည်းငယ်မျှသော ပိုက်ဆံသာလျှင် ချမ်းသာရှာလေ၏။

ဒါဖြင့် ဘာကြောင့် သူ့ကို ကျောက်သူဌေးဒန်းညွန့်ဟု ခေါ် ရသနည်း။ စိတ်ရောကိုယ်ပါကောင်းစဉ်က စိန်ရွှေရတနာချမ်းသာခဲ့ သည်ကို အကြောင်းပြု၍လား။

ရွှေဘုံသာ ကျောက်မျက်ပွဲစားတန်းက ကျောက်ကုန်သည်ကြီး မို့လို့လား။

လုံးဝမဟုတ်။

သူ့အကြောင်းကို ကျွန်တော်အစအဆုံးမသိ။

ကျွန်တော့်နည်းတူ ကျွန်တော်တို့ ဒေသဝန်းကျင်ရှိသူများလည်း သူ့ဘဝအစနှင့် သူ့ဘဝအပျက်ကို လုံးဝမသိ။

ကျွန်တော်သိသည်ကား ...

တစ်အချက် ...





သူသည် လမ်းနံဘေးမှာတွေ့ရသည့် ကျောက်စရစ်ခဲ ဖြူဖြူ ညိုညို ဝါဝါ အလုံးသေး (ဖန်ဂေါ်လီခန့်အလုံး)များကို နေ့စဉ်ကောက်၍ လွယ်အိတ်နှစ်လုံးမှာ ပြည့်အောင်ထည့်ပြီး ဘယ်ညာပခုံး၌ မနိုင်မနင်း လွယ်ပြီး ...

ရေးဟောင်းဘုရားကျိုး ငုတ်တိုအလုံအနီးရှေ့မှာ သွားသွား စုပုံ သွန်လေ့ရှိလေ၏။

သို့နှင့် ...

သူ့ကို ကျောက်သူဌေးဒန်းညွန့်ဟုခေါ်၏။

ဒန်းညွန့် ... ဟုတ်လား ...။

ဟုတ်သားပဲ။ ဘာကြောင့် ဒန်းညွန့်ဟု ခေါ်ရသနည်းဟုမေး၍ ဖြေပါမည်။ ဒန်းညွန့်သည် သူ့အမည်အရင်းမဟုတ်ပါ။

ကျွန်တော်တို့ သူ့ရဲ့အမည်အရင်းကို ချော့မော့၍ မေးမြန်း ဖူး၏။

"ဟေ့လူ ... ခင်ဗျားအမည် ဘယ်လိုခေါ်သလဲဗျ"

"အာဥာဝက ..."

"ဟုတ်ရဲ့လားဗျာ ... အာဥာဝကက ဘီလူးဗျ"

"မဟုတ်ဘူးဗျ ... သိပြီ သိပြီဗျို့ ..."

"သိရင်လုပ်ပါဗျ။ ဘယ်လိုခေါ်သတုံး"

"ပုဏ္ဏက ... တဲ့"

"ဟာ ... ပုဏ္ဏက,ကလည်း နတ်ဘီလူးဗျ"

"ဟုတ်လား ... နေပါဦး။ ဩော် ... သိပြီဗျ ... အဟုတ်"

"သိရင် ဘာတဲ့တုံးပြော"

"ဒေဝဒတ် ..."

www.burmeseclassic.com



"ဟာဗျာ ... ခင်ဗျားကလည်း ပေါက်ကရချည်းပဲ။ ဒေဝဒတ်က ဘုရားကို သေကြောင်းကြံစည်တဲ့ ရဟန်းအိုကြီးဗျ"

"ဟုတ်လား ... ဒါဖြင့် ကျုပ်နာမည် ဘယ်သူပါလိမ့်။ ဦးဖွဲ့ဟာ ... ရှိပြီ ... သိပြီ။ ကျုပ်နာမည် မေ့နေလိုက်တာရယ်ဗျာ။ ခုမှ သိရတယ်"

"သိရင် ပြော"

"မှတ်ထား ...။ မေ့မသွားကြနဲ့နော်"

"မမေ့ပါဘူး ပြောမှာသာပြောပါ ကိုလှျာရှည်ရဲ့"

"မှားလည်း မခေါ်ကြနဲ့ဦးဗျ"

"ဟုတ်ပါပြီ ... မခေါ်ပါဘူး။ နာမည်သာပြောပါ"

"မှားခေါ်ရင် ကျုပ်က ရှက်တတ်တယ်။ အဟီး ..."

"စိတ်ချပါ အမျိုးကောင်းသားကြီးရာ နာမည်သာပြောပါတော့ဗျာ"

"အဲ ... ကျုပ်နာမည်က ဗုဒ္ဓဟူးသား၊ မရဏဖွား အောင် လံ ထူ စစ် သူ ကြီး ပွဲ ... အဲ ... အဲ ... မိုးနတ်မင်း ... မိုးနတ်မင်းဗျ။ အဟတ် ... အဟတ် ..."

သို့ကလို လူစားတည်း။

ကျွန်တော်တို့က သူ့ကိုသနား၍ ပေးကမ်းကျွေးမွေးရင်း မေးပါသော်ငြားလည်း စိတ်မနှံ့သူပီပီ သူ့ပါးစပ်ကတွေ့ရာ သူ့စိတ်ထဲ တွေ့ရာ အမည်များကို ဥဒဟို လျှောက်၍ပြောရင်းကား ...

နောက်ဆုံး ကျွန်တော်တို့ကပဲ သူ့ကို အမည်သစ်တစ်ခု ကင်ပွန်းတပ်ပေးလိုက်ရလေသည်။





အမည်သညာ ခေါ်စရာကား ...

ဒန်းညွန့်။

စနေသားဖြစ်၍ ဒန်းညွန့်ဟု အမည်ပေးလိုက်သည်မဟုတ် ဒန်းညွန့်ဟု အမည်ပေးရခြင်း အကြောင်းရင်းကား အမြဲ သူ့ရင်ဘတ် အင်္ကျီအစုတ်၊ ညစ်ပေပေ၊ နံဟောင်ဟောင်ကြီးရဲ့ ရင်ညွန့်တည့်တည့် အင်္ကျီကြယ်သီးပေါက်မှာ ဒန်းညွန့်လေး တစ်ညွန့်တစ်ညွန့် နေ့စဉ်ထိုးထိုးထားသောကြောင့် ဒန်းညွန့်ဟု ထူးခြားစွာ အမည်ပေးလိုက်ရပြီး ဖြစ်လေ၏။

ဒါ့အပြင် ထူးခြားချက် ရှိသေး၏။

သူ့မျက်နှာတစ်ပြင်လုံးမှာ ကျောက်ပေါက်ရာ အပြည့်ရှိ၏။ သူ့မျက်နှာပေါ်မှာ ကျောက်ပေါက်ရာ အမာရွတ်အခွက်များကို ရေတွက်မည်ဆိုပါလျှင် ရေတွက်သူ ရှုံးနိုင်ဖွယ်ရှိ၏။

ကျောက်ပေါက်အရာများ များလွန်း၍ ဒန်းညွန့်ရှေ့၌ ဝိသေသ တစ်ခု ထပ်ဆင့်ပေးလိုက်၏။

"ကျောက်သူဌေး ဒန်းညွန့်"

ထိုထူးခြားချက်နှစ်မျိုးကြောင့် သူ့ကို 'ကျောက်သူဌေး' ကြီး ဟုခေါ်လျှင် "ဗျ ... ဗျ ..." ဟု အော်၍ထူးလေ၏။

"ကျောက်သူဌေးကြီး ... ခင်ဗျားကျောက်တွေ ရောင်းမှာလားဗျ"

ကျွန်တော်တို့က အားရင် သူ့ကိုမေး၏။

"ဘယ်ကျောက်လဲဗျို့။ မျက်နှာပေါ်က ကျောက်လား၊ လွယ်အိတ်ထဲက ကျောက်လားဗျို့"

အမယ် ... ရူးသာရူးသည် ပြန်လှန်မေးသွားတော့ အင်းက



www.burmeseclassic.com

www.burmeseclassic.com



မေးတတ်၏။ သို့နှင့် သူငယ်ချင်းစာရေးဆရာ မင်းကြည်လှိုင်က မေးပေ၏။

"လွယ်အိတ်ထဲက ကျောက်ခဲတွေ ရောင်းဗျာ"

"ဘာလုပ်ဖို့တုံး"

"ပန်းရန်မှာ သုံးရင် ရလို့ပါ။ ခင်ဗျားလည်း ပိုက်ဆံရတာပေါ့"

"ဟာ ...ဟာ ...ဟာ ...မ ...မဖြစ်ဘူး။ မရောင်းနိုင်ဘူးဗျို့"

"ဘာဖြစ်လို့လဲ ကျောက်သူဌေးရ"

"ဒီကျောက် ...ကျောက်တွေက အလကား ...ကျောက်ကျောက် ...မဟုတ်ဘူး"

"ပတ္တမြားကျောက်လား"

"အဲဒါထက် အဖိုးတန်တယ်ဗျို့"

"ဘာဖြစ်လို့လဲ ဆရာကြီးရဲ့၊ ရှင်းပါဦး"

"ဒါ ...ဒါ ...ဘုရားတည်ဖို့ ကျောက်တွေဗျ"

"ဘာ ...ဘုရားတည်ဖို့။ နေပါဦး ဒီကျောက်စရစ်နဲ့ ဘုရားတည်လို့ရမှာလား ကျောက်သူဌေးရ။ ဘုရားတည်တာက အုတ်နဲ့တည်မှ ရတာဥစ္စာ"

"ရတယ် ...ရတယ် ...ရကိုရတယ်။ ရအောင်လုပ်လိမ့်မယ်"

"ဘယ်သူတည်မှာတုံး"

"ကျုပ်ကိုယ်တိုင် တည်မှာပေါ့ဗျို့"

"ဘယ်ဘုရားကို သူဌေးမင်းက တည်မှာတုံးဗျ"





"ဟို ...ဘုရားကျိုးကြီးကိုလေ ...ဗျို့ ..."

သူသည် စကားပြောတိုင်း 'ဗျို့' သို့မဟုတ် 'ဗျ' ဟုထည့်၍ အားရပါးရ ပြောလေ၏။ သူရသမျှ ကောက်၍ သွားသွားပုံထားသည့် ကျောက်စရစ်အရွယ်တူလုံး အပုံသည်ပင် အရှေ့ဘက်ကုန်းထိပ်က ဘုရားဓါးငုတ်တိုရှေ့မှာ ကားနှစ်စီးသုံးစီးတိုက်မျှ အပုံကြီးဖြစ်နေ၏။

အာဂအရူးကြီးပါကလား။

ဘုရားတည်မလို့တဲ့။

ကျောက်စရစ်ပုံကြီးနဲ့ ဘုရားတည်မည်တဲ့ ...အံ့ရော။ သို့နှင့် ကျွန်တော်က မေးရပြန်၏။

"ဦးဒန်းညွန့်"

"ဘာတုံးဗျ"

"ကျောက်စရစ်မရောင်းရင် ဟိုကျောက်တွေ ရောင်းဗျာ"

"ဘယ်ကျောက်များပါလိမ့်ဗျို့"

"ဦးဒန်းညွန့်မျက်နှာပေါ်က ကျောက်တွေရောင်းဗျာ"

"ဟော ..."

သူသည် ကျွန်တော့်ပြောစကားကြောင့် ယောင်၍ သူ့မျက်နှာဆီမှ ကျောက်ပေါက်များကို သူ့ညာလက်နှင့်စမ်းရင်း ငိုင်သွား၏။

"ဘယ့်နှယ်လဲ ရောင်းမှာလားဗျ"

"ဟင့်အင်း ...ဟင့်အင်း ...ဒါကို လုံးဝမရောင်းဘူးဗျို့"

"ကြိုက်ဈေးပေးမှာပါဗျ"

"အို ...လုံးဝမရောင်းဘူးဗျို့"

"အကုန်မရောင်းတောင် နည်းနည်းပါးပါး ဖဲ့ရောင်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ သူက ကျွန်တော်နှင့် မင်းကြည်လှိုင်ကို ငိုကြောင်ကြောင် မျက်လုံးနှစ်လုံးနှင့် မသက်သာသလိုကြည့်ပြီး မေးလိုက်၏။

"ကျုပ် ... ကျုပ်တရောင်းရင်ရော ခင်ဗျားတို့ ... အဲ .. မောင်ရင်တို့က ဘယ်လိုလုပ်ယူကြမှာ ... မှာလဲ ... ဟင် ... ဟင်"

"ခေါ့နဲ့လှီးပြီး ယူမှာပေါ့ဗျ"

"အမယ်လေးဗျ ... လုပ် ... ကြ ... ပါဦး ... ကယ် ... ကြ ... ပါဦးဗျို့"

"ဟား ... ဟား ... ဟား ... ဟား"

"ဖြစ်မှဖြစ်ရလေ ကျောက်သူဌေးရာ"

ကျွန်တော်တို့ရဲ့ နောက်ရွတ်ရွတ်စကားကို ကြားရသောအခါ ကျောက်သူဌေးကိုဒန်းညွန့်သည် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ကြောက်လန့်တကြား အော်၍ ပြေးလေတော့၏။

✿ ✿ ✿

[ ၃ ]

❏

ဒီမှာ ထူးဆန်းအံ့ဖွယ် ဖြစ်ရပ်များကို ကျွန်တော်တို့ဝန်းကျင်မှ လူအချို့ ကိုယ်တွေ့ကြုံကြရလေ၏။

ကိုဘကြူနှင့် အောင်ခကြီးဆိုသူတို့သည် သူတို့အိမ်ဆောက်ရာမှာ အသုံးပြုလို၍ ကျောက်သူဌေးကိုဒန်းညွန့် နေ့စဉ် အပင်ပန်းခံ ရှာဖွေထုံထားသည့် ဘုရားငုတ်တိုရှေ့ရှိ ကျောက်ဂရစ်ပုံမှ ကျောက်စရစ်များကို သွားခိုးသယ်ကြ၏။

ဦးစွာ ... ပါလာသည့် တင်းပေါင်းအတွင်းသို့ ကျောက်စရစ်ကြီးမှ ကျောက်များကို တောင်းခံ၍ လက်နှင့်ယက်ထည့်ကြ၏။

တောင်းပြည့်သောအခါ နှစ်ဦးသား တောင်းကိုထမ်းကြရာ ဆောင်သည် မ,လို့မရ။ သူတို့နှစ်ဦးသည် လူသန်ကြီးများဖြစ်ကြ၏။ ကျောက်ပုံဆိပ် စီပိတ်ကြီးများမှ ကျောက်ထမ်းသူများဖြစ်ကြ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခု သည်ကျောက်စရစ်တောင်းကို မ,၍မရ ဖြစ်နေ၏။ သို့နှင့် ကျောက်စရစ်များကို လျှော့သွန်၍ ထမ်းကြ၏။ အဲဒါလည်း တောင်းက, မလို့မရ၊ ကြွကိုမကြွ။

အကြိမ်ကြိမ်လျှော့၍ သွန်၍ မ,၍မရသောအခါ နောက်ဆုံး ကျောက်စရစ်များကို အကုန်ပြန်သွန်ပြီး အံ့သြဆန်းကြယ် ပြန်လာခဲ့ကြရ၏။

သို့နှင့် ... အရက်ဆိုင်မှာထိုင်၍ အရက်သောက်ရင်း သူတို့ ကျောက်ခိုး၍မရသည့် ထူးဆန်းသောဖြစ်ရပ်ကို တိုင်ပင်ကြ၏။

"အောင်ခ ... ဘယ်လိုဖြစ်ရတာလဲကွာ ဟင်"

"ငါလည်း မပြောတတ်ဘူး ဘကြံ့။ ဒီလိုမျိုး တစ်ခါမှ မကြုံ ဖူးဘူး"

"နက်ဖြန်ခါ သွားပြန်ခိုးကြည့်မယ်ကွာ"

"အေး ..."

သို့နှင့် နောက်နေ့ညမှာ အရက်သောက်ပြီး တောင်းကိုယ်စီ နှင့် ညဘက်ထွက်ခဲ့ကြ၏။ လရောင်က ကောင်းကင်မှာ ဝင်းထိန်နေ သည်။

နှစ်ဦးသား ကျောက်စရစ်များကို ယက်၍ထည့်ပြီး 'ကျား' ဟု ကြွေးကြော် ထမ်းလိုက်ကြကာ ပြန်လာခဲ့လိုက်၏။

"ရပြီကွ ... အောင်ခကြီးရ"

"အေးလေကွာ ... မနေ့က ဘာလို့မရလဲ မသိဘူးနော်"

"မသောက်ခဲ့လို့နေမှာပေါ့"

"ဟား ... ဟား ... ဟား ... ဟား ..."

ဟု ရယ်လိုက်လေသည်။





"ဒီနေ့ည သောက်လာမှပဲ ကျောက်စရစ်တောင်းတ ကြွတက် လာပါရော။ ဘကြံ့ရေ ... အထာသိပြီကွ။ နောက်နေ့ညမှာကျရင်လည်း ထုံးစံအတိုင်း တစ်ပုလင်းသောက်ပြီးမှ တစ်ညငါးခေါက်လောက် သယ် လိုက်ရင် အရင်းမစိုက် လေ့ထိုးလိုက်ဆိုသလို ငါတို့ဟန်ကျပြီကွ"

"ဒါပေါ့ကွ။ အိမ်သုံးလေး လုံးလောက်သွားရင် အပြင်သွား ရောင်းစားရမယ်ကွ ... အောင်ခကြီးရ။ ငါတို့နှစ်ကောင်အတွက် အရက် ဖိုးတော့ အိုကေပဟေ့။ အဟတ် ..."

နှစ်ယောက်သား စကားတပြောပြောနှင့် ကျောက်စရစ်တောင်း ကို ထမ်းလာစဉ် ပခုံးပေါ်မှတောင်းသည် လှုပ်လေ၏။

သို့နှင့် တောင်းကို ငြိမ်အောင်ကိုင်၍ လျှောက်လာကြပါသော် လည်း တောင်းနှစ်လုံးက လှုပ်မြဲလှုပ်နေ၏။ လှုပ်သမှ ဂနာမငြိမ်အောင် လှုပ်နေ၍ နှစ်ဦးသား တောင်းကိုမြေပြင်မှာ ခထာချ၍ ကြည့်လိုက်သော အခါ

"အောင်မယ်လေးဗျ"

"အား ... မြွေ ... မြွေကြီး ... မြွေကြီး ..."

"လုပ်ကြပါဦး ... ကယ်ကြပါဦးဗျို့။ မြွေ ... မြွေ ..."

"ရှီး ... ရှီး ..."

"ဖူး ... ဖူး ..."

မြေပြင်သို့ တောင်းများချလိုက်သောအခါ ကျောက်စရစ်ခဲ အောက်ခံတောင်းပေါ်မှ မြွေမည်းမည်းကြီးနှစ်ကောင်သည် ရှီးခနဲ အသံ ပြုပြီး ခေါင်းထောင်ရင်း လျှာလွန့်ကာ ပါးပျဉ်းခွက်နေသည်ကို မြင်လိုက် ရသောအခါ နှစ်ယောက်သား တောင်းနှစ်လုံးကိုပစ်ချပြီး နောက်ကို ဆုတ်၍ ကြောင်နေစဉ် ဗလကောင်းကောင်း လူသန်ကြီးများ လက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းလုံးခန့်ကြီးသော မြွေမည်းမည်းကြီးနှစ်ကောင်သည် ဆန်ကောဝိုင်းနီးပါးမျှ ပါးပျဉ်းကြီးကိုခွက်ပြီး သူတို့နှစ်ဦးနောက်မှ လိုက်တော့၏။

နှစ်ယောက်သား ငယ်သံပါအောင် အော်ပြီး ပြေးလိုက်ကြသည်မှာ ရပ်ကွက်ထဲရောက်သောအခါ အမောဆို့၍ လဲကျကုန်ကြ၏။

"မြွေ ... ကြီး ..."

"မြွေကြီးဗျ ... လုပ်ကြပါဦး"

"ဘယ်မှာတုံးဟ ... အောင်ခရ"

"နောက်မှာဗျ ... နောက်မှာ။ အမလေး ..."

ရပ်ကွက်သူ ရပ်ကွက်သားများ၊ ဇနီးမယားနှင့် ဆွေမျိုးများက သူတို့နှစ်ဦးကို လှုပ်ခါ၍ မေးကြသောအခါ ခွေးသံရှဲရှဲ ကြောက်ကြီးလန့်ကြီး မျက်လုံးကိုယ်စီနှင့် မြွေကြီး ... မြွေကြီးဟု အော်ဟစ်ကြလေ၏။

အတန်ကြာမှ သူတို့ နဂိုစိတ်ပုံမှန်ပြန်ဖြစ်သွားပြီး မေးကြသမျှအတွက် ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောသောအခါ လူအများအံ့သြကုန်ကြ၏။ ဟုတ်ပါ့မလားဟုလည်း မေးကြပြန်၏။ သို့နှင့် လူစုရှ၍ ဂူငင်းကျောက်တောင်းများ ချထားရာနေရာသို့ သွားရောက်ကြည့်ရှုသောအခါ ကျောက်တောင်းနှစ်တောင်း လဲကျပြန့်ကျဲနေသည်ကိုသာ တွေ့ရပြီး မြွေကြီးများနှင့်တူ၍ ဘာသဲလွန်စမှ မတွေ့ကြရသောအခါ ...

"ခွေးသူခိုးနှစ်ကောင် ... အရက်မူးပြီး ကြောင်တာနေမှာပေါ့ကွာ"

"ဒုက္ခအတော်ပေးတဲ့ နှစ်ယောက်ကွာ။ တောက် ..."

"သူများပစ္စည်း သွားခိုးတာကိုး။ အကုသိုလ်ဝင်မှာပေါ့"

---

**စိတ်ကူးသစ်စာပေ**



"ကြောင်နှစ်ကောင်ပါကွာ ... အဓိပ္ပာယ်မရှိတာ လျှောက်ပြောနေတာပါ။ ဒီဝန်းကျင်မှာ ဘယ်တုန်းကများ သင်းတို့ပြောတဲ့ မြွေကြီးနှ ရှိမှုးလို့လဲ။ ဘုရားငုတ်တိုနံဘေးမှာ ဘာချုံမှလည်း မရှိပါဘူး"

ပြန်လာသူများက သူတို့နှစ်ဦးကို အမျိုးမျိုး ဝေဖန်ပြစ်တင်နှချကြရကား အောင်ခကြီးနှင့်ကိုဘကြံမှာ သူတို့ရဲ့ကိုယ်တွေ့ကို မည်သူ့ဲ ပြန်ပြောပြပြောပြ ကြားရသူများက လှောင်ပြောင်ရယ်ကြသောအခါ နောက်ဆုံး ဘယ်သူ့မှမပြောဘဲ နေလိုက်ကြရတော့၏။

သို့သော် သူတို့နှစ်ဦး ဆုံးဖြတ်ချက်ချလိုက်သည်။

နောက်ဘယ်တော့မှ ဘုရားငုတ်တိုရှေ့မှ အရှုးကျောက်သူဌွေးဒန်းညွှန့်စုပုံထားသည့် ကျောက်စရစ်များကို သွားမခိုးတော့ဆိုသည့် ဆုံးဖြတ်ချက်ဖြစ်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

ကိုဘကြို့နှင့်အောင်ခကြီးတို့ နောင်တရ၍ သွားမခိုးတော့သည့် ဘုရားငုတ်တိုရှေ့က အရူးကျောက်သုဝေ့ဒန်းညွှန့်ကောင်းမှု ကျောက်စရစ်ပုံကို တစ်နေ့သောအခါ ဘခက်နှင့် မြဒင်တို့ အရက်သမားနှစ်ဦး သွား၍ ခိုးကြလေ၏။ ဘကြို့နှင့်အောင်ခကြီးတို့က သောက်ဖော်များဖြစ်ကြသည့် ဘခက်နှင့်မြဒင်ကို သူတို့ကိုယ်တွေ့ဖြစ်ရပ်အား အရက်ဝိုင်းမှာ ပြောပြ၏။

“မင်းတို့ မူးကြောင်ရူးကြောင် ဖြစ်တာနေမှာပါ ဘကြို့ရာ”

“ငါတို့မမူးဘူးကွ။ အမူးမသောက်တဲ့နေ့က တောင်းကိုမ,တာ လုံးဝမကြွဘူး။ မူးတဲ့နေ့သွားလုပ်တော့ ကျောက်စရစ်တောင်းထဲ မြွေဟောက်လိုလို အကောင်ကြီးတွေ ပါလာတာ”





“ဒါ လုံးဝမဖြစ်နိုင်ဘူး ကိုယ့်လူ”

“မယုံလည်း စမ်းချင် စမ်းကြည့်ပေါ့ကွာ။ ဒါပါပဲ”

“စိတ်ချ ...။ ငါနဲ့မြဒင် သွားခိုးမယ်။ ဘယ့်နှယ် ... မြဒင် မင်းလိုက်ရဲလား”

“အရက်ဖိုး အချောင်ရမယ့်ကိစ္စဥစ္စာ စိမ်လိုက်။ ဘယ်ည သွားမှာလဲသာပြော။ ငါကတော့ လယ်တီ ...အဲ ...အဲ ...ရယ်ဒီပဲ”

သို့နှင့် မြှောက်ပေးသူကမြှောက် မူးမူးရူးရူးနှင့် စွတ်ရွတ်လုပ်ချင်သူက လုပ်နှင့် အဖိတ်နေ့ ဤညမှာပဲ သူတို့ ငင်းဘုရားငုတ်တိုရှေ့ ကျောက်စရစ်ပုံရှိရာသို့ ရောက်သွားခဲ့ကြလေသည်။

ညသည် လရောင်အောက်၌ မြင်ကွင်းရှင်းစွာ ရှိနေ၏။

အရူး ကျောက်သုဝေ့ဒန်းညွှန့်ရဲ့ ကျောက်စရစ်ပုံကြီးကလည်း ထည်ထည်ရှင်းရှင်း ရှိနေ၏။

ကျောက်စရစ် တင်းတောင်းတစ်တောင်းကို ထိုခေတ်ကာလ ပေါက်စျေး (၁၀၀) ကျပ်ရှိ၏။ (ယခု သုံးရာကျပ် ရှိနေသည်)

ဒီည သုံးခေါက်လောက်သယ်လိုက်လျှင် ‘ရမ်’ ပါသောက်လို့ရသည်။ ဦးစွာ ဘခက်က ကျောက်စရစ်တစ်တောင်းကို ထည့်၍ မ, လိုက်ရာ ...

“အလို ...”

“ဘာဖြစ်လို့လဲ ...ဘခက်”

“မ, လို့မရဘူးကွ ...”

“လေးလို့လား ...ဒါလေးများ ...”

“ကြွကိုမကြွတာဟ”



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စမ်း … ဖယ်စမ်း …"

ဒီမှာပဲ မြဒင်က မယုံ၍ ဘခက်ရဲ့ ကျောက်စရစ်တောင်းကို ကြုံး၍ မလိုက်၏။

"အီး … အီး …"

"ဟာ … လေးလှချည်လားကွ။ မကြွပါလား"

"ဘာဖြစ်လို့လဲကွ။ များလို့များလား"

"နိုင်သလောက်ထည့်ယူကွာ။ လျှော့လိုက်"

မြဒင်သည် ဘခက်ရဲ့ ကျောက်စရစ်တောင်းကို မ,မရ၍ ထားခဲ့ပြီး သူ့တောင်းကိုချ၍ ကျောက်စရစ်များကို လက်နှစ်ဖက်နှင့် ကြုံး၍ ထည့်လိုက်သောအခါ …

"ဖူး …"

"ရှီး …"

"ဟာ …"

"ဖော်က် …"

"အ … မ … ဒလး … ဗျ … အား … အ … အ"

"ဟင် … မြဒင်"

ဘခက်လှမ်းအော်ရင်း ပြေးကပ်လိုက်စဉ်မှာပဲ မြဒင်သည် သူ့ညာလက်ကို အုပ်ကိုင်ရင်း တွန့်လိန့် လဲကျသွားတော့သည်။ ဒီမှာပဲ ကျောက်စရစ်ပုံထဲမှ ကြီးလှသော မြွေမည်းမည်းကြီးတစ်ကောင်က ပါးပျဉ်းခွက်၍ ဖူး … ဟု မှုတ်လိုက်သံကို ကြားလိုက် မြင်ရလိုက်သောအခါ …

"ဟာ … မြွေ … မြွေ …"

---

စိတ်ကူးသစ်စာပေ



သူ နောက်ကို ခုန်ဆုတ်လိုက်ပြီး သူ့တောင်းကို မချန်ထားရက်၍ ကုန်းကောက်လိုက်စဉ်မှာပဲ …

"ဟီး … ဟီး …"

"ဟင်း … ဟင်း … ဟင်း …"

နောက်ဘက်မှ ညည်းသံကြီး မမျှော်လင့်ဘဲ ကြားလိုက်ရပြန်၍ တောင်းကိုမ,ရင်း လှည့်ကြည့်လိုက်သောအခါ မည်းမည်း မြင့်မြင့်မားမား ထွားထွား ဆံပင်ဖားလျားနှင့် သတ္တဝါကြီးတစ်ကောင်က သူ့ပေါ်ခုန်အုပ်၍ သူ့ကျောကို လက်ဝါးနှင့်ရိုက်ချ …

"အုန်း …"

"အင်း …"

"အား …"

"ဖုန်း …"

"အားမလေး …"

နောက်တစ်ချက် ကန်လိုက်သောအခါ လူရောတောင်းရော တခြားစီဖြစ်၍ လွင့်သွား၏။ ဒီမှာပဲ မည်းမည်းကြီး သူ့ကိုဝင်လုံး ဝင်ဆွဲရန် လှမ်းလာလိုက်သောအခါ ဘခက် တောင်းကိုမျှ ပြန်မကောက်နိုင်ဘဲ အော်ဟစ်၍ တစ်ချိုးတည်း ပြေးခဲ့လိုက်တော့သည်။

စာရင်းရှင်းလိုက်သောအခါ အရက်သမား ကျောက်စရစ်သူခိုး မြဒင် မြွေကိုက်၍သေခဲ့ပြီး ငမူးဘခက်ကျောကုန်းမှာ လက်ငါးချောင်းရာ ထင်ကျန်ရစ်ခဲ့ပြီး မနည်းကို ဆေးကုသခဲ့ရလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၅ |

❑

မြဒင် ရက်လည်သည့်နေ့မှာပဲ ဘခက်သည် ဝါးရင်းတုတ်တစ်ချောင်းကိုကိုင်ကာ အရှုးကျောက်သူဌေးအန်းညွှန့်ကို ရှာပုံတော်ဖွင့်ခဲ့၏။

သူ့သောက်ဖော်သူငယ်ချင်း မြဒင်သေရတာက အရှုးအန်းညွှန့်ကြောင့်ဟု စွပ်စွဲ၏။ ကျောက်စရစ်ပုံထဲမှာ မြွေဆိုးများထည့်ထား၍သာ မြဒင်သေရခြင်းဖြစ်သည်ဟု စွဲမှတ်လိုက်၏။

ဒါ့အပြင် သူ့ကျောကုန်းကို လက်ဝါးနှင့်ရိုက်ပြီး လှူကို ခြေနှင့်ကန်ကျောက် ချောက်လှန့်သည်မှာလည်း သူရဲမဖြစ်နိုင်၊ တစ္ဆေမဖြစ်နိုင်။





ကျောက်သဌေးအန်းညွှန့်ခေါ် အရှုးကောင်ပဲဖြစ်ရမည်ဟု ဘခက်က အကြွင်းမဲ့ယုံကြည်ပြီး အန်းညွှန့်ကို ကလဲ့စားချေ အပြတ်ရှင်းရန် လိုက်ရှာခြင်းဖြစ်သည်။

ကျန် အသောက်သမားများက မလုပ်ရန် ဝိုင်းတားမြစ်ကြ၏။ သို့သော် ဘခက်က အရက်မူးယစ်နေပြီး ဝါးရင်းတုတ်ကြီးကို ဇွတ်ယမ်း၍ ကိုင်မြှောက်ကာ . . .

"ဒီနေ့ အရှုးအန်းညွှန့်ကို သချိုင်းပို့မယ်ဟေ့။ မြဒင် အဖော်လိုလို့ကွ။ ဟား . . . ဟား . . . ဟား . . . ဟား . . ."

သည့်နောက် အရက်ပုလင်းလက်ကျန်ကို ခါးကြားမှာထိုးပြီး ဝါးရင်းတုတ်နှင့် ဆဲရေးတိုင်းထွာ ထွက်သွားတော့၏။

ကျွန်တော်တို့က အရှုးကျောက်သူဌေးအန်းညွှန့်အတွက် လွန်ရှာ စိုးရိမ်သွား၏။ ဘခက်က လူကြမ်းလူရမ်း၊ ဘုရားမသိ၊ တရားမရှိသမား။ ဂါရဝတရား နိဝါတရား နားမလည်သူ လူမိုက်၊ အရက်သမား အဖောက်ကန်း။

သို့နှင့် ကျွန်တော်နှင့် မင်းကြည်လှိုင်တို့က ကျောက်သူဌေးအန်းညွှန့်ကို တစ်နေရာ ရှောင်သွားဖို့ပြောရန် လိုက်ရှာကြ၏။

ဒါနှင့်အတူ အောင်ခကြီးနှင့်ဘကြူတို့ကလည်း ဘခက် ခြေလွန်တက်လွန်လုပ်မှာစိုး၍ အပြေးလိုက်ကြ၏။

အချိန်အတန်ကြာသောအခါ အရှုးကျောက်သူဌေးအန်းညွှန့်ကို မှူးဘခက် တွေ့သွားခဲ့၏။ နေရာက မြစ်ကမ်းနံဘေး သံတောင်ခြစ်မှာ။

အန်းညွှန့်က ကျောက်စရစ်ခဲ နှစ်အိတ်ကိုလွယ်ပြီး သီချင်းများကို ကဘောက်တိကချောက်ချာဟစ်၍ ပျော်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... အရှူး ... အရှူး ..."

"ဘာလဲ ဗျို့ ... ကျောက်ဝယ်မလို့လားဗျို့ ..."

"ကျောက်ဝယ်မလို့ မဟုတ်ဘူး။ မင်းကိုသတ်မလို့"

"ဟင် ... ကျုပ်ကို ... သတ် ... မ ... လို့ ... ဗျို့"

"အိမ်း ... မင်း ... ဒီနေ့ သေကိုသေရမယ်"

"ပျော်လိုက်တာ ... ဟေး ... ဟေး ... ငါသေရတော့မယ် ဟေး ... ဟေး ..."

ဒန်းညွန့်က သူ့ကိုသတ်ရန် အန္တရာယ်ပြုရန် လာနေသူကို အန္တရာယ်ကော ်'ဟုမမြင်ဘဲ ရွှင်မြူးအားရ က,ခုန်နေ၏။

ဘခက်က ဝါးရင်းတုတ်ကိုမြှောက်၍ ဒယီးဒယိုင်နှင့် ချဉ်း ကပ်လာနေ၏။

"ငါ့သူငယ်ချင်းကို သတ်တာ မင်း။ ငါ့ကို နှလုံးသွေးပျက် အောင် ချောက်လှန့်တာ မင်း။ မင်း သေပေရော့"

"ကိုဒန်းညွန့် ... ကိုဒန်းညွန့် ... ပြေး ... ပြေး ..."

"ဒန်းညွန့်သူဌေး ... ပြေး ... ပြေး ... မြန်မြန်ပြေး"

ကျွန်တော်တို့နှစ်ယောက်ကလည်း ပြေးလာပြီး အသံကုန်ဟစ်၍ ဒန်းညွန့်ကိုပြေးရန် အော်ပြောကြသည်။

ဒီမှာပဲ ဘကြံနှင့် အောင်ခကြီးတို့ကလည်း ပြေးဝင်လာနေ ကြသည်။

"ဘခက် ... ဘခက် ... မလုပ်နဲ့"

"ဟော့ကောင် ... ဘခက် မရိုက်နဲ့"

"ဖောင်း ..."

"ထုံး ..."





"ခွမ်း ..."

"အားမလေးဗျ ... အား ..."

ကျွန်တော်တို့နှစ်ဖွဲ့ ဘယ်ညာဟစ်၍ တားနေအော်နေ သတိ ပေးနေချိန်မှာပဲ ငမူးဘခက်သည် ဝါးရင်းတုတ်ကို စုံမြှောက်ကာ အရူး ကျောက်သူဌေးဒန်းညွန့်ရဲ့ ဦးခေါင်းကို အသားကုန် ရိုက်ချလိုက်သည်။

ဝါးရင်းတုတ်သည် ဒန်းညွန့်ရဲ့ဦးခေါင်းပေါ်သို့ အရှိန်ပြင်းစွာ ဘူရောက်ပြီး ဖောင်းခနဲ မြည်သွားသည်။

ဖောင်းခနဲအသံနှင့်အတူ ဒန်းညွန့်ရဲ့ဦးခေါင်း ဟက်တက်မကွဲ ဘဲ 'ထုံ' ဟူသော အသံကို ကြားလိုက်ရပြီး ဝါးရင်းတုတ်သည် ဦးခေါင်း ကိုရိုက်သည်နှင့်မတူဘဲ လေပြည့်ဘောလုံးကို ရိုက်မိပြီး အရှိန်နှင့် ပြန် ဘန်သကဲ့သို့ ပြန်ကန်ထွက်ကာ ငမူးဘခက်ရဲ့မျက်နှာနှင့် နဖူးရှိရာသို့ နောက်ပြန် (ဘက်ပြန်) ခုန်ဝင်ရိုက်မိသည်။

ကိုဘခက်မျက်နှာမှ သွေးများစီးကျပြီး တဖြည်းဖြည်း ဒူးညွတ် ၍ မှောက်လျက်လဲကျသွားလေ၏။

အောင်ခကြီးတို့က ဘခက်ကို ပြေးပွေ့ကြ၏။

ကျွန်တော်တို့က ကျောက်သူဌေး ဒန်းညွန့်ကို မေးမြန်းကြ ၏။

"သူဌေး ... သူဌေး ..."

"ကိုဒန်းညွန့် ... ဦးဒန်းညွန့် ..."

"ဘာ ... ဘာလဲ ... ဘာလဲဗျို့ ..."

"ခင်ဗျား ... ဘာ ... ဘာဖြစ်သွားလဲဟင်"

"ဗျာ ... ဘာဖြစ်လို့လဲဗျို့ ... ဟင်"

"ခင်ဗျားကို ဟိုကောင် ဝါးရင်းတုတ်နဲ့ ရိုက်လိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ငါ့ကို ... ကျုပ်ကို ရိုက်တာ ဘယ်ကိုရိုက်တာလဲ ဟင်"

"ခင်ဗျားခေါင်းကို ရိုက်လိုက်တာဗျား ဘာဖြစ်သွားလဲ ... ကြည့်စမ်း"

အရွှေးဒန်းညွန့်က သူ့ဦးခေါင်းကို လက်ဝါးနှင့်စမ်းကြည့်၏။

"ဘာဖြစ်သွားလဲ"

"ဘာမှမဖြစ်ပါဘူးဗျို့"

"ဟင် ... မနာဘူးလား ကိုဒန်းညွန့်"

"နာပါဘူးဗျို့"

"ဘုရားရေ ... အံ့ရောဗျာ"

နောက် ကျွန်တော်တို့က ကိုဒန်းညွန့်ခေါင်းကို သေသေချာချာ စစ်ဆေးနှိပ်ကြည့်၏။ မူးနေလားဟု မေးကြည့်၏။ ကိုဒန်းညွန့် ဘာဆို ဘာမှမဖြစ်သည်ကို အံ့ဖွယ်ဖြစ်နေရလေ၏။ ဆန်းလေစွ။

သို့နှင့် စကားမေးမရဖြစ်နေသည့် ငမူးဘခက်ကို သွားကြည့် လိုက်သောအခါ ဘခက်မျက်လုံးအိမ်နှင့် နဖူးမှ သွေးများ ချင်းချင်းရဲနေ ပြီး ရင်ဘတ်ပေါ်သို့ နေရှိန်နှင့် စီးကျနေသည်ကို မြင်မကောင်းအောင် တွေ့လိုက်ရလေသည်။

✿ ✿ ✿

[ ၆ ]

❑

နောက်နေ့ရောက်တော့ ဆေးရုံတင်လိုက်ရသည်။ ငမူးဘခက် ရဲ့အခြေအနေကို ကျွန်တော်တို့အားလုံး မကြားရက်ဘဲ ကြားလိုက်ရ တော့သည်။

ဘခက်၏မျက်လုံးနှစ်လုံး လုံးဝကို အမြင်ကွယ်လုလု ဖြစ်သွား ခဲ့သည့်သတင်း။ ကျောက်သူဌေးဒန်းညွန့် ဦးနှောက်သွေးခဲ၍ အတွင်း ကြေကြေပြီး သေရော့သလားဟု စူးစမ်းနေချိန်မှာပဲ ...

အရွှေးကျောက်သူဌေး ဒန်းညွန့်ကား လမ်းတကာနှင့် သောင် ပြင်မှ ကျောက်စရစ်လုံးများကို လွယ်အိတ်နှစ်လုံး အပြည့်ကောက်ပြီး ချိုင့်ကွက်အပြင်ရှိ ရွှေပေါင်းဘုရားငုတ်တိုရှေ့က ကျောက်စရစ်ပုံမှာ ညှားသွားပုံနေဆဲရှိသည်ကို ကျွန်တော်တို့အားလုံး မြင်လိုက်ရခြင်းကား-

မောင်ညိုမှိုင်း(သန့်လျှင်)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

တစ်နေ့တွင် ကျွန်ုပ် အကျဉ်းဦးစီးဌာနမှ သူငယ်ချင်းဖြစ်သူ ပုသိမ်ထောင်အုပ်စု ညွှန်ကြားရေးမှူးဦးသန်းစိုး၏ ကားကြီးဖြင့် ပုသိမ်မြို့သို့ အလည်လိုက်ဖြစ်သည်။ ကားဆရာက အကျဉ်းဦးစီးဌာနမှ တပ်ကြပ်ကြီး အဆင့်ဖြင့် အငြိမ်းစားယူထားသော ကိုမောင်မောင် ဖြစ်သည်။

ကျွန်ုပ်တို့ ညွှန်မှူးဦးသန်းစိုး၏ MAZDA JEEP ကားကလေး ဖြင့် (၃)ဦးတည်း ထွက်ခွာလာခဲ့ကြရာ ညောင်တုန်းမြို့အနီးတွင် ဦးသန်းစိုး ၏ ညွှန်မှူးရုံးမှ TOYOTA COMFORT ကားပျက်နေသည်နှင့် ကြုံ သည်။ COMFORT ကားမှာ မည်သို့ဖြစ်မှန်းမသိ၊ ကားဆရာများလည်း ဖြင်မရ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့ဖြင့်လည်း မနီးသဖြင့် MAZDA JEEP ကားဖြင့် ဆွဲခဲ့ရတော့သည်။ ထို့ကြောင့် ခရီးကမတွင်။ ပုသိမ်မြို့ညွှန်မှူးဦးသိန်းစိုး အိမ်ရောက်တော့ ည (၇)နာရီခန့်ပင် ရှိချေပြီ။ ကျွန်ုပ်တို့အား ညွှန်မှူးကတော်က ရောက်ရောက်ချင်း ညစာကျွေးသည်။

စားသောက်ပြီးတော့ ကျွန်ုပ်နှင့် ကားဆရာကိုမောင်မောင်တို့ ထောင်ဝင်းအပြင်ဘက်ထွက်၍ လမ်းလျှောက်ကြရင်း လမ်းမကြီးဘေး သမိန်ထောဟူသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။ လက်ဖက်ရည်ဆိုင်မှာ အတန်ငယ်ကျယ်ဝန်းပြီး စားဖွယ်စုံရသည်ဟု ဆိုသည်။ သို့သော် ညအချိန်ဖြစ်၍ လူကတော့ ခပ်ကျဲကျဲပင်။

"ဆရာတို့ ဘာသုံးဆောင်ကြမလဲ အမိန့်ရှိပါ"

ခေါင်းတုံးဆံပင်နှင့် အသားညိုညို၊ အရပ်တန်တန် လူတစ်ဦးက ကျွန်ုပ်တို့စားပွဲနားရောက်လာ၍ မေးမြန်းသည်။ ကျွန်ုပ် ထိုသူအား မြင်ဖူးသည်။ သို့သော် ရုတ်တရက် စဉ်းစား၍မရပါ။

"စာရေးဆရာကြီး ဘာစဉ်းစားနေတာလဲ။ ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်။ ကျွန်တော် သမိုင်းလက်ဖက်ရည်ဆိုင်က ဝင်းကြိုင်ပါဆရာ။ မှတ်မိပြီလား"

"ဩော် ... ဟုတ်ပါရဲ့ ကိုဝင်းကြိုင်ရယ်၊ ကျွန်တော် ခင်ဗျားကို မြင်ဖူးပါတယ်ဆိုပြီး စဉ်းစားနေတာ။ အခု ဒီကိုပြောင်းလာတာလား"

"ကျွန်တော်က ဒီသမိန်ထောဆိုင်တစ်လှည့်၊ သမိုင်းက ညောင်ရမ်းမင်းသမီးဆိုင်တစ်လှည့် ပြောင်းပြီး ကြီးကြပ်နေရတာပါ ဆရာရယ်။ နှစ်ဆိုင်စလုံးက ကျွန်တော်ပိုင် ဆိုင်တွေချည်းပဲ"

"အေးဗျာ ... တွေ့ရတာ ဝမ်းသာပါတယ်။ ဒါနဲ့ ခင်ဗျားဆိုင်





တွေနာမည်က ရှေးခေတ်ရာဇဝင် ဆန်နေသလိုပဲ။ ဘယ်လိုပတ်သက်ပြီး နာမည်ပေးထားတာလဲ"

"ကျွန်တော်က ဖျာပုံမြို့နယ်၊ သမိန်ထောရွာသားပါ ဆရာ။ ရှာတော်ရှင်က အိပ်မက်ပေးပြီး လမ်းညွှန်မ,စလို့ လက်ဖက်ရည်ဆိုင်တွေဖွင့်ပြီး ကြီးပွားလာတာပါ။ ဖျာပုံမြို့မှာလည်း ကျွန်တော် ဆိုင်ဖွင့်ထားတဲ့ သမိန်ဗရမ်းဆိုတဲ့ လက်ဖက်ရည်ဆိုင်ကြီး ရှိပါသေးတယ်"

"ဩော် ... သမိန်ဗရမ်းတဲ့လား။ မွန်သူရဲကောင်းပဲ။ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်လဲ၊ ခင်ဗျားက ညောင်ရမ်းအဲနွယ်တော်ဝင်တွေလား"

"မဟုတ်ရပေါင် ဆရာရယ်။ ကျွန်တော်က သမိန်ထောရွာမွေးတဲ့ ရိုးရိုးရွာသားပါ။ ရှာတော်ရှင်နဲ့ပတ်သက်ပြီး ရှာတော်ရှင်က မ,စလို့ ရှာတော်ရှင်ကိုဂုဏ်ယူပြီး လက်ဖက်ရည်ဆိုင်နာမည်တွေကို မှည့်ထားတာပါ"

"ရှာတော်ရှင်ကရော အမည်ရှိသလား။ ဘယ်လိုခေါ်ပါသလဲ"

"ရှာတော်ရှင်ကို ညောင်ရမ်းမင်းသမီးလို့ပဲ သိရတယ်။ ညောင်ရမ်းမြို့စားမင်းသမီး ကွယ်လွန်လို့ ရှာတော်ရှင်နတ်ဖြစ်လာတာပဲ။ ရှာတော်ရှင်က အလွန်မ,စတယ်။ ဆုတောင်းတိုင်းလည်း ကူညီလို့ပြည့်တယ်။ ဖျာပုံမြို့နယ်မှာတော့ နာမည်အလွန်ကျော်စောတယ်။

နောက်ပြီး စစ်သူကြီး သမိန်ဗရမ်းဆိုတာကလည်း ကျွန်တော်တို့ သမိန်ထောရွာသားပဲ။ ဒါကြောင့် ကျွန်တော်က သမိန်ထောရွာနဲ့ ပတ်သက်တဲ့ ကျေးဇူးရှိသူ၊ နာမည်ကြီးသူတွေကို ဂုဏ်ယူပြီး နာမည်တွေပေးထားတာပါဆရာ"

"စစ်သူကြီး သမိန်ဗရမ်းနဲ့ ညောင်ရမ်းမင်းသမီးက ဘုရင်ပေး



www.burmeseclassic.com

www.burmeseclassic.com



စားလို့ရတဲ့ လင်မယားဗျ။ ရာဇဝင်ဇာတ်ကြောင်းကို ခင်းရရင်တော့ အချိန်နည်းနည်းကြာမယ်။ ဆရာတို့ အချိန်ရရဲ့လား။ ကျွန်တော်က တော့ ညစာစားပြီးပြီ။ ည (၁၀)နာရီလောက် ဆိုင်သိမ်းပြီးတာနဲ့ အိပ်ရာ ဝင်ရုံပဲ။ ဆိုင်မှာလည်း အလုပ်သမားတွေရှိတော့ မျက်နှာလွှဲနိုင်ပါတယ်။ ဟိုကောင်တာမှာထိုင်နေတာက ကျွန်တော့်သမီးပါ''

''ကျွန်တော်ကလည်း ဒီမြို့ကိုလာလည်တဲ့ ဧည့်သည်ပါဗျာ။ ဘာအလုပ်၊ ဘာတာဝန်မှ မရှိပါဘူး။ ညစာလည်း စားပြီးပါပြီ။ အချိန် လည်းရပါတယ်။ ကဲ . . . ကိုဝင်းကြိုင်ခင်းမဲ့ ရာဇဝင်ဇာတ်ကြောင်းကို နားထောင်ရအောင်ဗျာ''

''ကဲ . . . ဒါဆိုရင်လည်း ကျွန်တော်ပြောပြပါ့မယ်။ ကျွန်တော် ပြောမဲ့ ညောင်ရမ်းမင်းသမီး ဇာတ်လမ်းကတော့ ကျွန်တော့် အဘိုး၊ အဘွား၊ အမေတို့ အိပ်ရာဝင်ပုံပြင်လို ပြောပြခဲ့တဲ့ဇာတ်လမ်းပါ။ သမိုင်း အထောက်အထားတချို့လည်း ရှိပါတယ်။

ဒါပေမဲ့ ကျွန်တော်က ဘွဲ့ရ၊ ခေတ်ပညာတတ်မဟုတ်တော့ သမိုင်းအထောက်အထားနဲ့ လွဲချင်လည်းလွဲပေလိမ့်မယ်။ ကျွန်တော်ဆို လိုချင်တာက ကျွန်တော်ကြားဖူးသလို မြင်ဖူး၊ ကြုံဖူးသလိုပဲ ပြောပြ မှာပါ။ အမှားပါရင်လည်း ခွင့်လွှတ်စေလိုပါတယ်။

ဒါပေမဲ့ ကျွန်တော်ပြောမယ့် ဇာတ်လမ်းဟာ ကျွန်တော်တို့ရွာ သမိန်ထောနဲ့ပတ်သက်နေပြီး ရွာပတ်ဝန်းကျင်မှာလည်း အထောက် အထားတွေ ကျန်ခဲ့တဲ့အပြင် ကျွန်တော်ကိုယ်၌ကိုလည်း ရွာတော်ရှင် ဖြစ်နေတဲ့ ညောင်ရမ်းမင်းသမီးက အိပ်မက်ပေးလို့ အခုလို ချမ်းသာ လာတာပါဆရာ''

✿ ✿ ✿

[ ၂ ]

❑

''ဇာတ်လမ်းက ဒီလိုပါဆရာ''

''ကျွန်တော့်တို့ လွတ်လပ်ရေးရခါစ ရောင်စုံသူပုန်တွေ မြစ်ဝ ကျွန်းပေါ်ဒေသမှာ သောင်းကျန်နေကြချိန် (၁၉၄၉) ခုနှစ်ဦးပိုင်းမှာ သမိန်ထောရွာမှာ မွေးခဲ့တာပါ။

သမိန်ထောရွာဆိုတာက ရွာတန်းရှည်ကြီးပါ။ သမိန်ထောကုန်း တန်း၊ သမိန်ထောသိန်ကုန်းဆိုပြီး ရွာကြီးနှစ်ရွာဆက်နေလို့ သူကြီး နှစ်ပိုင်ရွာကြီးပေါ့။ အိမ်ခြေက (၂၀၀၀) ကျော်ရှိတယ်။ လယ်သမားနဲ့ ရေလုပ်သားတွေ အဓိကနေထိုင်ကြပြီး စီးပွားရေးကောင်းမွန်ပြီး အလွန် စည်ကားကြွယ်ဝတဲ့ ရွာကြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရွာဦးမှာ ဘုန်းတော်ကြီးကျောင်းနဲ့ ရွာတည်စက တူးထားတဲ့ တစ်ကေခွဲလောက်ကျယ်တဲ့ သောက်သုံးရေကန်ကြီးရှိတယ်။ ကြာဖြူ ကြာနီတွေပွင့်နေလို့ အလွန်တင့်တယ်တဲ့ ရေကန်ကြီးပါပဲ။ ရေကန်ကြီးကို ညောင်ရမ်းမင်းသမီး အဓိဋ္ဌာန်နဲ့တူးခဲ့တာလို့ ဆိုတယ်။

နွေ၊ မိုး၊ ဆောင်း ရေမခန်းဘူး။ ကန်ထဲမှာလည်း လူ့ခန္ဓာကိုယ်လောက်ကြီးမားတဲ့ ကျွဲငါးပတ်ကြီးရှိတယ်။ ငါးပတ် (ငါးဘတ်)ငါးဆိုပေမဲ့ သူက လူသားမစားဘူး။ ပေါက်ပေါက်ဆုပ်နဲ့ ကန်စွန်းရွက်ပဲစားတယ်။ ကန်ကြီးအနီးအနားမှာလည်း ညောင်ရမ်းမင်းသမီး တည်ထားကိုးကွယ်ပြီး ရသေ့ကြီးဦးခန္တီ ပြုပြင်ထားတဲ့ ဖောင်တော်ဦးဘုရားလည်းရှိတယ်။ အလွန်သပ္ပာယ် ကြည်ညိုစရာကောင်းပါတယ်။

နွေကြီးရက်ကြီး လပြည့်လကွယ်နေ့တွေမှာ ရောင်ခြည်တော် လွှတ်တတ်လို့ ကျွဲငါးပတ်ကြီးက အဲဒီနေ့တွေမှာ ကန်ထဲက ပေါ်လာတတ်တယ်။ ကျွန်တော်တို့လည်း မြင်ဖူးခဲ့တယ်။ လူကိုလည်းမကြောက်ဘူး။ ယဉ်တယ်လို့ဆိုရမှာပေါ့။ လူတွေကျွေးသမျှ အကုန်စားတာပဲ။

ဆရာတော် အဆိုအမိန့်အရတော့ ဘုရားဖူးလာတာတဲ့။ ကျန်တဲ့ရက်တွေမှာ ကျွဲငါးပတ်ကြီးက ဥပုသ်စောင့်တယ်လို့ ပြောတယ်။ ဒါကြောင့် ပေါ်မလာတာတဲ့။ အတော်လည်းအသက်ရှည်တဲ့ အကောင်ကြီးပါဘဲ''

ကျွန်တော်တို့ သမိန်ထောရွာမှာ သစ်တံခါးပါတဲ့ ကုက္ကိုပင်ကြီး နှစ်ပင်လည်း ရှိတယ်ဆရာ။ တစ်ပင်က ရွာအဝင်ဝ အရှေ့တံခါးနားမှာ။ တစ်ပင်က ရွာနောက်ဘက် အထွက်တံခါးနားမှာ။ သစ်တံခါးဆိုတာ ဂမ္ဘီရဆန်တယ်ဆရာ။ ရွာကို ကောင်းကျိုးပြုတယ် ဆိုရမှာပေါ့။ ကျွန်တော်တို့ရွာကို ဓားပြဝင်ဖူးပေမဲ့ မိတာချည်းပဲ။ သူခိုးသူဝှက်လည်း





မရှိဘူး။ နွေကြီးရက်ကြီးဆိုရင် ရွာဦးကျောင်းမှာ ဥပုသ်စောင့်ကြတာ တစ်ရွာလုံးနီးပါးပဲ။

ရွာဦးကျောင်းဆရာတော်က ဦးခန္တီ။ ထွက်ရပ်ပေါက်ဆရာတော်လို့ နာမည်ကြီးတယ်။ သက်တော်ကလည်း (၈၀) ကျော်ပြီ။ ငှက်တွေပြောတဲ့ မာဂဓစကားကိုလည်း နားလည်တယ်။ တချို့ကတော့ ဆရာတော်ဟာ အသက်ကြီးလို့ သူငယ်ပြန်နေပြီလို့ ပြောကြတယ်။

ဘာကြောင့်လဲဆိုတော့ နွေကြီးရက်ကြီးမဟုတ်တဲ့ ကြားရက်တွေမှာ ဆရာတော်ဟာ ကျောင်းသားတွေ၊ ကိုရင်တွေနဲ့ တူတူပုန်းတမ်း ကစားလေ့ရှိတယ်။ ဆရာတော်ပုန်းရင် ဘယ်သူမှရှာမရဘူး။ ပန်းပေးမှ ဆရာတော်က အနီးအနားက ထွက်လာတတ်တယ်။

ဆရာတော် လိုက်အလှည့်မှာတော့ ဘယ်သူမှ လုံအောင်ပုန်းလို့မရဘူး မိတာချည်းပဲ။ နောက်ပြီး ဆရာတော်က အင်္ဂရုတ်ထိုးတယ်။ သူ့ဓာတ်လုံးနဲ့ ဆေးကုပေးသေးတယ်။ ရောဂါအတော်များများ ပျောက်ကြတယ်။ ဒါကြောင့် ဆရာတော့်ကျောင်းမှာ ဆွမ်း၊ ကွမ်း၊ ဆေး အစစ အရာရာ ပြည့်စုံတယ်။

ဆရာတော် ပျံလွန်ခါနီးတော့ ခေါင်းလောင်းထိုးပြီး ကြေးစည်ခေါက်ခိုင်းတယ်။ နောက်ပြီး ထူးဆန်းတဲ့ အမှာစကားကိုလည်း မိန့်ကြားခဲ့တယ်။ သူပျံလွန်တော်မူရင် ရင်မခွဲနဲ့၊ မီးမရှို့နဲ့။ အနောက်စူးစူးက ဘုန်းကြီးတစ်ပါးနဲ့ လူတစ်ယောက် လာလိမ့်မယ်။ သူ့ရုပ်ပနကို အဲဒီပုဂ္ဂိုလ်တွေက ဦးဆောင်ပြီး လုပ်သွားလိမ့်မယ်လို့ မိန့်ခဲ့တယ်။

တကယ်ပဲ ဆရာတော် ပျံလွန်တော်မူတဲ့ မနက်ခင်းမှာပဲ အနောက်အရပ် ရွာတံခါးပေါက်က ဘုန်းကြီးတစ်ပါးနဲ့ လူစိမ်းတစ်ဦး ရွာထဲကိုဝင်လာတယ်။ ရွာလူကြီးတွေကလည်း ဆရာတော်မှာတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော့်ရုပ်ကလာပ်ကို အပ်တယ်။ ရုပ်ကလာပ်ကို ပြင်ဆင်ပြီးထားတုန်း ရွာကာလသားတွေက ဆရာတော် အမြဲတမ်းဆောင်ထားပြီး ဆေးကုတဲ့ ခါတ်လုံးကို ဆရာတော့်အခန်းထဲမှာ နေရာအနှံ့ရှာကြတယ်။ မတွေ့တော့ လူတွေအလစ် ညဘက်မှာ ဆရာတော် ခါတ်လုံးကို မြှုပ်ထားတယ်အထင်နဲ့ ရင်ခွဲပြီးရှာကြတယ်။

အလောင်းက သွေးစိမ်းရှင်ရှင်တွေသာ ထွက်လာတယ် ခါတ်လုံးကို မတွေ့ရတော့လို့ လက်လျှော့ကြရတယ်။ ဒါကြောင့် ဆရာတော့်ကို ခါတ်လုံးပေါက်မြောက်အောင်မြင်လို့ အသေထွက်လို့ ပြောကြပြန်တယ်။

ဆရာတော့်အလောင်းကို မီးမရှို့နဲ့ဆိုတဲ့အတိုင်း ဘုန်းတော်ကြီးကျောင်းနဲ့ ကြာကန်ကြီးအနီးမှာပဲ (၉) တောင်ပြည့်စေတီတည်ပြီး ဂူသွင်းမြှုပ်နှံထားလိုက်တယ်။ (၇)ရက်ထားပြီး မြှုပ်နှံတဲ့အချိန်အထိ ဆရာတော့်အလောင်းဟာ မပုပ်မသိုး အနံ့မထွက်ဘူး။ ဆံပင်နဲ့ မုတ်ဆိတ်တွေ ရှည်ထွက်လာတယ်လို့လည်း ပြောကြတယ်။

ထူးဆန်းပြန်တာကတော့ ဆရာတော့် ရုပ်ကလာပ်အခမ်းအနားပြီးတာနဲ့ အနောက်ဈူးရှူးကလာတယ်ဆိုတဲ့ ဘုန်းကြီးတစ်ပါးနဲ့ လူစိမ်းတစ်ဦးဟာ ပျောက်ချင်းမလှ ပျောက်သွားတာပဲ။ ကျွန်တော်တို့ရွာက အဲဒီဘုန်းကြီးနဲ့ လူစိမ်းကို အမည်နာမတောင် မသိလိုက်ကြရဘူး။ ထူးဆန်းစွာရောက်လာပြီး ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားတာပါပဲ ဆရာရယ်"

✿ ✿ ✿

[ ၃ ]

❑

ကျွန်တော်တို့ရွာ သမိန်ထောကုန်းတန်းနဲ့ သမိန်ထောသိန်ကုန်းရွာကြားမှာ သမိန်ထောချောင်းကလေးရှိတယ်။ အဲဒီချောင်းကမ်းပါးစပ် သမိန်ထောသိန်ကုန်းဘက်အခြမ်းမှာ ခရေပင်ကြီးတွေ ဝိုင်းပေါက်နေတဲ့ ရွာတော်ရှင်နတ်နန်းလည်း ရှိသေးတယ်။

ကျွန်တော် အထက်က ပြောခဲ့သလို ညောင်ရမ်းမင်းသမီးတကုန်လို့ဖြစ်လာတဲ့ နတ်နန်းပေါ့။ အလှန်လည်း ဆုတောင်းပြည့်တယ်။ သမိန်ထောရွာတင်မက ရွာနီးစပ်ချုပ်နဲ့ ဖျာပုံ၊ ပုသိမ်၊ ရန်ကုန်ကလာတောင်လာပြီး ပူဇော်ကြတယ်။ အလွန်လည်း စည်ကားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သမိန်ထောရွာနာမည်ကြီးတာက အဲဒီဂမ္ဘီရဆန်တဲ့ အဖြစ်အပျက်တွေကြောင့်ပဲ။ ဆရာလည်း ကြားဖူးမှာပါ။ ကျွန်တော်တို့ရွာပတ်ဝန်းကျင်မှာ ဂမ္ဘီရဆန်ပြီး နာမည်ကြီးတဲ့ ပြင်ဒရယ်မြို့ဟောင်း၊ ပြင်စလူ၊ ကဒုံရော၊ ကဒုံကနီ စတဲ့ ပင်လယ်ကမ်းခြေ ရွာကြီးတွေလည်း ရှိပါသေးတယ်''

''ဒါနဲ့ ကိုဝင်းကြိုင် ချမ်းသာလာတာ ရွာတော်ရှင်က မ,စတယ်ဆိုတာ ဘယ်လိုမ,စတာလဲ။ ပြောပြပါဦး''

''ဒီလိုပါ ဆရာ။ ကျွန်တော်တို့ငယ်စဉ်က အလွန်ဆင်းရဲပါတယ်။ မိဘတွေက လယ်သမားတွေပါ။ တောမှာနေပြီး လယ်ယာလုပ်တော့လည်း ဆင်းရဲတယ်ဆိုပေမဲ့ ဝမ်းတော့ဝပါတယ်။ ကျွန်တော်က ရွာတော်ရှင်နတ်ကွန်းမှာ ပန်းနဲ့အမွှေးတိုင်၊ ဖယောင်းတိုင် ရောင်းတယ်။ နေ့စဉ်ပဲ မနက်စောစောထပြီး ပန်းရောင်းတဲ့ဆိုင်ကလေးကို ခင်းတယ်။

ဝယ်သူတွေမလာသေးခင် နတ်နန်းကို သန့်ရှင်းရေးလုပ်ပြီး ရေချမ်းနဲ့ပန်းကပ်၊ အမွှေးတိုင်နဲ့ ဖယောင်းတိုင်ထွန်းပြီး ပူဇော်ပါတယ်။ ဒါတွေဟာ ကျွန်တော့်ယုံကြည်ချက်နဲ့ ကျွန်တော် ဘယ်သူမှမခိုင်းရဘဲ စေတနာပါပါ လုပ်တာပါ။ ဒါကြောင့်လားတော့မသိဘူး ကျွန်တော့်ဆိုင်ဟာ အလွန်ရောင်းကောင်းတယ်။

နတ်ကွန်းနားမှာ ဈေးတန်းလေးလိုပဲ ပန်းဆိုင်နဲ့ စားသောက်စရာ ဆိုင်တန်းလေးတွေလည်း အစုံရှိတယ်။ ပြောရရင်တော့ ကျွန်တော်တို့ သမိန်ထောရွာနှစ်ရွာအတွက် ရွာဈေးပါပဲ။ ရွာမှာ မူလတန်းကျောင်းရှိလို့ ကျွန်တော် မူလတန်းအောင်လို့ မြန်မာစာ အရေး၊ အဖတ်၊ အတွက်တော့ တတ်ပါတယ်။ မိဘတွေက လယ်သမားမျိုးရိုးဆင်းရဲ





ကြတော့ ဖျာပုံလို မြို့ကြီးသွားပြီး အထက်တန်းအဆင့်ကို မသင်နိုင်ခဲ့ပါဘူး''

''ဒါကြောင့် ကျွန်တော် ရွာတော်ရှင်နတ်နန်းမှာ ဆုတောင်းတာကတော့ ချမ်းသာအောင် မ,စဖို့ပါပဲ။ လေးငါးနှစ်တိုင်အောင် နေ့စဉ်ဆုတောင်းခဲ့ပေမဲ့ ကျွန်တော့်ပန်းဆိုင်ကလေး ရောင်းကောင်းတာကလွဲပြီး အလုံးအခဲနဲ့ မရခဲ့ပါဘူး ဆရာရယ်။

ငါးနှစ်ပြည့်တဲ့ တစ်နေ့မှာတော့ ရွာတော်ရှင် ညောင်ရမ်းမင်းသမီးဟာ နားပူလို့ပဲလား ကျွန်တော့်ကို သနားလို့ပဲလားတော့ မသိပါဘူးဆရာရယ် ကျွန်တော့်ကို အိပ်မက်ပေးတယ်။ သမိန်ထောရွာနဲ့ (၄)မိုင်ဝေးတဲ့ မင်းကတော်ကန်ဆိပ်ရွာအနား ကမာဘိုလို့ခေါ်တဲ့ ဆုတောင်းပြည့်ဘုရားဝန်းကျင်မှာ သူတို့စစ်ပြေးတုန်းက ရတနာအိုး မြှုပ်ထားတယ်။ တူးယူလို့ ပြောတာပါပဲ။

အိပ်မက် အလွန်ထူးဆန်းတယ် ဆရာ။ အိပ်မက်ထဲမှာ အလွန်လှပချောမောပြီး နန်းဝတ်နန်းစားနဲ့ အမျိုးသမီးတစ်ယောက်နဲ့ ဆုံရတယ်။ သူပြောတာကို ကျွန်တော်အခုအချိန်အထိ မှတ်မိနေသေးပါတယ်။ အိပ်မက်ထဲမှာ . . .

''ငါ့သားတဲ့ . . . မင်းကို ဆင်းရဲလွန်းလို့ မ,စမယ်။ ဒါပေမဲ့ အိပ်မက်အကြောင်းကို ဘယ်သူ့မှမပြောရဘူး။ တူးရင်လည်း တစ်ယောက်တည်းတူးရမယ်။ တူးရမဲ့အချိန်က လပြည့်ရက် ည (၉)နာရီတဲ့''

လို့ပြောပြီး သူမဟာ ရွာတော်ရှင် ညောင်ရမ်းမင်းသမီးဖြစ်ကြောင်းနဲ့ တူးရမယ့်အခြေအနေ အသေးစိပ်ကို အသေအချာပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိပ်ရာကနိုးတော့ ရွာတော်ရှင်ပြောသွားတဲ့ အသေးစိပ်အချက်အလက်တွေကိုတောင် အကုန်မှတ်မိနေသေးတယ်။ မင်းကတော်ကန်ဆိပ်ရွာနဲ့ ကမာဘို ဆုတောင်းပြည့်ဘုရားဟာ ကျွန်တော်တို့ရွာနဲ့ အတော်လှမ်းပေမဲ့ ငယ်စဉ်က မကြာခဏရောက်ခဲ့တဲ့ နေရာပါ။

လယ်ကွင်းနဲ့ တောစပ်မို့ ငှက်အလွန်ပေါတယ်။ ဒါကြောင့် ကျွန်တော်တို့ သူငယ်ချင်းတစ်စု မကြာခဏရောက်ခဲ့တဲ့ နေရာပေါ့။ ဒါကြောင့်လည်း ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ကျွန်တော်သိနေတယ်။ ဒါပေမဲ့ ရွာတော်ရှင်မညွှန်ပြတဲ့အချက်က အလွန်ထူးဆန်းသလို ဘယ်နေရာဖြစ်မလဲဆိုတာကို ကျွန်တော် မမှန်းဆတတ်ဘူး။ လက်တွေ့တူးမှသိရမဲ့ အခြေအနေပါ။

အဲဒါနဲ့ပေါ့ ဆရာရယ်၊ လပြည့်နေ့ (သီတင်းကျွတ်လပြည့်နေ့) ရောက်အောင် ကျွန်တော် အတော်ကြာအောင် စောင့်ရပါတယ်။ ညရောက်တော့ ညစာစားပြီးတာနဲ့ လွယ်အိတ်ထဲကို လောက်လေးခွ၊ လောက်စာလုံး၊ သောက်ရေပုလင်းနဲ့ လက်နှိပ်ဓာတ်မီးကိုထည့် တူးရွင်းတစ်လက်ကိုထမ်းပြီး အိမ်ကထွက်ခဲ့တယ်။

ရွာမှာတော့ သီတင်းကျွတ်လပြည့်နေ့ မီးထွန်းပွဲ၊ ဘုန်းတော်ကြီးကျောင်းကို သစ်သီးဆွမ်းတော်ကြီးတင်ပွဲအတွက် အလုပ်ရှုပ်နေကြချိန်ပေါ့။ လူကြီးတွေ အလုပ်ရှုပ်နေကြချိန်ဖြစ်လို့ ကျွန်တော့်အတွက် အခွင့်ကောင်းပါပဲ။ ရွာတော်ရှင် အမှာတော်ရှိသလို ဘယ်သူ့မှလည်း အသိမပေး။ ဘယ်အပေါင်းအသင်းကိုမှလည်း မခေါ်ဘဲ တစ်ဦးတည်း ထွက်ခဲ့တာပါ။

ရွာကထွက်တော့ ရွာတော်ရှင်နတ်နန်းမှာ ဖယောင်းတိုင်၊





အမွှေးတိုင်နဲ့ ပူဇော်ပြီး အသိပေးခဲ့ပါသေးတယ်။ ကျွန်တော့်ကို ကူညီစောင့်ရှောက်ဖို့ မေ့မှာစိုးလို့ တိုင်တည်ခဲ့တာပါ။ ကျွန်တော်တို့ရွာနဲ့ မင်းကတော် ကန်ဆိပ်ရွာခရီးက လှည်းလမ်း၊ တောလမ်းပါပဲ။ လမ်းလျှောက်ရင် နေ့ဘက်မှာတောင် တစ်နာရီကျော်ကျော် လျှောက်ရတယ်။

ညဘက်ဆိုတော့ ခြေခင်း၊ လက်ခင်းမသာတာကြောင့် ပိုလို့ကြာပါတယ်။ လမ်းမှာ လယ်ကွင်းကိုဖြတ် တောလမ်းကိုလျှောက်၊ ချောင်းငုတ်တားတွေကိုကျော်ပြီး တဖြည်းဖြည်းလျှောက်ရတာပါ။ လပြည့်ညဖြစ်လို့ တော်ပါသေးရဲ့။ လမင်းကြီးက စောစောထွက်ပြီး လမ်းပြနေတယ်လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

လမင်းကြီးကသာပေမဲ့ တောလမ်းခရီး ပတ်ဝန်းကျင်ကတိတ်ဆိတ်နေတော့ တစ်ယောက်တည်းဖြစ်လို့ အတော်တော့ ချောက်ချားသားဗျ။ ဒါပေမဲ့ ရွာတော်ရှင် စောင့်ရှောက်နေတယ်ဆိုတဲ့ ယုံကြည်မှုနဲ့ ကျွန်တော် အဲဒီညက သတ္တိတွေ အလွန်ကောင်းနေပါတယ်။

ပတ်ဝန်းကျင်က တိတ်ဆိတ်နေတယ်ဆိုပေမဲ့ လယ်ကွင်းကိုဖြတ်ရင် တစ်တီတူးတွေက အော်မြည်နေပြီး တောတန်းတွေကိုဖြတ်ရင်တော့ ဇီးကွက်နဲ့ ပုစဉ်းရင်ကွဲအော်သံတွေကို ကြားနေရပါတယ်။ သွားဖူးနေတဲ့လမ်းဖြစ်လို့ လမ်းတော့မမှားပါဘူး။ တစ်နာရီလောက်ကြာတော့ မင်းကတော်ကန်ဆိပ်ရွာကလေးကို မီးရောင်လက်လက်နဲ့ လှမ်းမြင်ရပါတယ်။





ကျွန်တော်ဆက်သွားပြီး ရွာလယ်လမ်းအတိုင်း ရွာထဲကိုဝင်တယ်။ အသိအိမ်တွေရှိပေမဲ့ မဝင်တော့ပါဘူး။ ရွာအနောက်ဖျားကို ဆက်လျှောက်ခဲ့တယ်။ ကမဘို ဆုတောင်းပြည့်ဘုရားလေးက ရွာအနောက်ဖျား သချိုင်းကုန်းမှာ ရှိတာလေ။

အဲဒီအချိန်က မင်းကတော်ကန်ဆိပ်ရွာဟာ ကျွန်တော်တို့ရွာအမိန့်ယောလောက်မကြီးသလို မစည်လည်း မစည်ကားပါဘူး။ အိမ်ခြေလည်း နည်းပါတယ်။ လပြည့်နေ့ဖြစ်ပေမဲ့ မီးထွန်းပွဲလုပ်ပုံမရဘူး။ ရွာက တိတ်ဆိတ်နေတယ်။ အိမ်တွေရှေ့ ရွာလမ်းမပေါ်မှာတော့ သာသာ ကလေးတွေ ဆော့ကစားနေကြတယ်။

ကျွန်တော်လည်း ဆက်လျှောက်ခဲ့ပြီး ရွာအနောက်ဘက်က တစ်ဆင့် ရွာအပြင်ကိုထွက်ခဲ့တယ်။ ရွာကနေဘုရားကို သွားရာလမ်းကတော့ ဖုန်နေတာပါပဲ။ ဘုရားရင်ပြင်တော်ပေါ်မှာလည်း အမျိုးသမီးအချို့ကို တွေ့ရတယ်။

ဘုရားကို ဆီမီးပူဇော်ပြီး ပန်း၊ ရေချမ်း ကပ်နေကြတာပါ။ ကျွန်တော်လည်းရောယောင်ပြီး ဖယောင်းတိုင်နဲ့ အမွှေးတိုင်ပူဇော်ရင်း ချောင်ကျတဲ့ထောင့်တစ်ခုမှာ အသင့်ပါလာတဲ့ စိပ်ပုတီးကို ထိုင်စိပ်နေလိုက်တယ်။ ဒါပေမဲ့ နာရီကိုကြည့်မိတော့ ည (၈)နာရီသာသာ ရှိပါသေးတယ်။ ည ၈ နာရီခွဲတော့ ဘုရားပေါ်မှာ လူရှင်းသွားပြီ။

ကျွန်တော်လည်း ပုတီးစိပ်ခြင်းအမှုကိုရပ်ပြီး ရွာတော်ရှင်မနှင့်တကွ၊ ဘုရားအစောင့်များ၊ ပတ်ဝန်းကျင် ဘုမ္မစိုး၊ ရုက္ခစိုး၊ တောစောင့်နတ်၊ တောင်စောင့်နတ်ကို မေတ္တာပို့ပြီး ထိုင်ရာကထတယ်။ ဘုရားမှာတပ်လှူပူဇော်ထားတဲ့ ဖယောင်းတိုင်မီးတွေလည်း ငြိမ်းပြီဖြစ်ပေမဲ့ ပတ်ဝန်းကျင်မှာ သီတင်းကျွတ်လပြည့်ည လရောင်ကြောင့် လင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကမာဘို ဆုတောင်းပြည့်စေတီနဲ့ လယ်ကွင်းခြားပြီး တစ်ဖက်တောတန်းကတော့ ရွာသချိုင်းကုန်းပါပဲ။ မှောင်မဲပြီး တိတ်ဆိတ်နေတယ်။ ည (၈း၄၅) နာရီမှာတော့ ကျွန်တော် အသင့်ပြင်တယ်။ အဲဒီအချိန်မှာပဲ သချိုင်းကုန်းဘက်က ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအူသံကြီးကို ရင်သိမ့်တုန်အောင် ကြားလိုက်ရလို့ ကျွန်တော် ကျောချမ်းသွားမိတယ်။

ဒါကြောင့် ရွာတော်ရှင် ညောင်ရမ်းမင်းသမီးကို တိုင်တည်ပြီး ဘုရားရင်ပြင်တော်ပေါ်က ဆင်းခဲ့ပါတယ်။ လယ်ကွင်းထဲက စပါးပင်တွေက မရိတ်သိမ်းရသေးဘူး။ ဖုံးတုန်းလုံးတုန်းပါပဲ။ ဒါကြောင့် အိပ်မက်ထဲမှာ ရွာတော်ရှင်မှာထားတဲ့အတိုင်း ဘုရားထီးတော် စိန်ဖူးတော် ကျရာအရိပ်ကို လိုက်ကြည့်တယ်။

ည (၉)နာရီ ထိုးတော့မှာဖြစ်လို့ စိန်ဖူးတော်အရိပ်က လယ်ကန်သင်းရိုးကိုကျော်ပြီး လယ်ကွင်းထဲက စပါးတောထဲကို ကျနေတယ်။ ရေစပ်စပ်ရှိတာမို့ လယ်ကွင်းထဲမှာ စပါးပင်တွေနဲ့တူးရမှာ လွယ်မယ်မထင်ဘူး။ ကျွန်တော် (၉)နာရီတိတိ ထိုးချိန်ကို စောင့်နေတုန်း စိန်ဖူးတော်အရိပ်က တဖြည်းဖြည်းတိုးလာတယ်။

ည (၉)တိတိ ထိုးချိန်မှာတော့ စိန်ဖူးတော်အရိပ်ဟာ ကန်သင်းရိုးပေါ်ရောက်လာပြီး ဖျတ်ခနဲ အရောင်လက်သွားတယ်။ အဲဒီနေရာကိုပဲ ကျွန်တော် မှတ်သားထားလိုက်ပြီး အသင့်ပါလာတဲ့ တူးရွင်းပြားနဲ့ စိုက်ထားလိုက်တယ်။ အဲဒီအချိန်မှာပဲ ငှက်သူတော်တစ်ကောင်က 'ဂစ်'ခနဲ တစ်ချက်အော်ပြီး ကျွန်တော့်ခေါင်းပေါ်က ပျံသန်းသွားသလို သချိုင်းတွင်းက ခွေးကလည်း တစ်ချက်အူပြီး တိခနဲ အသံတိတ်သွားတယ်။





"အူး . . . ဝူး ဝူး . . . အုံ"

အချိန်ကိုက်ပဲ ဘုရားဘက်က တောက်တဲ့ကြီးအော်သံကို ကြားလိုက်ရတယ်။

"တောက်တဲ့ . . . တောက်တဲ့ . . . တောက် . . . တဲ့"

ကျွန်တော့်အနေနဲ့တော့ အချိန်ကောင်း၊ နေရာမှန်ဖြစ်ပြီလို့ သတ်မှတ်လိုက်ပါတယ်။ ဒါကြောင့် တူးရွင်းစိုက်ထားတဲ့ နှစ်ပေလောက်အကျယ် ကန်သင်းရိုးအလယ်ခေါင်ကို စပြီးတူးပါတယ်။ လပြည့်ဝန်းကြီးက မီးမောင်းထိုးပြသလို စပါးခင်းကိုကျော်ပြီး လင်းနေလို့ ကျွန်တော့်အတွက် အခွင့်ကောင်းပါပဲ။

ထိုင်ပြီးတူးနေရတာမို့ စပါးပင်တွေ အကာအကွယ်ကြောင့် ပတ်ဝန်းကျင်က ကျွန်တော့်ကို ရုတ်တရက် မမြင်နိုင်ပါဘူး။ ဒါကြောင့် စိတ်အေးလက်အေး စိမ်ပြေနပြေ တဖြည်းဖြည်း တူးရတော့တာပေါ့။

လယ်ကွက်တွေအထဲမှာ ရေကရှိသေးတော့ ကန်သင်းရိုးမြေက ပျော့ပါတယ်။ ကန်သင်းရိုးကျိုးသွားရင်လည်း နှစ်ဖက်လယ်ကွက်တွေက ရေတွေဝင်လာမှာစိုးလို့ အတော်သတိထားရပါတယ်။ တစ်ပေလောက်အနက်တူးမိတော့ ကျောက်ငုတ်တစ်ခုကို တွေ့ရတယ်။ နေရာကောင်းပြီလို့ ကျွန်တော် ယူဆလိုက်တယ်။

အဲဒါနဲ့ တဖြည်းဖြည်းဆက်တူးတော့ ကျောက်ငုတ်ဆုံးတာနဲ့ ဖြတ်လိုက်တော့ ကျောက်ငုတ်အရင်းမှာ စဥ့်အိုးမည်းမည်းကလေးတစ်လုံးကို တွေ့ရတယ်။ ကျွန်တော် တူးရွင်းနဲ့ အသာနှဲ့ထုတ်ပြီး ဖော်ကြည့်လိုက်တော့ တစ်ပိဿာဆန့် စဥ့်အိုးကလေးကို အပေါ်က ဖယောင်းနဲ့အုံပြီး ပိတ်ထားတာကို တွေ့ရတယ်။

နှစ်ပေါင်းအတော်ကြာအောင် ဖယောင်းပိတ်၊ မြေမြှုပ်ပြီးထား



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် ပိတ်ထားတဲ့ ဖယောင်းပြားကြီးက ဖန်သားလိုတင်းမာပြီး မာကျစ်နေတယ်။ ဒါကြောင့် တူးရွင်းနဲ့ ရိုက်မခွဲရဲဘဲ ကျွန်တော့်ခါး ကြားမှာဆောင်လာတဲ့ ဓားမြှောင်နဲ့ ကလော်ထုတ်တယ်၊ မရဘူး။

ဒါကြောင့် ကြေးဝါကွပ်ထားတဲ့ ဓားမြှောင်အနှောင့်နဲ့ တစ်ချက် ဆတ်ခနဲထုချလိုက်တော့မှာ ဖယောင်းသားအလယ်ခေါင်ဟာ ပင့်ကူ အိမ်လို ဖျာခနဲ ကြေကွဲသွားတယ်။ အဲဒီတော့မှ ဓားမြှောင်ဦးနဲ့ ဖယောင်း သားတွေကို တစ်စစီ ကော်ထုတ်ပစ်လိုက်ရတယ်။

ဖယောင်းသားတွေ ကုန်သွားတော့မှ ကတ္တီပါအိတ်နီကလေး နဲ့ ထည့်ထားတဲ့ အထုပ်တစ်ထုပ်ကို တွေ့ရတယ်။ ဖြေကြည့်တော့ လ ရောင်အောက်မှာ ဝင်းလက်သွားတယ်။ စိန်၊ ကျောက်၊ နီလာ၊ ပတ္တမြား တွေနဲ့ စီခြယ်ထားတဲ့ ရှေးဟောင်းရွှေထည် လက်ဝတ်လက်စားတွေပဲ။ လက်နဲ့ဆ,ကြည့်တော့ အစိပ်သားလောက် အလေးချိန်ရှိလိမ့်မယ်။ ဒါ ကြောင့် ကတ္တီပါအိတ်ကလေးနဲ့ စဥ့်အိုးကလေးကိုဖုံး၊ တူးရွင်းနဲ့ လက် ကိုရေဆေးပြီးမှ လယ်ကွက်ထဲကနေ ဘုရားရင်ပြင်တော်ပေါ်ကို ပြန် တက်ခဲ့ရတယ်။

ဘုရားရင်ပြင်တော်ပေါ်ရောက်မှ ရေသောက် အမောပြေပြီး ဘုရားကိုရှိခိုးဦးချ၊ ရှာတော်ရှင်ညောင်ရမ်းမင်းသမီးနဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ လယ်စောင့်နတ်၊ ဘုရားစောင့်နတ်တွေကို မေတ္တာ ပို့အမျှဝေ၊ ကျေးဇူးစကားဆိုမိပါတယ်။ ကျွန်တော် ပြန်ဖို့ထတော့ လ တောင် မွန်းတည့်နေပါပြီ။

လမင်းကြီးက ကျွန်တော့်ခေါင်းပေါ်တည့်တည့်မှာ ဘုရားထီး တော်အရိပ်လည်း ပျောက်သွားပါပြီ၊ အချိန်ကိုက် နေရာမှန်အောင် စီစဥ်တတ်တဲ့ ရှာတော်ရှင် ညောင်ရမ်းမင်းသမီးကိုလည်း ကျွန်တော်





အလွန်အံ့ဩပြီး ကျေးဇူးတင်နေမိပါတယ်။ ဘယ်နှယ့်ဗျာ . . . ကမ္ဘာဦး ကတည်းက ပုံမှန်လည်ပတ်နေတဲ့ နေလအရိပ်ကို နားလည်သဘော ပေါက်ပြီး ရတနာပစ္စည်းမြှုပ်နှံထားတာများ ဘယ်လောက်ချီးကျူးဖို့ ကောင်းသလဲဆရာရယ်။

နောက်ပြီး လပြည့်ညမှ သီတင်းကျွတ်လပြည့်ညကို ရွေးတာ ကလည်း အဓိပ္ပာယ်ရှိပါလိမ့်မယ်။ လုံးဝမလွဲစေရအောင် စီစဥ်ထားတဲ့ ညာရပ်ပါပဲနော်။ ကျွန်တော့်ကံကောင်းတာက သီတင်းကျွတ်ဆိုပေမဲ့ မိုးလေကင်းစင်တယ်။ အနည်းဆုံး ကောင်းကင်မှာ တိမ်တွေတော့ ရှိ နေတတ်တာကိုး။

အဲဒီနေ့ညကတော့ဗျာ . . . လပြည့်ည လမင်းကြီးကသာလိုက် တာမှ နေ့အလားပဲ။ ကျွန်တော်ဆောင်လာတဲ့ လက်နှိပ်ဓာတ်မီးတောင် သုံးစရာမလိုဘူး၊ လင်းရှင်းနေတာပါပဲ။ ကျွန်တော့်ကို ရှာတော်ရှင်မက အပြည့်အဝ အကူအညီပေးတယ်လို့ပဲမှတ်ယူပြီး ကျေးဇူးတင်လွန်းလို့ မေတ္တာပို့နေမိပါတယ် ဆရာရယ်”

အဲဒီညက ကျွန်တော်အိမ်ပြန်ရောက်တော့ အိမ်သားတွေ အိပ် နေကြပါပြီ။ ကျွန်တော်က ညဘက် အလည်ကြုံတတ်လို့ မိဘတွေ ပူပင် တန်လည်းမရှိပါဘူး။ ကျွန်တော်က နှစ်ထပ်အိမ်အောက်ထပ်မှာ အခန်း ခွဲပြီး တစ်ယောက်တည်းအိပ်တတ်တော့ သူတို့သိမှာတောင် မဟုတ်ပါ ဘူး။

ဒါပေမဲ့ အဲဒီညက ကျွန်တော် ကောင်းကောင်းအိပ်မပျော်ဘူး ဆရာ။ ဝမ်းသာလုံးဆို့ပြီး ရတနာပစ္စည်းတွေကို ဘယ်မှာဝှက်ထားရ မှန်းမသိဘူး။ နောက်ဆုံး ခေါင်းအုံးကိုဖောက် မှို့တွေထုတ်၊ ရတနာ အိတ်ကို ခေါင်းအုံးထဲထည့်အိပ်လိုက်ရတယ်။ အဲဒီတော့မှ စိုးလင်းခါ



www.burmeseclassic.com

www.burmeseclassic.com



နိုးမှာ မေ့ခနဲအိပ်ပျော်သွားတယ်။ အိပ်ပျော်တော့လည်း အိပ်မက်မက်ပြန်တယ်။

အိပ်မက်ထဲမှာ ရှာတော်ရှင်မက အရင်အိပ်မက်ထဲက ပုံစံအတိုင်းပဲ။ နန်းဝတ်နန်းစားနဲ့ ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်ပြီး ငါ့သားတော်တယ်တဲ့။ ရတဲ့ပစ္စည်းတွေကို နည်းနည်းချင်းထုခွဲပြီး သုံးပါ။ ရှာတော်ရှင်နတ်နန်းနဲ့ ကမာဘိုဆုတောင်းပြည့်ဘုရားကို သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ပါလို့ပြောတယ်။ နောက်ဆုံးမှာတာကတော့ ရတနာထည့်ထားတဲ့ စဥ့်အိုးကလေးကို ပြောင်စင်အောင်ဆေးကြောပြီး ရွှေချဖို့နဲ့ နတ်ဝင်ပေါ်မှာ သောက်တော်ရေအိုးအဖြစ် ထားရှိဖို့ပါပဲ။

နောက်တစ်နေ့မနက် (၆)နာရီလောက်မှာ ကျွန်တော် အိပ်ရာက စောစောထတယ်။ အိမ်သားတွေမနိုးခင် ရတနာစဥ့်အိုးကလေးကို ဆပ်ပြာနဲ့ အတွင်းအပြင် ပြောင်စင်အောင်ဆေးတယ်။ ပြီးတော့မှ အဝတ်သန့်နဲ့သုတ်လိုက်တော့ စဥ့်အိုးကလေးပေါ်မှာ ညောင်ရမ်းမင်းသမီးလို့ ကညစ်နဲ့ရေးထိုးထားတဲ့စာကို တွေ့ရတယ်။

ဒါကြောင့် ကျွန်တော်ကပဲ သံချွန်ကလေးတစ်ခုနဲ့ ရှေ့က ရှာတော်ရှင်ဆိုတာကို ရေးခြစ်လိုက်တော့ ရှာတော်ရှင် ညောင်ရမ်းမင်းသမီးလို့ ဖြစ်သွားတာပေါ့။ ဒါနဲ့ ရတနာစဥ့်အိုးကလေးကို ခေါင်းရင်းကစင်ပေါ်မှာ တင်ထားခဲ့ပြီး အခန်းတံခါးကိုသော့ပိတ် အစ်မတွေ၊ ညီမတွေစီစဥ်ထားတဲ့ ပန်းတွေနဲ့ ဖယောင်းတိုင်၊ အမွှေးတိုင်တွေကိုယူပြီး ဈေးရောင်းထွက်ခဲ့ရပါတော့တယ်။

နတ်နန်းဈေးရောက်တော့ ပထမဦးစွာ ဆိုင်ခင်းပြီးတာနဲ့ ရှာတော်ရှင်နတ်နန်းကို သန့်ရှင်းရေးလုပ်၊ သောက်တော်ရေလဲ ပန်းနဲ့ဆီမီး၊ အမွှေးတိုင်ပါကပ်ပြီး ပူဇော်ကန်တော့ပါတယ်။ အဲဒီနေ့က ထူးခြားတာ





တတော့ မြို့ကဧည့်သည်တွေလာပြီး နတ်နန်းကို ပူဇော်ကြလို့ ကျွန်တော့်ရောင်းကုန် ပန်း၊ ဖယောင်းတိုင်နဲ့ အမွှေးတိုင်တွေ မနက်(၉)နာရီလောက်မှာပဲ အကုန်ကုန်သွားတော့တာပါပဲ။ အရင်က တစ်နေကုန် အောင်ရောင်းရတဲ့ ပစ္စည်းတွေ မနက်ခင်းမှာပဲ ကုန်သွားတာ မထူးဆန်းဘူးလားဆရာရယ်။

ဒါကြောင့် အဲဒီနေ့က အိမ်စောစောပြန်၊ ရေမိုးချိုးပြီးတာနဲ့ နတ်နန်းဈေးမှာ စစ်ဆေးနဲ့ရွှေဆိုင်းဝယ်၊ အိမ်ပြန်အခန်းအောင်းပြီး ရတနာအိုးကလေးကို စစ်ဆေးသုတ်၊ ရွှေအဆိုင်းချတော့တာပါပဲ။ ကျွန်တော်ကိုယ်တိုင် အသေအချာလုပ်တာမို့ ရွှေချထားတာ အိနေတာပါပဲ။ ပြီးတော့ စင်ပေါ်တင်လေသလပ်ခံပြီး ထားလိုက်တော့တာပါပဲ။

အဲဒီညလည်း အိပ်မက်မက်တာပါပဲ။ ရှာတော်ရှင်က ကျွန်တော့်ကို လိုအပ်သလို ညွှန်ပြနေတာဆရာရဲ့။ ရွှေတွေကို တစ်လုံးတစ်ခဲတည်း မရောင်းနဲ့။ ရောင်းရင်လည်း မြို့ပေါ်တက်ရောင်း။ ပုသိမ်၊ ဖျာပုံ၊ နေ့ကုန်တက်ရောင်းရမယ်။

ကမာဘိုဆုတောင်းပြည့်ဘုရားကို အရင်ပြင်ဆင်ပြီးတာနဲ့ ရှာတော်ရှင်နတ်ကွန်းကို ပြင်ဆင်လို့ပြီးမှ ရွှေတက်ရောင်းတဲ့ မြို့ကြီး (၃) မြို့မှာ လက်ဖက်ရည်ဆိုင် (၃) ဆိုင်ဖွင့်ဖို့ အကြံပေးတော့တာပါပဲ။ ဒါကြောင့် ကျွန်တော် ကမာဘိုဆုတောင်းပြည့်ဘုရားကို ပြင်ဆင်ပြီး ဇရပ်ပါဆောက်တယ်။

ရှာတော်ရှင်နတ်နန်းက နတ်ရုပ်ကိုစွန့်ပြီး အိမ်မှာကိုးကွယ်တယ်။ နတ်ရုပ်အသစ်ကိုတော့ ကျွန်တော့်အိပ်မက်ထဲမှာ မက်ခဲ့တဲ့အတိုင်း တစ်သဝေမတိမ်းတူညီအောင် ပုသိမ်မြို့က ပန်းပုဆရာနဲ့တိုင်ပင်ပြီး ထု



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပူဇော်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရွာက နတ်ရုပ်ဟာ အလွန် အသက်ဝင်တယ်။

နောက်တော့ ကျွန်တော့်စီးပွားရေးအပိုင်းပေါ့။ ပုသိမ်၊ ဖျာပုံနဲ့ ရန်ကုန်မှာ လက်ဖက်ရည်ဆိုင်ကြီးသုံးဆိုင် တည်လိုက်တယ်။ ပုသိမ်က ဒီဆိုင်ကတော့ သမိန်ထော၊ ဖျာပုံကဆိုင်က သမိန်ဗရမ်း၊ ရန်ကုန်ကတော့ ညောင်ရမ်းမင်းသမီးပေါ့။ ဆိုင် (၃) ဆိုင်စလုံး အောင်မြင်ပါတယ်ဆရာ။ ကျွန်တော့်မိဘတွေက သမိန်ထောရွာမှာ အခြေချနေထိုင်ဆဲဖြစ်ပေမဲ့ ဇနီးသည်က ဖျာပုံမှာ၊ ကျွန်တော်ကတော့ ဆရာတို့ရန်ကုန်မှာ အနေများပါတယ်။

ကဲ . . . ဆရာရေ၊ ကျွန်တော့်ဇာတ်လမ်းကို အရင်ပြောပြီးတော့ ညောင်ရမ်းမင်းသမီးဇာတ်လမ်းကို ကျွန်တော်တို့ရွာနဲ့ ဆက်စပ်သမျှကို ပြောပါ့မယ်။ အထက်က ကျွန်တော်ပြောခဲ့သလို ကျွန်တော်သိသမျှပဲ ပြောမှာပါဆရာ။ ကျွန်တော်သိသမျှဆိုတာကလည်း ကျွန်တော့် အဘိုးအဘွားတွေပြောပြခဲ့တဲ့ ရာဇဝင်လိုလို၊ ပုံပြင်ဆန်တဲ့ ဇာတ်လမ်းတွေပါ။ ဒါပေမဲ့ အလွန်လည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။

❁ ❁ ❁

| ၅ |

❏

ပထမညောင်ရမ်းခေတ်မှာ အသခ်ယာ၊ ရာဇသင်္ကြန်၊ သီဟသူစတဲ့ ရှမ်းညီနောင်သုံးဦးတို့ဟာ စစ်ကိုင်း၊ ပင်းယ၊ အင်းဝတို့ကို တည်ထောင်ပြီး အုပ်ချုပ်မင်းလုပ်ခဲ့ကြတယ်။ အင်းဝက ဘုရင်သီဟသူဖြစ်တဲ့ ငါးစီးရှင်ကျော်စွာလက်ထက်မှာ ပေလေးပင် ရှင်လေးပါးဆိုပြီး စာဆိုညာရှင်တွေဖြစ်ကြတဲ့ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်ခေမာ၊ ရှင်မဟာသီလဝံသ စတဲ့ ပေပင်ကြီးလေးပင်လို့ထင်ရှားတဲ့ စာပေပညာရှင်တွေ ပေါ်ပေါက်ခဲ့ပြီး မြန်မာစာပေ ထွန်းကားခဲ့တယ်။

တစ်ခါ ဒုတိယမင်းခေါင် လက်ထက်ကြတော့လည်း မြန်မာစာပေနယ်မှာ အလွန်ထင်ရှားတဲ့ ရှင်မဟာရဋ္ဌသာရ ပေါ်ထွန်းခဲ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပေလေးပင် ရှင်လေးပါးခေတ်က စာတွေက အလွန်နက်နဲတော့ တိုင်းသူပြည်သားတိုင်း အလွယ်နားမလည်နိုင်ကြပေမဲ့ ရှင်မဟာရဋ္ဌသာရ ရေးတဲ့ ချေါင်း၊ ကဗျာတွေက ရိုးရိုးရှင်းရှင်းဆိုတော့ လူပြိန်းများနားလည် နိုင်ကြလို့ ပိုနာမည်ကြီးပါတယ်။

အင်းဝ ဒုတိယမင်းခေါင်လက်ထက်မှာ စာပေအရာမှာ ထင်ရှား သလို စစ်ရေးနိုင်ငံရေးမှာလည်း ထင်ရှားတယ်။ ဒုတိယမင်းခေါင်နဲ့ ရာဇာဓိရာဇ် စီးချင်းထိုးကြသလို မြန်မာသမိုင်းမှာ ကျော်ဇောထင်ရှား လှတဲ့ သူနိုးကြီးတောက်ပြားကိုလည်း ဖမ်းဆီးနိုင်ခဲ့တယ်။

သူနိုးကြီးတောက်ပြားဟာ ချမ်းသာတဲ့သူတွေဆီက ပစ္စည်းတစ် ဝက်ကိုသာ ခိုးယူပြီး ဆင်းရဲသားတွေကို ဝေငှပေးကမ်းစွန့်ကြတယ်လို့ အဆိုရှိပါတယ်။ တံတားဦးအင်းဝမှာ သူနိုးကြီးတောက်ပြားရဲ့ မရှိခဏ ဆိုတဲ့ ဘုရားမည်းမည်းကြီးကိုလည်း ကျွန်တော် ဖူးဖူးပါတယ်။ မြန်မာ သူ့ရဲကောင်းတွေပေါ့ ဆရာရယ်။

စစ်ကိုင်း၊ ပင်းယ၊ အင်းဝပျောက်ခါနီး တရုတ်ပြေးမင်း နရ သီဟပတေ့မင်း လက်ထက်မှာတော့ တရုတ်တွေက မြန်မာပြည်ကို ကျူး ကျော်စစ်တွေ မကြာခဏဆင်နွှဲတယ်လို့ သိရပါတယ်။ အဲဒါ နောက်ဆုံး တရုတ်စစ်သူကြီး ဂါမဏိနဲ့ စီးချင်းထိုးမယ်။ ရှုံးရင် သူတို့ဆုတ်မယ် လို့ ရာဇဒတ်ပေးတော့ အင်းဝဘက်က သူ့ရဲကောင်းမပေါ်ဘဲ အခက် တွေ့နေရတယ်လို့ဆိုရတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ရွာသမိန်ထောက လူသတ်မှုနဲ့ အင်းဝမှာထောင်ကျနေတဲ့ သမိန်ဗရမ်းက သူ့ကိုလွှတ်ပေးပါ၊ သူထိုးပါ့ မယ်လို့ ထောင်အာဏာပိုင်တွေကတစ်ဆင့် ဘုရင့်ထံကို သံတော်ဦးတင် သတဲ့။ ဒါကြောင့် ဘုရင်က သမိန်ဗရမ်းကို ထောင်ကထုတ်စေပြီး သူ့ရဲ





ကောင်းတွေတပ်အပ်တဲ့ အဋ္ဌာရသသ (၁၈)ရပ်ကို ပြစေသတဲ့။

သမိန်ဗရမ်းကပြနိုင်တော့ ဘုရင်က ကောင်းမွန်စွာ ကျွေးမွေး ပြုစုပြီး အားမွေးစေတယ်တဲ့။ (၇)ရက်အကြာမှာ နန်းရင်ပြင်မှာ စီးချင်းထိုး မယ်လို့လည်း တရုတ်တွေကို အကြောင်းပြန်လိုက်တယ်။ သမိန်ဗရမ်း ကိုလည်း နန်းတွင်းက နာမည်ကြီးမြင်းတွေကို ပြပေမဲ့ သမိန်ဗရမ်းက ကြိုက်ဘူး။ သူ့ဘာသာရွေးဖို့ ခွင့်တောင်းတယ်။ ဘုရင်ကခွင့်ပြုတော့ တောနယ်ဆင်းပြီး မြင်းကောင်းရွေးတော့တာပေါ့။

အင်မတန်ရိုင်းပြီး လူစီးမခံတဲ့ မြင်းရိုင်းကြီးကိုဖမ်းပြီး ရအောင် စီးတယ်။ မြင်းတို့ရဲ့သဘောက သူတို့ကိုနိုင်ရင် သခင်အဖြစ်လက်ခံပြီး နာခံတယ်။ အဲဒီလိုနဲ့ မြင်းရိုင်းကြီးကိုလေ့ကျင့်ပြီး သူ့သဘောကျ ယဉ် အောင်လေ့ကျင့်ပေးတယ်။

(၇) ရက်ပြည့်တဲ့မနက် နန်းရင်ပြင်မှ သမိန်ဗရမ်းနဲ့ဂါမဏိ စီးချင်းထိုးကြဖို့ ပြင်ဆင်ကြတယ်။ ကျူးကျော်လာတဲ့ တရုတ်တွေကို ရှုံးလွှန်ရမဲ့ပွဲဖြစ်လို့ အလွန်အရေးကြီးတယ်။ ဒါကြောင့် နန်းရင်ပြင် အတွင်းထဲမှာ လာရောက်အားပေးကြည့်ရှုကြတဲ့ တိုင်းပြည်သားတွေ အုန်း အုန်းထနေတာပေါ့။

ပြိုင်ပွဲစတာနဲ့ သမိန်ဗရမ်းက ဥပါယ်တံမျဉ်နဲ့ မြင်းရိုင်းကြီး ကို အလှစီးပြတယ်။ ပုံစံအမျိုးမျိုးပေါ့။ ဂါမဏိကလည်း သမိန်ဗရမ်း ကို လိုက်စီးပြနိုင်သတဲ့။ အဲဒီအချိန်မှာ ဂါမဏိက ဦးခေါင်းအပြင် တစ်ကိုယ်လုံးကို ချပ်ဝတ်တန်စာတွေ ဝတ်ဆင်ထားတော့ လှံလျှင်တောင် ထိုးသတ်နိုင်မယ့်နေရာကို မတွေ့ရဘူး။

ဒါကြောင့် သမိန်ဗရမ်းက မြင်းကျောကုန်းပေါ်တက်၊ မတ်တတ် ရပ်လက်မြှောက်ပြီး စီးပြပြန်သတဲ့။ ဂါမဏိလည်း အဲလိုစီးပြတော့ ချိုင်း



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ ချပ်ဝတ်တန်ဆာလွှတ်နေတဲ့ အပေါက်ကို သမိန်ဗရမ်းက မြင်လိုက်ရတယ်။

ဒါကြောင့် စီးချင်းစတိုးတာနဲ့ မြင်းနှစ်စီး ထိပ်တိုက်အဆုံး ဂါမဏိက လှံလျှင်ကိုပစ်ဖို့အရွယ်မှာဘဲ သမိန်ဗရမ်းက လှံတိုနဲ့ ဂါမဏိရဲ့ ချိုင်းအောက်က ချပ်ဝတ်လွှတ်နေတဲ့ နေရာကို အလျှင်ဦးအောင်ပစ်လွှတ်လိုက်သတဲ့။ ကြီးမားပြီး လေးလံလှတဲ့ ဂါမဏိရဲ့လှံလျှင်ကြီး ရွယ်ရုံသာရှိသေးတယ်။ ချိုင်းအောက်မှာ လံတိုစိုက်ပြီး မြင်းပေါ်ကကျတယ်။

ဒါကြောင့် မြန်မာဘက်က အနိုင်ရပြီး တရုတ်စစ်တပ်ကြီး ကတိအတိုင်း ပြန်ဆုတ်သွားတယ်။ ဒါကြောင့် ဘုရင်က သမိန်ဗရမ်းကို ကြေးတိုက်အကျဉ်းထောင်ကလွှတ် စစ်သူကြီးခန့်ပြီး ညောင်ရမ်းမြို့စား မင်းသမီးနဲ့ပေးစားတာလို့ သိရပါတယ်။ စစ်သူကြီးသမိန်ဗရမ်းဟာ အဲဒီအချိန်က မြန်မာကိုကယ်တင်တဲ့ တကယ့်သူရဲကောင်းကြီးပေါ့။

တရုတ်ပြေးမင်းကို သားတော်ကလုပ်ကြံတော့ နန်းတွင်းအရေးအခင်းဖြစ်ချိန်မှာ ညောင်ရမ်းမြို့စားမင်းသမီးဟာ စစ်ပြေးရတော့တာပေါ့။ စစ်သူကြီးသမိန်ဗရမ်းက စစ်ပွဲဝင်ပြီး တိုက်နေရချိန်မှာ ညောင်ရမ်းမင်းသမီးက ကျွန်တော်တို့ သမိန်ထောရွာကိုခိုလှုံဖို့ ရောက်လာတယ်။

အဲဒီအချိန်က သမိန်ထောရွာဟာ ရွာငယ်ကလေးပါ။ မင်းသမီးက အခြွေအရံတွေနဲ့ ရွာကိုရောက်လာတော့ ချုံထွင်ပြီးတည်တယ်။ ဖော်တော်ဦးဘုရားကိုလည်း တည်တယ်။ အဓိဋ္ဌာန်နဲ့ ကြာကန်ကြီးကိုလည်း တူးတယ်။ ဒါကြောင့် သမိန်ထောရွာဟာ ကြီးကျယ်ပြီး စည်ကားလာတယ်။

တစ်ခါ အင်းဝဘက်က လာတိုက်ပြန်တာကြောင့် မင်းသမီး





လည်း အခြွေအရံတွေနဲ့ ပြေးလွှားပုန်းအောင်းရပြန်တယ်။ ကျွန်တော်နာနှာအိုးရတဲ့ သမိန်ထောရွာနဲ့ (၄)မိုင်ဝေးတဲ့ မင်းကတော်ကန်ဆိပ်ရွာကိုပေါ့။ အဲဒီရွာက တောကောင်းတယ်။ ချောင်းမြောင်းပေါလို့ ရေလမ်းခရီးကိုလည်း အသုံးပြုလို့ရတယ်။ မင်းကတော်ကန်ဆိပ်ရွာနားမှာ အုံ့ရွာဆိုပြီး ရွာသစ်တည်နေပြန်တယ်။ အဲဒီမှာလည်း ကမာတိုဆုတောင်းပြည့်ဘုရားကိုတည်ပြီး အခြေချနေပြန်တယ်။

နောက်တစ်ကြိမ် လာတိုက်ပြန်တော့ ရောဝတီတောဘက်ပြေးပြီး မြို့ကုန်းမြို့ကို တည်နေပြန်တယ်။ ဒီတစ်ခါတော့ မြို့ကို မြို့ရိုးကျုံးတံတိုင်းခတ်ပြီး အခိုင်အခန့် အခြေချနေထိုင်တာပါ။ လက်နက်လူသူလည်းစုရုံးပြီး မြို့ကို အစောင့်အကြပ်လုံခြုံစွာနဲ့ စံနေတုန်း အပါးအခစား မနန်းစောနဲ့ မနန်းစံက သစ္စာဖောက်ပြီး သတင်းပေးတာကြောင့် အင်းဝကလာတိုက်ပြန်တယ်။ ဒါကြောင့် ရေရိုး ရေကျော်ဘက်ကို ဆက်ပြေးရပြန်တယ်။ မနန်းစော၊ မနန်းစံကိုတော့ ကွပ်မျက်ပစ်လိုက်တယ်။

မြစ်ဆုံမှာ တစ်ထောက်နားတပ်ချပြီး စတည်းချနေတုန်း အတိုက်ခံရပြန်တာကြောင့် ကစဉ့်ကလျား ပြေးလွှားကြရင်း မင်းသမီးနဲ့ အခြွေအရံတွေ လူစုကွဲသွားကြတယ်။

အနောက်က လိုက်တိုက်နေတာမို့ မင်းသမီးလည်း တစ်ဦးတည်းထွက်ပြေးရင်း ရွာတစ်ရွာရှေ့ရောက်တော့ ဒေါ်ငြိမ်းဆိုတဲ့ အဘွားကြီးတစ်ဦး ရွာထဲကထွက်လာပြီး ကယ်တင်လိုက်တယ်။ ဒေါ်ငြိမ်းက မင်းသမီးကို ဝှက်ထားပြီး အစာရေစာပေးကာ ကျွေးမွေးစောင့်ရှောက်တယ်။ တစ်နှစ်လောက်ကြာအောင် မင်းသမီးတစ်ဦးတည်း ပုန်းအောင်းနေရာက အခြွေအရံတွေ နောက်ကလိုက်လံစုံစမ်းရင်း မင်းသမီးနဲ့ ပြန်ဆုံကြတယ်။ ဒါကြောင့် ရွာအနီး သဲကုန်းတန်းမှာ အခြေချနေထိုင်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ရှေ့ရှင်ဒေါ်ငြိမ်းကို ဂုဏ်ပြုချီးမြှောက်တဲ့အနေနဲ့ ဒေါ်ငြိမ်းရွာကို တည်ကြပြန်တယ်။

တစ်နှစ်လောက်ကြာတော့ ဒလန်၊ ဓားလှိုင်တွေ သတင်းရပြီး မင်းသမီးကို လာရောက်လုပ်ကြံကြပြန်တယ်။ ဒါကြောင့် ဒီတစ်ကြိမ်မှာတော့ ဝေးဝေးပြေးမှ ဖြစ်တော့မှာကို မင်းသမီးကသိတာကြောင့် အခြွေအရံတွေနဲ့အတူ နှစ်ခြားချောင်းကို ဝါးဘိုးဖောင်နဲ့ ဖြတ်ကျော်ပြေးရင်း ရေဆန်ဝဲမှာ ဖောင်နစ်ပြီး အားလုံး အသက်ဆုံးရှုံးကြရတယ်။

အဲဒါကြောင့် ညောင်ရမ်းမင်းသမီးကွယ်လွန်တော့ ကျွန်တော်တို့နယ်မှာ ရွာတော်ရှင်နတ် ဖြစ်လာတာပါပဲ။ မင်းသမီးက သူတည်ခဲ့တဲ့ရွာ၊ သူတည်ခဲ့တဲ့ဘုရား၊ ကြာကန်ကြီးကို စွဲလမ်းနေတာကြောင့် ကျွန်တော်တို့ရွာ သမိန်ထောရွာကို အခြေတည်ပြီး ရွာတော်ရှင်နတ်ဖြစ်လာတာပါဆရာ။

ညောင်ရမ်းမင်းသမီးတစ်ဖြစ်လည်း ရွာတော်ရှင်ဟာ အလွန်စိတ်ကောင်းရှိသူဖြစ်လို့ လူတကာကို မ,စပါတယ်။ ဒါကြောင့်လည်း ယုံကြည်သူများတဲ့ ကျွန်တော်တို့ရွာဟာ တခြားရွာတွေထက် ပိုမိုစည်ကားပြီး ချမ်းသာကြွယ်ဝလာကြတာပါ။

ကျွန်တော်တို့ သမိန်ထောရွာနဲ့ ပတ်ဝန်းကျင်ရွာတွေကတော့ စပါးမစိုက်မီတစ်ခါ၊ ကောက်ရိတ်သိမ်းပြီးတစ်ကြိမ် ရွာတော်ရှင် ညောင်ရမ်းမင်းသမီးကို တစ်နှစ်နှစ်ကြိမ် ပူဇော်ပွဲလုပ်ပါတယ်။ တခြားမြို့ရွာတွေကတော့ တစ်နှစ်လုံးပဲ။ သမိန်ထောရွာကို လာရောက်ကြပြီး ဂါရဝပြု ပူဇော်ကြပါတယ်ဆရာ''

''ဟာဗျာ . . . ဦးဝင်းကြိုင်ရယ်၊ ခင်ဗျားက သမိန်ထောရွာသားလည်းဖြစ်ပြန်၊ ရွာတော်ရှင် ညောင်ရမ်းမင်းသမီးရဲ့ လက်တွေ့မ,စ





ကိုလည်းခံရတော့ မယုံစရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော် ရှင်တာက ညောင်ရမ်း၊ အင်းဝခေတ်လောက်ကတည်းက နတ်တွေ က အခုအချိန်ထိ မကျွတ်မလွတ်သေးဘဲ ဆက်လက်တည်ရှိနေတာ တော့ အံ့ဩစရာပါပဲနော်''

''ဆရာကလည်း ပုဂံခေတ်ကတည်းက အုတ်နှစ်ချပ်လပ်လို့ အနော်ရထာမင်း အသတ်ခံရတဲ့ ရွှေဖျင်းကြီး၊ ရွှေဖျင်းလေးတောင် ဆောင်ပြုးမင်းညီနောင်ဆိုပြီး အခုကာလအထိ ပူဇော်ပွဲတွေ ခြိမ့်ခြိမ့်သည်း ကျင်းပနေသေးတာ။ ညောင်ရမ်း၊ အင်းဝ၊ မြင်စိုင်းခေတ်က ကွယ်လွန်ခဲ့တဲ့ ရွာတော်ရှင် ညောင်ရမ်းမင်းသမီး နတ်ဖြစ်နေတာဟာ ထူးဆန်းပါဘူး ဆရာရယ်။ နတ်သက်တမ်းက လူ့သက်တမ်းထက် နှစ်ပေါင်းထောင်နဲ့ချီပြီး ရှည်တယ်လေဆရာရဲ့''

''ဟုတ်ပါရဲ့ဗျာ။ ကိုဝင်းကြိုင်ပြောပြခဲ့တဲ့ ဇာတ်လမ်းကအလွန်ပဲ အံ့ဩစရာကောင်းပါတယ်။ ကျေးဇူးရှိလို့ ကျေးဇူးပြန်ဆပ်တတ်တဲ့ ခင်ဗျားလိုလူဟာ တစ်ဆင့်ပြီးတစ်ဆင့် ကြီးပွားတိုးတက်လာမှာ အမှန်ပါပဲ။ ခင်ဗျားရဲ့ စွန့်စားခန်းတွေကလည်း သည်းထိတ်ရင်ဖိုစရာပါပဲ။ ခင်ဗျားရဲ့ ကောင်းတဲ့အမှုပြုလုပ်ခဲ့တဲ့ အလှူဒါနကြောင့် လူ၊ နတ်၊ ဗြဟ္မာတင်မက ကျွန်တော်ကလည်း သာဓုခေါ်ပါတယ်ဗျာ။ ရှေ့လျှောက်လည်း ကြီးပွားတိုးတက်ပြီး အလှူရေစက် လက်နဲ့မကွာ လှူဒါန်းနိုင်ပါစေဗျား''

''ဆရာပေးတဲ့ဆုနဲ့ ပြည့်ပါစေခင်ဗျား''

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



❑

အပြင်လောကမှာ နွေရဲ့နေပူဟာ တဟဲဟဲ လောင်မြိုက်နေသလောက် ကျွန်မသူငယ်ချင်းအဆောင်ရောက်တော့ အေးမြခြင်းဆိုတဲ့ အရသာကို တစိမ့်စိမ့် ခံစားလိုက်ရပါတယ်။ ခံစားမယ်ဆိုလည်း ခံစားရောပါပဲ။ ကျွန်မသူငယ်ချင်းရဲ့အဆောင်က ရန်ကုန်တက္ကသိုလ်ထဲမှာလေ။

ဟိုရှေးခေတ်ကဆောက်ထားတဲ့ အဆောက်အအုံ ထူထူထဲထဲကြီး။ လေဝင်လေထွက်ကောင်းပြီး အမြဲတမ်း လေကောင်းလေသန့်ရတဲ့ နေရာပဲ။ အဆောင်ပတ်ဝန်းကျင်မှာလည်း ပိတောက်ပင်၊ ကံ့ကော်ပင်တွေနဲ့ အုပ်ဆိုင်းလို့။ အေးမြတဲ့အရသာကို ခံစားရင်း အေးမြတဲ့ပတ်ဝန်းကျင်အကြောင်းတွေးကာ လမ်းလျှောက်နေခဲ့မှာပင် ကျွန်မသူငယ်ချင်းအခန်းရှေ့ကို ရောက်လို့လာပါပြီ။ အခန်းရှေ့ရောက်ရင်ပဲ ...

"ဟိတ် ... သီတာ၊ ဘာလုပ်နေလဲ"

"ဟယ် ... ဘယ်သူလဲလို့ နေပူကြီးထဲကွာ။ ဘာအရေးကြီးလာပြန်လာလဲ"

"အသိတစ်ယောက်အိမ် သွားစရာရှိလို့ တစ်ခါမှမသွားဖူးတဲ့နေရာဖြစ်နေလို့ လိုက်ခဲ့ကွာ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နေအေးမှသွားလေ"

"မရဘူးကွာ။ ကိစ္စက အရေးကြီးတယ်။ ခုသွားမှဖြစ်မယ်"

"ဘယ်ကိုလဲ ..."

"ဘယ်ကိုလဲ မမေးနဲ့ မြန်မြန်သာအဝတ်လဲ။ ကိုယ်သွားတဲ့နေရာ မင်းလိုက်ခဲ့ရမယ်။ အောက်မှာ Taxi ပါလာတယ်။ ဒါပဲ"

ဟု ကျွန်မ ဖွတ်တရွတ်လုပ်သဖြင့် ကျွန်မသူငယ်ချင်းသီတာ တစ်ယောက် နေပူခြစ်ခြစ်တောက်ထဲမှာ ကျွန်မနဲ့ ပါလာခဲ့ပါတော့တယ်။ တကယ်တော့ ကျွန်မလည်း အရေးကြီးလို့သာ သူ့ကို ဝင်ခေါ်သွားတာပါ။ သူ့အကြောင်းကို ကျွန်မသိတယ်။ နေပူထဲကိုသွားရမှာ အလွန်ကြောက်သူပင်။ ဖြစ်နိုင်ရင် ဝေးဝေးရှောင်တယ်။

နံနက်ခင်း ညနေခင်းစောင်းမှာသာ အပြင်သွားရမည့်ကိစ္စကို ပြီးအောင်လုပ်ပြီး ကျန်အချိန်တွေမှာတော့ အခန်းထဲမှာ စာကြည့်တယ်။ ကျောင်းဖွင့်ရက်တွေဆိုရင်လည်း ဘာမှမဝေးလှသော အဆောင်နဲ့ဌာနကို သူ သက်သက်သာသာကူးတယ်။ နံနက် ၉ နာရီမှာ ဌာနကိုသွားပြီး ညနေ ၅ နာရီကျော်မှ အဆောင်ပြန်တယ်။

တစ်ခါမှ သူ အဆောင်ကို စောစောမပြန်။ ဌာနကို ချစ်လို့လားဆိုတာတော့ ကျွန်မအတပ်မပြောတတ်။ နေပူမှာကြောက်လို့ နေစောင်းအောင်နေတာကတော့ သေချာတာမို့ တကယ့်ကို အသေအချာပါ။

သူငယ်ချင်းအကြောင်းတွေးရင်း ကျွန်မသွားချင်တဲ့ တိုက်နံပါတ်ရှေ့ ရောက်တယ်ဆိုရင်ပဲ Taxi ကားလေး ထိုးရပ်လိုက်တော့ ပိုက်ဆံရှင်းပြီး Taxi ပေါ်က ဆင်းလိုက်ပါတယ်။ ပြီးတော့မှ ...

"သီတာ ... လာ သူငယ်ချင်း။ အပေါ်တက်ရအောင်"





ဆိုပြီး ကျွန်မကဦးဆောင်ကာ ခြောက်ထပ်တိုက်ပေါ်ကို တက်ခဲ့ပါတယ်။ အဲဒီမှာပဲ ကျွန်မသူငယ်ချင်း ညည်းပြန်တာပေါ့။ ညည်းမယ်ဆိုလည်း ညည်းလောက်တာပေါ့။ ကျွန်မတို့ခုတက်ခဲ့တဲ့ ခြောက်ထပ်တိုက်ရဲ့ လှေကားတွေက သူတို့အဆောင်နဲ့တော့ ကွာမှကွာ။ လေဝင်လေထွက် လေကောင်းလေသန့်လည်း မရလေတော့ နွေနေပူထဲကလာသူကို အမောမပြေစေသော လှေကားထစ်များ။ ဒါကြောင့်မို့ အပေါ်ရောက်ရောက်ရင်းပဲ အိမ်မှာတွေ့တဲ့ ကလေးမလေးကို ...

"သမီး ... ယပ်တောင်လေးတစ်ချောင်းလောက် ပေးနော်"

လို့ သူငယ်ချင်းအတွက် ကျွန်မ တောင်းပေးလိုက်ပါတယ်။ မီးကလည်းပြတ်နေလေတော့ ပန်ကာတွေက ဖွင့်လို့မရဘူးလေ။ ကလေးမလေးကလည်း အလိုက်သိစွာနဲ့ ယပ်ကောင်လေးနှစ်ချောင်းကို လာပို့လို့ ကျွန်မတို့နှစ်ယောက် ယပ်ခပ်ရင်း အမောဖြေလိုက်ကြတယ်။

ကျွန်မလာတွေ့တဲ့ အိမ်ရှင်အသိတွေကတော့ အပြင်ခဏသွားလို့ စောင့်ပါလို့ မှာထားခဲ့ကြတယ်တဲ့လေ။ ကျွန်မကတော့ အမောပြေလို့ ယပ်တောင်လေးကို ဘေးအသာချထားပြီး ကျွန်မလာယူတဲ့ စာရွက်စာတမ်းတွေအကြောင်း အလုပ်ကိစ္စတွေ အကြောင်းတွေးတောနေမိတယ်။ အဲဒီအချိန်မှာပဲ သီတာက ယပ်တောင်ပေါ်က စာကိုဖတ်ရင်း ရုတ်တရက် ပြူးတူးပြဲတဲ အလန့်တကြားနဲ့ ...

"ဟယ် ... ညို ... ညို ... ညိုမာ ... ဒီ ... ဒီမှာ .."

လို့ ပြောလိုက်တော့ သူပြရာနေရာကို ကျွန်မ ပြာပြာသလဲ ကြည့်လိုက်မိပါတယ်။

"ဦးကျော်မွှေး

အသက် ၆၂ နှစ်၊ ကောင်းမှု"



www.burmeseclassic.com

www.burmeseclassic.com



. . . တဲ့။ ဒါနဲ့ပဲ ကျွန်မလည်း မီးဖိုထဲကနေ ပြန်ထွက်လာတဲ့ ကလေးမလေးကို . . .

"သမီး . . . ဒီကို ခဏလောက်နော်"

လို့ခေါ်ပြီး ကောင်မလေး အနားရောက်လာတော့ . . .

"ဒီယပ်တောင်မှာ ရေးထားတဲ့သူကို သိလား"

"မသိဘူး အန်တီ"

လို့ပြောပြီး သူ့အထဲကို ပြန်ဝင်သွားပါတယ်။ ခဏအကြာ မှာတော့ ကိုကျော်ခိုင်နဲ့ မသင်းသီရိတို့ ပြန်ရောက်လာကြတယ်ဆိုရင် ပဲ . . .

"ဟော . . . ညီမှာ ရောက်နေပြီကိုး။ ငါတို့ကိစ္စရှိလို့ အပြင် ကို ခဏထွက်သွားတာ။ ညီမှာလာမယ်ဆိုတာသိလို့ အမြန်ပြန်လာခဲ့ တာပဲကွာ"

"ဟုတ်တယ် . . . စာရွက်စာတမ်းတွေက အရေးကြီးနေလို့"

ကျွန်မတောင် စကားမပြတ်သေး ကျွန်မသူငယ်ချင်း သီတာ က ဇာတ်လမ်းစပါပြီ။

"လာရင်းကိစ္စကို အသာထား ညီမှာ"

လို့ ဆိုလိုက်တော့ ကိုကျော်ခိုင်နဲ့ မသင်းသီရိတို့က သီတာ့ကို စိတ်ဝင်တစား လှည့်ကြည့်လိုက်ကြပါတယ်။ ကျွန်မကတော့ ကိုယ့်သူ ငယ်ချင်းအကြောင်း ကိုယ်သိပြီးသားမို့ ငြိမ်နေစဉ်မှာပဲ သီတာက . . .

"ဒီမှာ . . . ဒီမှာ . . . ဒီယပ်တောင်အကြောင်း သိချင်လို့။ ဒီယပ်တောင်ကနာမည်က ဘယ်သူလဲ သိလား။ အဲဒါ ကျွန်မဖေဖေ"

လို့ သူ့ဟာသူမေး သူဟာသူဖြေ ဆက်တိုက် သူပြောချင်ရာ များကို ပြောနေပါတော့တယ်။ အိမ်ရှင်များကတော့ နားမလည်စွာ အံ့ဩ





နဲ့ သီတာ့ကို မျက်လုံးလေးများ အဝိုင်းသားဖြင့် ကြည့်လို့ . . .။ တော့မှ သင်းသီရိက . . .

"အစ်မ . . . ဖေဖေ"

"ဟုတ်တယ် . . . ငါ့ဖေဖေ"

"အစ်မ . . . ဖေဖေက . . ."

ဆိုပြီး သင်းသီရိဘာမှ ဆက်မပြောနိုင်တော့ဘဲ သီတာကို ကြောင်လျက်သား ကြည့်နေတော့မှ ကျွန်မက . . .

"ဟုတ်တယ် . . . သီရိ၊ အဲဒါ သူ့ဖေဖေ။ သူ့ဖေဖေဆုံးတာ ယပ်တောင်မှာပါတဲ့ Date အတိုင်းပဲလေ။ ၂ နှစ်ကျော်ပြီ"

ဆိုတော့မှ ကိုကျော်ခိုင်နဲ့သင်းသီရိတို့ သက်ပြင်းချနိုင်ကြတော့ တယ်။ ကျွန်မသူငယ်ချင်းသီတာက လုပ်လိုက်ရင် အစမရှိ အဆုံးမရှိ။ စ်ဖက်လူ စိုးရိမ်စရာ။ သူ့ဖေဖေ မသေသေးဘဲနဲ့များ လုပ်ကြံပြီး ဒီ ယပ်တောင်က ပေါ်ပေါက်လာသလိုလိုဆိုတော့ အိမ်ရှင်တွေ စိုးရိမ်သွား ကြရတာပေါ့။ နောက်တော့မှ သီတာက သူပြောချင်ရာ မေးချင်ရာတွေ ကို ဆက်ပြော ဆက်မေးနေသေးတယ်။

"ဒီလိုပါ . . .။ ကျွန်မသိချင်တာ ဘယ်လိုမှ အဆက်အစပ် မရှိဘဲ ဒီယပ်တောင်ကို ကျွန်မတွေ့လိုက်တော့ အံ့ဩသွားလို့ပါ။ ကျွန်မ ဖေဖေရဲ့ မိတ်ဆွေတွေလား။ ဘယ်လိုဆက်စပ်မှုရှိသလဲဆိုတာ စိတ်ဝင် စားသွားတယ်။ ကျွန်မက ဖေဖေ့ကို သိပ်ချစ်တယ်။ အဲဒါကြောင့် ဖေဖေ့ မိတ်ဆွေတွေဆိုလည်း ကျွန်မစိတ်ဝင်စားတယ်"

လို့ တောက်လျှောက်ပြောနေပါတယ်။ သီတာ့စကားများဆုံး မှ ကိုကျော်ခိုင်က . . . .

"ဒီလိုလားဗျာ . . . ကျွန်တော်ရှင်းပြပါ့မယ်။ ဒီယပ်တောင်



www.burmeseclassic.com

www.burmeseclassic.com



မှာပါတဲ့ ဦးကျော်မွေးဆိုတာ ကျွန်တော်တို့ မြင်လည်း မမြင်ဖူးပါဘူး။ သိလည်း မသိပါဘူးဗျာ။ ဒီယပ်တောင်ရလာတဲ့ အကြောင်းရင်းက ဒီလို ဗျ ... ။ ကျွန်တော့်ဖေဖေလည်း အစ်မဖေဖေဆုံးပြီးတဲ့ ၂ ရက် အကြာမှာ ဆုံးတာပါ။ ဖေဖေဆုံးတော့ အသုဘမှာ ကမ်းဖို့ယပ်တောင် ကို ကျွန်တော့်ညီက ဆိုင်မှာသွားမှာတယ်။ ယပ်တောင်ဆိုင်က နမူနာ ဆိုပြီး ဒီယပ်တောင်ကို ယူလာခဲ့တာဗျ"

ကိုကျော်နိုင့်စကားဆုံးတော့ သီတာလည်း ခဏငြိမ်ကျသွား တယ်။ ပြီးတော့မှ ...

"ဖေဖေ ... ဖေဖေ ... သိပ်ထူးဆန်းတဲ့ ဖေဖေ။ ကျွန်မကို အမြဲတမ်း အေးချမ်းစေတဲ့ ဖေဖေ။ ခုလည်း နေပူထဲကလာတဲ့ ကျွန်မ ကို ယပ်တောင်ကလေးနဲ့ အေးချမ်းစေခဲ့တယ်။ ဒါကြောင့် စိတ်က အလောတကြီး ဖြစ်သွားမိတာပါ"

လို့ပြောရင်း ငေးငိုင်လို့နေပါတယ်။

ကျွန်မလည်း ခဏအကြာမှာတော့ ယူစရာရှိတဲ့ စာရွက် စာတမ်းတွေကိုယူပြီး ကျေးဇူးတင်ကြောင်းပြောကာ ပြန်လာခဲ့ပါတယ်။ ကားပေါ်ရောက်တော့ သူငယ်ချင်းသီတာက စကားစလာပြန်ပါတယ်။

"ညီမှာ ... ဖေဖေကလေ ကိုယ့်ကို အမြဲတမ်း အရိပ်ပေး နေတယ်။ ပြီးတော့ ကိုယ်နဲ့ ဖေဖေရဲ့ဘဝဇာတ်ကြောင်းက စိတ်ဝင် စားစရာကောင်းတယ် သိလား"

"ဟုတ်တယ် ... မင်းဖေဖေက မင်းကို သိပ်ချစ်တာနော်။ တခြားသားသမီးတွေနဲ့ မတူဘူးထင်တယ်"

"ဒီမှာ ... ကိုယ့်ရဲ့လက်က အမှတ်ကြီးကို ကြည့်"

လို့ပြောကာ အင်္ကျီလက်ကိုဆွဲတင်ပြီး လက်မောင်းရင်းက အမဲ





စွဲတ်ကြီးကို အဆက်အစပ်မရှိ ပြနေပြန်ပါရော။ အဲဒီတော့မှ ကျွန်မ က ...

"အဲဒါ ဘာလဲ"

"ငါ့ရဲ့ ဟိုဘဝက အမှတ်ကြီးလေ။ ခုဘဝထိအောင် ပါလာ တာပဲ"

"မင်းဘယ်လို သိတာလဲ"

"သိတာပေါ့။ ငါက ဟိုဘဝတုန်းက ရေနစ်ပြီးသေခဲ့တာ"

"မင်းကို ဘယ်သူပြောလဲ"

"ဖေဖေနဲ့ ဟိုဘဝက မိဘတွေ ပြောတာ"

"အဲဒီတုန်းက မင်းဖေဖေနဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲ"

"ရေနစ်တုန်းက ဖေဖေက ငါ့ကို ကယ်ခဲ့သေးတယ်"

ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်သား စကားပြောရင်းက ားက သီတာ့အဆောင်ရှေ့ကို ရောက်လို့လာပါပြီ။ ကျွန်မလည်း လို ်တဲ့ စာရွက်စာတမ်းတွေရပြီမို့ စိတ်အေးလက်အေး သီတာ့အဆောင် မှာ ဝင်နားလိုက်ပါတယ်။ ဒီအခါမှာလည်း သီတာက သူနဲ့သူ့ဖေဖေရဲ့ ဘဝဇာတ်ကြောင်းကို ခရားရေလွှတ် တတွတ်တွတ် ဆက်ပြောပါတော့ တယ်။

သူပြောတာတွေကတော့ ...

ညီမှာ ... ငါက ဟိုဘဝတုန်းက ဆင်းရဲတဲ့ ရွာလေးတစ် ရွာမှာ လူဖြစ်ခဲ့ရတာ။ အဲဒီရွာက မြစ်ကမ်းနံဘေးက ရွာကလေးပေါ့။ အဲဒီတုန်းက ငါက ကျောင်းတက်ချင်တယ်။ မိဘတွေက ကျောင်းမထား နိုင်ကြဘူး။

ခုသေသွားတဲ့ ငါ့ဖေဖေက အဲဒီတုန်းက စိုက်ပျိုးရေးမှူးနေရှာ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့ ငါတို့မြို့မှာတာဝန်ကျပြီး ငါတို့ရွာကို ကွင်းဆင်းရင်းရောက်လာတယ်။ ငါ့ကိုတွေ့တော့ သူ့သမီးအရင်းလို ချစ်ခင်စိတ်ဝင်စားပြီး မွေးစားဖို့ မိဘတွေဆီက တောင်းတယ်။ တောင်းလို့မရတဲ့အဆုံး ပညာသင်စရိတ်ကအစ ငါ့ကို အစစအရာရာ ထောက်ပံ့ခဲ့တယ်။ အဲဒီတုန်းကလည်း ငါက ဖေဖေ့ကို သိပ်ချစ်ခဲ့တာတဲ့။ လက်ရှိမိဘတွေထက်တောင်ပိုခဲ့သေးတယ်။

တစ်နေ့ ဖေဖေ ငါတို့ရွာကပြန်တော့ ငါက ဖေဖေ့နောက်ကိုလိုက်ဖို့ အတင်းအကြပ် ပူဆာခဲ့တယ်။ လက်ရှိမိဘတွေကလည်း မထည့်ဘူးတဲ့လေ။ ဖေဖေကလည်း ချော့မော့ပြီး ငါ့ကိုထားခဲ့တယ်။ အဲဒီတော့ ငါကလည်း ဘယ်ရမလဲ တိတ်တိတ်ကလေး ခိုးလိုက်တာတဲ့။

"မင်းက ဟိုဘဝကတည်းက ဖွတ်တရွတ်နော်"

"အေးပေါ့ကွ။ ဘဝအဆက်ဆက်ကပါလာတဲ့ စိတ်ရဲ့သန္တာန်သတ္တိက ဘဝပေါင်းများစွာအထိ ငြိတွယ်ပါလာတတ်တာပဲဟာ"

"အင်း ... ကောင်းတဲ့သတ္တိ၊ ကောင်းတဲ့ဉာဉ်တွေပါလာရင်တော်သေးတာပေါ့။ မကောင်းတဲ့ဉာဉ် မကောင်းတဲ့သတ္တိတွေ ပါလာရင်တော့ ... အင်း ... လူ့ရဲ့စိတ်၊ လူ့ရဲ့ဉာဉ်ဟာ သိပ်အရေးကြီးတယ်နော်။ ထားပါတော့ကွာ ...။ မင်းရဲ့ဇာတ်လမ်းကို ဆက်ပါဦး"

ပြောရင်း သီတာ့ကိုကြည့်လိုက်တော့ သူက ပြတင်းပေါက်ကနေ အဝေးကိုကြည့်ပြီး ဆွေးဆွေးလေး ငေးနေရှာတယ်။ ကျွန်မလည်း သူကြည့်ရာနေရာကို လိုက်ကြည့်လိုက်တော့ ခုချိန်အထိ အပြင်မှာ နွေနေပူဟာ တဟဲဟဲ လောင်မြိုက်နေဆဲပါလား။ ပြီးတော့မှ ...

"သီတာ ... ဆက်ပြောလေ။ ဇာတ်လမ်းက ကောင်းခန်းရောက်နေပြီ"





"ဟုတ်တယ် ... ညီမှာ၊ စွန့်စားခန်းပဲ။ ငါက မြစ်ဆိပ်ကတွေ့တဲ့လှေကိုကောက်လှော်ပြီး ဖေဖေ့နောက်ကိုလိုက်တာ။ ဖေဖေတို့လှေနဲ့ မနီးမဝေးရောက်တော့ ငါ့ရဲ့လှေက မှောက်သွားရော။ ဖေဖေက အစွမ်းကုန်ကူးခပ်ပြီး ငါ့ကို ကယ်ခဲ့တယ်။

အစတုန်းက ဖေဖေက ငါမှန်းသိတာမဟုတ်ဘူးတဲ့။ ငါ့ကို ကယ်ပြီး ကုန်းပေါ်ရောက်တော့မှာ ငါမှန်းသိတာတဲ့။ ဖေဖေ အစွမ်းကုန်ကြိုးစားခဲ့ပေမဲ့ အပြင်းအထန် လှေလှော်ခဲ့လို့ အမောဆို့နေတာရယ်၊ ရေမွန်းတာရယ် နှစ်ခုပေါင်းပြီး ငါ ဖေဖေ့လက်ထဲမှာပဲ ဆုံးခဲ့ရတာတဲ့"

"အဲဒါတွေ မင်းဘယ်လိုသိလဲ"

"လူကြီးတွေ ပြန်ပြောပြတာပေါ့။ နောက် ဖေဖေ့ရဲ့မိန်းမ အခု မေမေ တတိယမြောက်မွေးတဲ့ကလေးက လက်မောင်းမှာ အမှတ်ကြီး ပါလာတော့ အားလုံးဟာ ရေနစ်ပြီး ဖေဖေ့လက်ထဲမှာ ဆုံးခဲ့တဲ့ကလေး လို့ လက်ခံခဲ့ကြတာပေါ့"

"အမှတ်ပါတာနဲ့တင် ပြောလို့ရရောလား"

"မဟုတ်သေးဘူး။ ငါငယ်ငယ်က အရင်ဘဝအကြောင်းကို ခဏခဏပြောတယ်တဲ့။ ပြီးတော့ ငါနဲ့ဖေဖေက အိမ်သားတွေအားလုံး ထဲမှာ ပိုပြီးထူးဆန်းနေတယ်။ ဖေဖေတစ်ခုခုဖြစ်ရင် အခြားသားသမီး တွေထက် ငါက သဲသဲလှုပ်ဖြစ်နေတတ်တယ်။ မျက်စိမျက်နှာပျက်လို့ ပဲ။ ဖေဖေကလည်း အဲဒီလိုပဲ ..."

ဟုဆိုကာ သီတာ့ရဲ့မျက်နှာကလေး ညှိုးကျသွားပါတယ်။ သူ့ဖေဖေကို တမ်းတပြီး စိတ်မကောင်းဖြစ်သွားတာနဲ့တူပါတယ်။ ဆက်ပြီး ပြောတာကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ခုဘဝမှာတော့ ဖေဖေက ငါ့အရင် လောကကြီးထဲက ထွက်ခွာသွားတယ်။ ခုတော့ စိတ်ချလက်ချ ထွက်သွားပါပြီ။ ဆုံးခါစကတော့ ငါ့ကို စိတ်ချပုံမပေါ်ဘူး"

"ဆုံးခါစက မင်းကို စိတ်မချဘူး ဟုတ်လား။ မင်းဘယ်လို သိပြန်တာလဲ"

"ဖေဖေဆုံးခါစက ငါ အိပ်မက် ခဏခဏမက်တယ်။ အိပ်မက်ထဲမှာလေ ဖေဖေက ငါ့တို့အိမ်ခြံစည်းရိုးဝက သရက်ပင်ကြီးမှာ နေတာတဲ့။ ငါ့ကို ခဏခဏ အိပ်မက်ပေးတယ်။ ညညဆို ငါ့အစ်ကိုက အိမ်ထဲကို ကားနဲ့ဝင်လာရင် သူ့ကို မလွတ်တလွတ် မောင်းမောင်းဝင်လို့ သူ့မှာ မနည်းရှောင်ရတယ်လို့ ပြောတယ်"

"မင်း အိမ်သားတွေကို ပြောမပြဘူးလား"

"ပြောပြတာပေါ့"

"သူတို့ကရော ဘာပြောလဲ"

"သူတို့ကတော့ မဟုတ်တာတွေ လျှောက်မပြောနဲ့လို့ ပြောတာပေါ့။ ဒါပေမဲ့ သူတို့လည်း နည်းနည်းတော့ ယုံချင်တယ်။ ငါပြောပြီးတဲ့နောက်မှာ ငါ့အစ်ကို အိမ်ထဲကို ကားနဲ့ဝင်လာရင် သရက်ပင်ကြီးကို တစေ့တစောင်းကြည့်ပြီး ကားကို ဖြည်းဖြည်းမောင်းဝင်တယ်"

"ဒီလိုတော့လည်း မင်းအစ်ကိုက ယုံသားပဲ"

"သူတို့က သိပ်တော့ယုံချင်တာ မဟုတ်ဘူး။ ဒါပေမဲ့ ငါက မရဘူးလေ။ အိမ်ထဲကို အရှိန်နဲ့ကားမောင်းဝင်ရင် သောင်းကျန်းတာပေါ့။ ခုတော့ ဖေဖေ သရက်ပင်ကြီးမှာ မရှိတော့ဘူး"

"ဖြစ်ရပြန်ပြီ ... ဘယ်ရောက်ပြီလဲ။ မင်းကို စိတ္တဇဆေးရုံ ပို့ပေးရမယ်ဆိုလည်း စောစောစီးစီးကြိုပြောနော်"





"ကြော် ... မင်းက ငါ့စကားတွေကို နားထောင်နေရင်းက ယုံဘူးကိုး"

"အလကားစတာပါ ဆက်ပြောပါဦး"

"ငါလေ ဖေဖေ့ကိုရည်စူးပြီး မကြာခဏ အလှူလုပ်တယ်၊ အရှုပေတယ်"

"ကောင်းတာပေါ့ သီတာရယ်။ ခုချိန်မှာ ကိုယ်လုပ်ပေးနိုင်တာ ဒါပဲရှိတာဥစ္စာ"

"ပြီးခဲ့တဲ့ ခြောက်လလောက်ကတော့ ငါ ဖေဖေ့ကို အိပ်မက်မက်တာ ထူးဆန်းတယ်။ အိပ်မက်ထဲမှာ ကလေးလေးတစ်ယောက် ခွေခွေကလေးနဲ့ ငါတွေ့တယ်။ အဲဒါ သေသွားတဲ့ ငါ့ဖေဖေတဲ့။ ပြီးတော့ ငါ လန့်နိုးသွားတယ်။ နာရီကြည့်တော့ လေးနာရီထိုးနေပြီ။ နောက်တော့ ငါအိပ်မက် မမက်တော့ဘူး။ ဖေဖေ ကျွတ်လွတ်သွားပြီး လူဝင်စားလေးဖြစ်သွားပြီ။ ငါ့ကို စိတ်ချလက်ချ ထားသွားပြီကွာ"

သီတာပြောသမျှကို ကျွန်မ စိတ်မကောင်းစွာ နားထောင်ရင်း သီတာ့ကို ကျွန်မ သနားစိတ်တွေ ဝင်လာပါတယ်။ အပြင်ကို ကြည့်လိုက်တော့ နေအတော်အေးနေပြီမို့ ကျွန်မ သီတာ့ကိုနှုတ်ဆက်ရင်း အိမ်ကိုပြန်ခဲ့ပါတော့တယ်။ နောက်လေးလလောက်ကြာတော့ သီတာ့အစ်ကို သားလေးမွေးတယ်တဲ့လေ။ သီတာကတော့ သူအိမ်မက်မက်တဲ့အချိန်နဲ့ တိုက်ဆိုင်ကြည့်ပြီး သူ့ဖေဖေ မိသားစုထဲကို ပြန်ဝင်လာပြီဆိုပြီး ပျော်နေလေရဲ့။

တစ်ခါတလေတော့လည်း သီတာက ပြောတတ်သေးတယ်။ ကိုကိုကြီးရဲ့သားကို ဖေဖေဝင်စားတယ်လို့ စိတ်ထဲမှာ ထင်လို့မရဘူးတဲ့။ ကလေးစကားပြောတတ်ရင် တစ်စုံတစ်ခုပြောလေမလားလို့ သူ



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ခဲ့သေးတယ်။ ကလေးက စကားပြောတတ်သည့်တိုင်အောင် ဘာမှမပြောခဲ့ပါ။

သူငယ်ချင်းသီတာရဲ့ ဘဝကလည်း ကံကောင်းတယ်ပဲ ပြောရမလား ကံဆိုးတယ်ပဲ ပြောရမလားတော့မသိ။ ရန်ကုန်ဇာတိ၊ လက်ရှိလည်း ရန်ကုန်မှာ အမေနဲ့တကွ မောင်နှမမိသားစုတွေ ရှိရဲ့သားနဲ့ အိမ်မှာမနေဘဲ အဆောင်မှာလာနေတယ်။ နေမယ်ဆိုလည်း နေလောက်ပါရဲ့။ သီတာက တက္ကသိုလ်ဆရာမဘဝတစ်ဖက်နဲ့ အပြင်စီးပွားရေးကလည်း ကောင်းရှာတယ်။

ဒါပေမဲ့ သူ့ရသမျှ မိသားစုက ကုန်အောင်ဖြုန်းနိုင်တယ်။ သူ့ကိုကိုကြီးမိန်းမဆိုရင် ဖဲရိုက်သမှ သိပ်ရိုက်။ တစ်ခါတုန်းကတော့ သီတာတစ်ယောက် ဧည့်ခံပွဲတစ်ခုကိုသွားမလို့ သူ့စိန်တွေဝတ်ဖို့ဆိုပြီး ထုတ်လည်းထုတ်ကြည့်ရော စိန်တွေရော ရွှေတွေရော ဘာတစ်ခုမှမရှိတော့။ ကိုကိုကြီးမိန်းမ ဖဲရိုက်ပစ်လိုက်တာတဲ့။

ဒီမိန်းမက သီတာတို့အိမ်မှာသာ လိုက်နေတာ ကိုကိုကြီးကိုလည်း နိုင်လေရဲ့။ သီတာ့မေမေကလည်း သားစိတ်ဆင်းရဲမှာစိုးလို့တဲ့ ဘာမှမပြော။ သီတာရှာသမျှကို ကိုကိုကြီးမိန်းမက ကုန်အောင်ဖြုန်းနိုင်သူ။ ကိုကိုကြီးရဲ့ဝင်ငွေကလည်း ကောင်းလှသည်မဟုတ်။

ကြာလာတော့ … သီတာတစ်ယောက် ဒဏ်မခံနိုင်တော့လို့ တက္ကသိုလ်ကပေးတဲ့ အဆောင်မှာ လာနေလိုက်တယ်။ သူအိမ်ပြန်ချင်လည်း တစ်ခါတလေတော့ပြန်တယ်။ မိသားစုရှိလျက်နဲ့ အထီးကျန်ဖြစ်သူ သီတာက ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဖခင်ရဲ့အရိပ်ကို တမ်းတပြီးရင်း တမ်းတရှာတာပေါ့။

တစ်ခါတစ်ရံ သီတာက ကျန်းမာရေးမကောင်းတော့ ဖြစ်





တတ်လေတယ်။ အဲဒီအခါမျိုးမှာလည်း သူ့အစ်ကိုမိသားစု သူ့အစ်မမိသားစုတွေက ဖုန်းဆက်ပြီး သတင်းမေးတာတောင် မကြားမိပါ။ သီတာကပဲ မပြောလေသလားတော့မသိ။ သီတာကတော့ သူ့မေမေသုံးဖို့ ငွေပုံမှန်ပို့ပြီး တစ်ခါတစ်ရံ အိမ်ပြန်တတ်ပါတယ်။ တစ်နေ့က သီတာ အိမ်ပြန်တော့ သူ့မိသားစုပြောတဲ့စကားတွေကို ကျွန်မတို့ကို တစ်ဆင့် ကောက်သည်ချနေလေရဲ့။ သူ့အစ်မကြီးသမီး နီလာက …

"အန်တီသီတာသေရင် အဆောင်ကို သူအရင်သွားပြီး အန်တီ့အမွေတွေ သွားယူမယ်"

အဲဒီအခါမှာ ကိုကိုကြီးရဲ့သားလည်း မပီကလာ ပီကလာနဲ့–

"မမနီနာ … တားတားလည်း အန်တီ တီတာ့အမွေတွေ လိုက်ယူမှာပေါ့။ တားတားလည်း အန်တီတော်တာပဲ"

အဲဒီတော့ နီလာက …

"ဖိုးဖြူ … နင်တို့က အန်တီသီတာ့ငွေတွေ ဖြုန်းတာများနေပြီ။ ငါတို့က အန်တီ့ဆီက ဘာမှ ဖြုန်းမထားဘူး။ ကျန်တာတွေက ငါတို့ယူရမှာ" တဲ့။

ကောင်းကြပါလေရော …။ အန်တီဖြစ်သူ ကျန်းမာရေးမကောင်းတော့ သတင်းမေးဖော်မရကြဘဲ အမွေလုဖို့တော့ အရွယ်နဲ့မလိုက်အောင် တတ်လိုက်ကြတာ။ အဲဒီလိုအမွေလုတော့ သီတာ့အမေ မြေးလေးတွေအဘွားဖြစ်သူက ကလေးတွေကို ကျီစယ်ဟန်နဲ့ ဝင်ပြောသေးတာတဲ့ …

"ညည်းတို့တွေက တူတွေ တူမတွေပဲဥစ္စာ။ ကျုပ်သမီးပစ္စည်းတွေနဲ့ ဘာဆိုင်လို့လဲ။ ကျုပ်သမီးသေရင် ဒီပစ္စည်းတွေကို ကျုပ်ပဲသွားယူမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဝင်လုသေးတာတဲ့။ သီတာက ကျွန်မကို ပြောပြတုန်းက ဟာသလေးဖက်ပြီး အပျော်သဘောနဲ့ သူ့မေမေကို ချစ်စနိုးပြောပြခဲ့တာပါ။ ပြီးတော့ . . .

"ငါသေရင် ငါ့အမွေကို လိုချင်တဲ့အထဲမှာ ငါ့အမေလည်းပါတယ် သူငယ်ချင်း။ ငါ့ဘဝက သနားစရာမကောင်းဘူးလား။ အပျိုကြီးဘဝရဲ့ ဒုက္ခတွေ။ အဲဒါသာ ကြည့်။ ဟား . . . ဟား . . . ဟား . . ."

လို့ သူက ပြောရင်းရယ်ရင်း လုပ်နေရှာတယ်။ တကယ်တော့ သီတာ့အမေလည်း သီတာ့အတွက် စိုးရိမ်တော့ စိုးရိမ်ပါတယ်။ ဘာဖြစ်သူ့ စိတ်ဆင်းရဲမှာ စိုးတဲ့အတွက်ကြောင့်- ချွေးမလုပ်သမျှ ခေါင်းငုံ့ပေးရင်း သီတာက မိသားစုထဲကနေ ဘေးရောက်သလို ဖြစ်နေရတာ။

သီတာ မိသားစုနဲ့နေရင် သောကတွေ၊ ဒေါသတွေ၊ အားငယ်မှုတွေနဲ့သာ နပန်းလုံးနေရတာဆိုတော့ အေးချမ်းရာနေရာတစ်ခုကို ကိုယ်လွတ် ရှောင်ခွာထွက်ခဲ့ရတာပေါ့။ ဒါပေမဲ့ မိခင်ဖြစ်သူကို ကရုဏာဒေါသနဲ့ စိတ်မချနိုင်သလို ဖခင်ရဲ့ ငြိမ်းချမ်းတဲ့အရိပ်ကို တသသ တမ်းတနေတာပေါ့လေ။

နောက်တော့ သိပ်မကြာပါဘူး ကျွန်မနဲ့သီတာလည်း ရန်ကုန်တက္ကသိုလ်က ပြောင်းရတယ်။ သီတာက မော်လမြိုင်တက္ကသိုလ်၊ ကျွန်မက ဘားအံတက္ကသိုလ်ကိုပေါ့။ ဘားအံနဲ့မော်လမြိုင်ဆိုတော့ ကျောင်းရက်ရှည်ပိတ်ရက်တွေမှာ ကျွန်မတို့ ချိန်းပြီး ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်ရဲ့ သဘာဝအလှတွေကို အပြည့်အဝခံစားရအောင် နေရာအနှံ့လျှောက်လည်ကြတယ်။ ဘုရားစုံလည်း ဖူးရင်းပေါ့။

သီတာကတော့ လွမ်းမောဖွယ်ကောင်းတဲ့ တောင်စဉ်တောင်တန်းတွေကို ကြည့်ပြီး သူ့ဖေဖေကို တမ်းတရှာတယ်။ တန်ခိုးကြီးဘုရား





တွေကို ဖူးမြော်တိုင်းလည်း သံသရာတစ်ကွေ့မှာ သူ့အဖေနဲ့ ပြန်ဆုံချင်သေးကြောင်း၊ သူ့အဖေရဲ့ မေတ္တာအရိပ်အောက်မှာ ငြိမ်းငြိမ်းချမ်းချမ်းနေချင်သေးကြောင်းကိုသာ တမ်းတရှာနေလေရဲ့။

နွေရာသီ Vacation ခံစားခွင့်တစ်လ ရတဲ့အခါမှာတော့ သူ့အဖေရဲ့ ဇာတိဖြစ်တဲ့ ရေနံချောင်းကို အလှူသွားလုပ်မယ်လို့ ကျွန်မကိုပြောပါတယ်။ အလှူက စုပေါင်းအလှူဖြစ်ပြီး သူက မောင်ရင်လောင်းတစ်ပါးအတွက် တာဝန်ယူမှာဖြစ်ကြောင်း၊ သူ့ဖေဖေအတွက် ရည်စူးပြီး လှူတာဖြစ်ကြောင်းတွေကိုလည်း ပြောပြပါတယ်။

ကျွန်မကတော့ ရေနံချောင်းအလှူကို လိုက်မသွားဖြစ်ပါ။ ဘားအံတက္ကသိုလ်ကပြန်ပြီး ကျွန်မရဲ့မိသားစုကိစ္စတွေကို တစ်လအတွင်း စီစဉ်ရမှာ ရှိသေးလို့ပါ။ သီတာကတော့ မော်လမြိုင်တက္ကသိုလ်ကနေ ပြန်လာပြီး သူ့အိမ်မှာ နှစ်ပတ်လောက်နားပြီးတော့ ရေနံချောင်းကို သွားလေရဲ့။ ကျွန်မတို့ ရန်ကုန်တက္ကသိုလ်မှာ ဆုံခဲ့တဲ့ သူငယ်ချင်းနှစ်ယောက်လည်း ပါသွားလေရဲ့လေ။

သူတို့ ရေနံချောင်းသွားခါနီး ကျွန်မတို့အားလုံး ရန်ကုန်တက္ကသိုလ်ထဲမှာ တစ်ခါဆုံဖြစ်ကြသေးတယ်။ အဲဒီအခါမှာလည်း သီတာက သူ့ အိပ်မက်တစ်ခု ထူးထူးခြားခြားမက်ကြောင်း ပြောပြခဲ့သေးတယ်။ သူ့အိပ်မက်ထဲမှာ သူဟာ တမာရနံ့သင်းသင်းမွှေးနေတဲ့ အညာနွေရဲ့နေပူကြီးမှာ သင်းပျံ့တဲ့တမာရနံ့နဲ့အတူ အေးမြတဲ့ လေပြေလေးတစ်ချက်ကို ထိတွေ့ခံစားလိုက်ရတယ်တဲ့။

ပြီးတော့ သူ့ဖေဖေက သူ့ကို အားရဝမ်းသာစွာ နှုတ်ဆက်စကားတွေပြောနေတုန်း ခေါင်းလောင်းသံကြီးအလှူက စည်သံမြောသံတွေကို ကြားပြီး ရုတ်တရက် လန့်နိုးသွားတယ်တဲ့။ သူတကယ် နားစွင့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့တူ ကိုကိုကြီးရဲ့သား ထမင်းပန်ကန်လွှတ်ကျတဲ့အသံ ဖြစ်နေတယ်တဲ့လေ။

ဘာပဲဖြစ်ဖြစ်ပေါ့။ ကျွန်မရဲ့သူငယ်ချင်း သီတာတစ်ယောက် ရေနံချောင်းကိုရောက်ရင် အညာနွေရဲ့နေပူကြီးထဲမှာ ကြည်နူးချမ်းမြေ့ခဲ့ပါစေလို့ပဲ ဆုတောင်းနေမိပါတယ်။

ရေနံချောင်းက သီတာတစ်ယောက် ပြန်လာတဲ့နေ့မှာတော့ အညာလက်ဆောင်တွေနဲ့အတူ ကျွန်မအိမ်ကို ရောက်လာပါတယ်။ ရောက်ရောက်ချင်းပဲ ...

"ညီမှာ ... ငါ ဖေဖေနဲ့တွေ့ခဲ့တယ်"

"ဟေ ... ဖေဖေ၊ ဟုတ်လား။ မင်းဖေဖေ"

"ဟုတ်တယ် ... ညီမှာ ငါ့ဖေဖေ"

"ဘာလဲကွာ ... မင်းကလည်း ရှင်းရှင်းလင်းလင်း ပြောစမ်းပါ"

လို့ပြောပြီး ကျွန်မ အံ့ဩသလိုလို ခပ်ကြောင်ကြောင်ဖြစ်နေတာကို သူကြည့်ပြီး သဘောကျလို့ တဟဲဟဲ လုပ်နေလေရဲ့။ ဒါနဲ့ပဲ ကျွန်မက ...

"သီတာ မင်းက ပြောလိုက်ရင် အစမရှိအဆုံးမရှိတွေချည်းပဲ။ စကားကို ပြောရင် အစနဲ့အဆုံးနဲ့ ခြေခြေမြစ်မြစ်ပြောကွာ။ ငါစိတ်မရှည်တော့ဘူး"

လို့ပြောမှ ...

"ညီမှာ ... ငါ ရေနံချောင်းမှာ ဖေဖေဝင်စားတဲ့ကလေးကို တွေ့ခဲ့တယ်"

"မင်းဖေဖေ ဝင်စားတယ်ဆိုတာ ဘယ်လိုသိနိုင်တာလဲ"





"နိုင်လုံတဲ့အကြောင်း ရှိလို့ပေါ့"

"ကဲ ... မင်းရဲ့ နိုင်လုံတဲ့အကြောင်းကို ပြောပါဦး"

"ငါ အိပ်မက်ထဲမှာ မက်တဲ့အတိုင်းပေါ့ကွာ။ ငါ ရေနံချောင်း အနောက်ရွာကိုရောက်တော့ တကယ်ပဲ တမာရနံ့ သင်းပျံ့ပျံ့လေးကို ရှိုက်မိတယ်။ ပြီးတော့ အေးမြတဲ့ လေနုအေးရဲ့ အထိအတွေ့ကိုလည်း ခံစားလိုက်ရတယ်။

အဲဒီနောက်မှာတော့ ကလေးလေးတစ်ယောက်က ငါ့ကိုပြေးကြိုတယ်။ ကလေးလေးက မေးတယ်။ အန်တီတို့ အလှူကိုလာတဲ့ ဧည့်သည်တွေလား။ အထုပ်တွေ ကူသယ်ပေးမယ်တဲ့။ သူမေးနေတဲ့ အချိန်မှာပဲ ငါ့စိတ်ထဲမှာ ပျော်ရွှင်သလို ခံစားလိုက်ရတယ်။ ပြီးတော့ ဖေဖေနဲ့ ပြန်ဆုံတွေ့ရတယ်လို့ ခံစားလိုက်ရတယ်"

"အိပ်မက်ကြောင့် ဖြစ်မှာပါ"

"မဟုတ်ဘူး ညီမှာ၊ တကယ်ကို မဟုတ်ဘူး။ ခရီးကပန်းပြီး မောလာတော့ အိပ်မက်ကိုတောင် သတိမရမိဘူး။ မေ့နေတယ်။ ငါ့စိတ်ထဲကကို အလိုအလျောက် ဖေဖေလို့ထင်လာတာ"

"ဟုတ်ပါ့မလား သီတာရယ်။ ဒီလောက်နဲ့များ"

"ဒီလောက်နဲ့တင်ပြောတာ မဟုတ်ဘူး ညီမှာ၊ တိုက်ဆိုင်မှုတွေက များလွန်းတယ်"

"ဆက်ပြောပါဦး"

ငါကလေးလေးကို ကြောင်ကြည့်နေတုန်းမှာပဲ နောက်ထပ်ကလေးတွေ ရောက်လာတယ်။ သူတို့လည်း ငါတို့အထုပ်တွေကို ဝိုင်းကူသယ်ကြပါတယ်။ ငါက ငါအဖေရဲ့ညီ ဦးဝင်းမောင်အိမ်ကို လိုက်ပို့ပေးပါလို့ပြောပြီး ကလေးတွေကဦးဆောင်လို့ ငါ့ဦးလေးအိမ်ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဖိုးဦးလေးအိမ်ရောက်တော့ ငါတာဝန်ယူရမယ့် မောင်ရင်လောင်းက ငါ့ကို ဦးစွာလာကြိုတဲ့ကလေး ဖြစ်နေတယ်။ အလှူရှင်တွေကို မဲစနစ်နဲ့လုပ်လိုက်တာ။ ငါက အဲဒီကလေးအတွက် မဲကျတာတဲ့"

"ဒီလောက်နဲ့အဖြင့် လုံလောက်ပြီလား သီတာ"

"ဟုတ်တယ် ... ညီမှာ၊ ဒီလောက်နဲ့တင် မနိုင်ထုံးသေးဘူး"

"ကဲ ... မင်းဇာတ်လမ်းက ရှည်နေပြီ၊ နောက်မှဆက်ပြော"

ဆိုပြီး ကျွန်မ သီတာ့ကိုကော်ဖီတိုက်ဖို့ မီးဖိုထဲဝင်ပြီး ပြင်ဆင်ရင်း အလုပ်ရှုပ်နေပါတယ်။ သီတာကတော့ အိမ်ရှေ့မှာ ကျွန်မ မေမေနဲ့ စကားတွေပြောလို့ နေပါတယ်။ ကျွန်မ အိမ်ရှေ့ခန်းကို ပြန်ရောက်တော့ မေမေက ရေနံချောင်းအလှူ စည်ရဲ့လား၊ ဟိုမှာ ပျော်ခဲ့ရဲ့လား ... စသည်ဖြင့် မေးမြန်းနေပါတယ်။

သီတာကလည်း သူ့ဖေဖေရဲ့ မွေးရပ်မြေမှာ ဆွေမျိုးတွေနဲ့ ပြန်ဆုံတွေ့ရပြီး နွေးထွေးတဲ့အရသာကို ခံစားရကြောင်း အားရဝမ်းသာ ပြောပြနေပါတယ်။ ကျွန်မလည်း သူ့ဖေဖေဆွေမျိုးတတည်းကနဲ့ အမြဲတိုတို မှမ်းကျုပ်ခံစားနေရတဲ့ သီတာတစ်ယောက် စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်နေတာကိုတွေ့တော့ အပျော်တွေတောင် ကူးစက်လာသလိုလိုပင်။ ပြီးတော့မှ ...

"သီတာ ... ဒီမှာ ကော်ဖီသောက်ရင်း ဓာတ်ပုံတွေကြည့်ပါဦး။ တို့တွေခရီးထွက်ရင်း ရိုက်လာတဲ့ပုံတွေ။ စနေနေ့ကမှ သွားကူးထားတာ။ ဒါတွေက ကာရင်မြည့်နေ့မှာ ရိုက်လာတဲ့ပုံတွေ၊ ဒါတွေက မှန်ကြည့်နယ်ထဲက ပုံတွေ"

"အေးဟယ် ... ပြစမ်းပါဦး၊ ဟယ် ... ဒီမှာ ဖွဲကပင်ခေါင်း





ကြီးက အပြင်မှာလည်း လှသလို ဓာတ်ပုံထဲမှာလည်း လှနေပါရောလား"

"ဒီမှာလည်း ကြည့်ဦး ...။ ဒါက ဘုရင့်ညီဝှမှာ ရိုက်တဲ့ပုံ၊ ဒါက ရေပူစမ်းမှာ"

"အေး ... ဟုတ်ပါရဲ့၊ အောင်မယ် ... ဒီမှာ မင်းတို့ပါမောက္ခ ဇာတ်အဖြည့်နဲ့ပါလား"

"အေး ... ဟုတ်ပါရဲ့၊ ဗွဲ ကျော်မယရဲ့ ပုံ"

"သူများကိုချည်း ပြောမနေနဲ့၊ ဒီမှာ ကျိုက္ကမိစက်ခဲကပုံတွေ ကြည့်စမ်း၊ တက္ကသိုလ်ဆရာမပုံတဲ့ ... မထင်ရဘူးနော်၊ ဘောင်းဘီတို့ ရေလှိုင်းတွေကြားမှာ မြူးနေလိုက်တာ"

"သူငယ်ချင်းရယ် ... တစ်ခါတစ်လေ စိတ်အပန်းဖြေတဲ့အခါ ပေါ့တဲ့ ..."

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ"

ဓာတ်ပုံတွေအားလုံး ကြည့်ပြီးတဲ့အခါမှာတော့ သူ့ဖေဖေရဲ့ ဇာတ်လမ်းကို ပြန်စဖို့ ကျွန်မကပဲ စကားစလိုက်ပါတယ်။ အဲဒီအခါမှာတော့ သီတာက ...

"အေး ... ဟုတ်တယ် ဇာတ်လမ်းက ကောင်းခန်းရောက်မှ ဖြတ်ခန်းရပ်လိုက်ရတာ ကိုရီးယားကားလိုပဲ။ အဲဒီကောင်းခန်းက မောင်ရင်လောင်းကို ဆံချတဲ့အချိန်ပဲ သိလား။ ကိုယ်တာဝန်ယူတဲ့ မောင်ရင်လောင်းဆိုတော့ ဆံချတဲ့အခါမှာ ဆံပင်ခံတဲ့ပဝါကို ကိုယ်နဲ့ဝါနဲ့ ကိုင်ထားလေ၊ ဦးဇင်းတစ်ပါးက ဆံချတယ်၊ ကလေးက နာတယ်ဆိုပြီး ခေါင်းကို သူ့လက်နဲ့ ရုတ်တရက် လှမ်းကိုင်လိုက်တယ်"

"ခေါင်းရိတ်ဓား ထိသွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး သူငယ်ချင်း။ အဲဒီမှာ လျှို့ဝှက်ချက်တွေ့တာပဲ"

"ဘာလျှို့ဝှက်ချက်လဲကွ။ မင်းဟာကလည်း ဘာမြင်လိုက်လို့လဲ"

"ဒီမှာ . . . ကိုယ့်လက်သန်းကို ကြည့်"

ပြောတော့လည်း ကိုရင်လေးဆီက လျှို့ဝှက်ချက်ကို တွေ့တာတဲ့။ ပြတော့လည်း သူလက်ကလေးကို သူထောင်ပြနေလေရဲ့၊ သိတာ လုပ်လိုက်ရင် အဲဒီလိုချည်းပဲ၊ ကျွန်မနားမလည်နိုင်စွာ ကြည့်နေဆဲမှာပဲ . . .

"ဒါက ငါ့ရဲ့ ဒီဘဝလျှို့ဝှက်ချက်ပဲ။ မင်း သိပြီးသားပဲလေ။ ကိုယ်တို့မျိုးရိုးမှာ လက်သန်းလေး ကောက်နေတတ်တာလေ။ အဲဒီလိုပဲ ကိုယ့်ရဲ့မောင်ရင်လောင်းကလည်း လက်သန်းလေး ကောက်နေတယ်။ သူ့ခေါင်းကို ကုတ်လိုက်တဲ့အခါမှ ငါကသွားမြင်တာ။ အဲဒါကိုမြင်တော့မှ ငါ အရမ်းဝမ်းနည်းသွားတယ်။ ဆံပင်ခံတဲ့ပဝါကို ကိုင်ပြီး ငါ မျက်ရည်တွေ တခွေခွေ စီးကျလာတယ်။ ဖေဖေမှ ဖေဖေအစစ်ပဲဆိုတာ ငါသိလိုက်ရပြီလေ။ ဝမ်းသာဝမ်းနည်းမှုတွေနဲ့ ငါ့ရင်ထဲမှာ ပြည့်ကျပ်လာတယ်"

"နေပါဦး။ ဒီကလေးက မင်းတို့သွေးမျိုးတွေထဲမှာပဲ ဝင်စားတာမဟုတ်လား"

"မဟုတ်ဘူး ညီမာရဲ့၊ ဒီကလေးက ငါတို့သွေးမျိုးတွေထဲမှာ ဝင်စားတာမဟုတ်ဘူး။ ဖေဖေ့သူငယ်ချင်းရဲ့ သားဆီမှာ ဝင်စားတာ ငါတို့သွေးမျိုးထဲကမဟုတ်ဘဲ လက်ကလေးကောက်နေတာ။ အဲဒါ ထူးခြားတာပဲ။ ပြီးတော့ ဒီထက်နိုင်လုံတဲ့အကြောင်း ရှိသေးတယ်"

"ထူးဆန်းလှချည့်လား။ ဆက်ပြောပါဦး"





"အလှူပွဲပြီးတော့ ငါသူ့မိဘတွေဆီ လိုက်သွားတယ်။ ပြီးတော့ ကလေးအကြောင်း ငါ အေးအေးဆေးဆေး မေးကြည့်တယ်။ အဲဒီကလေးက သူဟာ ဖေဖေဝင်စားတယ်ဆိုတဲ့အကြောင်း ငယ်ငယ်က ခဏခဏပြောတယ်တဲ့။ သူ့မိဘတွေက ငါတို့သိအောင် ပြောပြချင်ပေမဲ့ ဖေဖေ့ သူငယ်ချင်းဖြစ်ခဲ့သူ ကလေးရဲ့အဘိုးက ပြောခွင့်မပြုခဲ့ဘူးတဲ့"

"ဘာကြောင့် သူ့အဘိုးက ပြောခွင့် မပြုရတာလဲ။ အမှန်တရားဆိုရင် ပြောဖို့လိုတာပဲဥစ္စာ"

"မဟုတ်ဘူး၊ ဖေဖေ့သူငယ်ချင်းဖြစ်ခဲ့သူ သူ့အဘိုးက သူတို့က ဆင်းရဲတယ်၊ ငါတို့က ချမ်းသာတယ်၊ ပြောရင် ပစ္စည်းဥစ္စာ မျှော်လင့်လို့ ရင်းနှီးကျွမ်းဝင်ချင်လို့ ထင်လိမ့်မယ်၊ မပြောရဘူးဆိုပြီး သူကိုယ်တိုင် သူ့သူငယ်ချင်းဝင်စားသူ မြေးကလေးကို မရှိတဲ့ကြားက ချစ်ချစ်ခင်ခင် စောင့်ရှောက်ခဲ့တာတဲ့။ အကြောင်းတိုက်ဆိုင်ရင် သိရလိမ့်မယ်လို့လည်း ပြောခဲ့တယ်တဲ့လေ။ ခုတော့ သူပြောတဲ့အတိုင်း အကြောင်းတိုက်ဆိုင်လို့ သိရပြီလေ"

"မင်းတို့သားအဖရဲ့ ဖာတ်လမ်းကလည်း နှစ်ဘဝမြောက်စီအထိ ထူထူးဆန်းဆန်း ဆုံခဲ့တာပဲနော်။ ဒီ့အရင်ဘဝတွေကလည်း ဆုံရင်ဆုံခဲ့ကြမှာ။ သိမြင်နိုင်တဲ့ ဉာဏ်ရည်မရှိလို့သာ ဖြစ်ရမယ်နော်"

"ဟုတ်တယ် ညီမာ။ တွေ့ခဲ့တဲ့နှစ်ဘဝလုံးမှာ ဖေဖေဟာ ငါ့အတွက် အေးငြိမ်းချမ်းသာမှုတွေသာ ပေးခဲ့တယ်။ ဖေဖေ့ရဲ့မေတ္တာ၊ ဖေဖေ့ရဲ့ကျေးဇူးတွေကို ငါဘယ်လိုမေ့လို့ရမှာလဲ ညီမာရယ်"

သိတာတစ်ယောက် သူ့အဖေဖေအကြောင်းကို မမောနိုင်မနိုင်ပြောရင်း အချိန်တွေက ကုန်းမှန်းမသိကုန်ဆုံးလို့ ညနေစောင်းပင်



www.burmeseclassic.com

ရှိနေပါပြီ။ နားနားနေနေ ညစာစားပြီးမှပြန်ရန် ကျွန်မတားတာမို့ ညနေစာထမင်းစားပြီးမှ သူ့အိမ်ကို အေးအေးလူလူ ပြန်သွားလေရဲ့။

ဒါနဲ့တင် သီတာနဲ့သီတာ့ဖေဖေ ဘဝဇာတ်ကြောင်းက မပြီးသေးပါချေ။ ကျွန်မတို့ Vacation ခံစားခွင့်ရက်ကုန်လို့ ပြန်မည့်မနက်မှာပဲ သီတာ ကျွန်မဆီကို ဖုန်းဆက်ပါတယ်။

"ဟဲလို ... ညိုမာ"

"အေး ... သီတာပြော"

"ငါ ... ထီပေါက်တယ် သိလား။ ၁၀ သိန်းဆု"

"ဟယ် ... တယ်ဟုတ်ပါလား သီတာ။ မင်း ကံတယ်ကောင်းနေပါလား"

"အေး ... နောက်ထပ် ထူးဆန်းတဲ့အရာတစ်ခုပဲ ညိုမာ သိလား။ အဲဒီထီလက်မှတ် ဘယ်ကရတယ်ထင်လဲ"

"ငါ ဘယ်လိုသိမှာလဲ"

"အေး ... ငါပြောပြမယ်။ ငါ ရေနံချောင်းအလှူသွားတုန်းက အဲဒီမှာ အလှူရှင်တစ်ဦးက ဦးပဉ္စင်းတွေနဲ့ ကိုယ်ရင်တွေအတွက် ထီလက်မှတ်တွေလှူတာ ငါ့ကိုရင်က ငါ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီလက်မှတ်ကို ဒကာမအတွက် စွန့်ပါတယ်ဆိုပြီး စွန့်လိုက်တာ။ ငါကလည်း အတန်တန် ငြင်းပါတယ်။

နောက်ဆုံးတော့ သူ့မိဘတွေကလည်း ကိုရင့်ကျေနပ်အောင် လက်ခံလိုက်ပါလို့ တိုက်တွန်းတာကြောင့် ငါလက်ခံခဲ့တယ်။ မထူးဆန်းဘူးလား ညိုမာရယ်။ ဖေဖေဟာ ငါ့အတွက်ဆိုရင် အမြဲတမ်း ကောင်းကျိုးကိုပဲ ဆောင်ခဲ့တာ။ ခုလည်း ဒီငွေတွေအားလုံးကို ငါမသုံးဘူး။





ကိုရင်လေးအတွက် ရည်စူးထားတယ်။ ခုတော့ ငါ မော်လမြိုင်ပြန်ရဦးမှာမို့ ဘာမှမစီစဉ်ခဲ့ရသေးဘူး။ နောက်မှ စီစဉ်ရတော့မယ်"

"အေး ... ကြားရတာ ဝမ်းသာတယ် သူငယ်ချင်း။ မင်းတို့သားအဖကြားမှာ ငါတောင် အတော်ကြည်နူးဝမ်းသာမိတယ်။ ဘဝအဆက်ဆက် လွှမ်းခြုံလာတဲ့ မေတ္တာတရားရဲ့ အကျိုးဆက်တွေပေါ့ကွာ"

"အေး ... ဟုတ်တယ်ကွ။ ဒါနဲ့မင်းလည်း ဘားအံပြန်ခါနီး အလုပ်ရှုပ်နေချိန်မှာ ကိုယ့်စကားတွေ နားထောင်နေရလို့ အချိန်တွေကုန်နေပြီ။ မော်လမြိုင်ရောက်မှ ဖုန်းထပ်ဆက်မယ်။ ဒါပဲနော်"

"အေး ... အေး ... သူငယ်ချင်း။ ဒါပဲ .. ဒါပဲ"

ကျွန်မလည်း သီတာဖုန်းချပြီး ကျွန်မဘားအံကိုယူသွားဖို့ ပစ္စည်းတွေ စုရင်းဆောင်းရင်း ရေချိုးရင်းဆိုရင်း အလုပ်ရှုပ်နေတာမို့ သီတာတို့သားအဖရဲ့ ဘဝဇာတ်ကြောင်းများကို ခဏမေ့ထားလိုက်ပါတယ်။

ညနေစောင်း ကားပေါ်ရောက်တော့မှ သူတို့သားအဖရဲ့ ဘဝဇာတ်ကြောင်းက ခေါင်းထဲ ပြန်ရောက်လာပါတော့တယ်။ သီတာ မကြာခဏ တသသပြောလေ့ရှိတဲ့ စကားတွေကလည်း ခေါင်းထဲမှာ အစီအရီ။ ကျွန်မအသိအိမ်သွားတုန်းက ယပ်တောင်ကလေးက ပေးစွမ်းတဲ့ လေပြေသာလေက သူ့ဖေဖေမေတ္တာ ... တဲ့။

သီတာပြောတဲ့စကားတွေကို ပြန်စဉ်းစားကြည့်မိပြန်တော့ သူ၊ သူ့ဖေဖေကို ကလေးလေးလို့ အိပ်မက်မက်ပြီး ၉ လအကြာမှာ ကိုကိုကြီးရဲ့သားကိုမွေးတော့ ကိုကိုကြီးရဲ့သားကိုပဲ သူ့ဖေဖေဝင်စားတယ်လို့ ခံစားရတာလည်း သဘာဝကျတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုတွေ့တဲ့ ကိုရင်လေးဟာလည်း ကိုကိုကြီးရဲ့သားထက် ၁၀ ငယ်တော့ ဒါလည်း တိုက်ဆိုင်နေပြန်တယ်။ ခိုင်လုံတဲ့အကြောင်းတွေ ခပ်များများဆိုတော့ တိုက်ဆိုင်မှုတွေ များလွန်းတယ်လို့ပဲ ကျွန်မ တွေးနေမိပါတယ်။

ဒါတင်မကဘူး။ သိတာ့ဖေဖေဆုံးပြီး အသုဘကိစ္စလုပ်တော့ သိတာက သူ့ဖေဖေရဲ့အခေါင်းထဲမှာ ဒန်ပေါက် ၁ ထုပ် ထည့်ပေးလိုက်တယ်။ သူ့ဖေဖေသုံးဖို့ငွေလည်း ထည့်ပေးလိုက်မလို့တဲ့။ ဌာနက ဆရာတွေ မနည်းတားတာတောင်မရ။ ထည့်ပေးလိုက်သည်ထင်ပါတယ်။ သူထည့်မပေးလိုက်မိတာ တစ်ခုတော့ရှိလေရဲ့၊ အဲဒါကတော့ သောက်ဖို့ရေဘူးတဲ့။

ဒါကြောင့် သူ့ရဲ့အိပ်မက်တွေထဲမှာ သူ့ဖေဖေက ရေဆာတဲ့အကြောင်း ခဏခဏ ပြောလေ့ရှိတယ်တဲ့။ သူ့ရဲ့အစွဲအလမ်းကြောင့်ထင်ပါရဲ့။ အဲဒါကို အကြောင်းပြုပြီး သိတာက ရောက်လေရာအရပ်တိုင်းမှာ သူ့ဖေဖေအတွက်ရည်စူးပြီး ရေအလှူကို လှူလေ့ရှိတယ်။

သိတာ ... သိတာ ... သူ့ဖေဖေကို သေသည့်တိုင်အောင် ရှေ့တန်းတင်တဲ့ သမီးလိမ္မာလေးမေပဲ။ ဘူသောအကျိုးပေးမှာတော့ သေချာပါတယ်။ သူငယ်ချင်းဖြစ်သူ သိတာတို့သားအဖရဲ့ မေတ္တာအသွားအပြန်ကို စဉ်းစားရင်း မေတ္တာတတ်ရဲ့ အေးချမ်းခြင်းသဘောဟာ သံသရာရဟတ် ဘယ်နှစ်ပတ်ပဲလည်လည် ပြိုကွဲမသွားနိုင်၊ ပြယ်လွင့်မသွားနိုင်၊ ကုန်ဆုံး[illegible]နိုင်တဲ့ အမြဲတေအနှစ်ပါပဲလား ...။

နန်းရွှေရည်



www.burmeseclassic.com



ကိုအငွေ့ [illegible] လူကြီး [illegible] [illegible]

အိမ်က [illegible] [illegible]

[illegible] ကလေးတစ်သိုက် [illegible]

နားကို လူကြီးတစ်ယောက် [illegible] လာတယ်။

လူကြီးက [illegible] ခင်းဖွေ

[illegible] ပြီ [illegible] ပေါ့။

[illegible] လူကြီးတော့ [illegible]

ရုံး လူကြီးက [illegible] နေတယ်။

ပြီးတော့ [illegible] ကလေးတစ်

သိုက်ကို လှမ်းခေါ်တယ်။





"ကလေးတို့ရေ ရှေ့ခအသေဆိုးကို လာကြပါဦးကွယ့်"

[illegible] ကစားနေကြတဲ့ကလေးတွေဟာ လူကြီးဆီကို ပြေးသွားကြတယ်။

လူကြီးက ဖျော်ထားရာမှာ ရွှေယ်အိတ်ကြီးတစ်လုံးကို ချထားခဲ့တယ်။

"ကလေးတို့ မုန့်စားကြမလား"

"စားမယ် အဘ၊ စားမယ်"

ကလေးတွေက တညီတညွတ်တည်း ဖြေလိုက်ကြတယ်။

"ဘာမုန့်စားချင်ကြသလဲ ပြော။ ကလေးတို့စားချင်တဲ့မုန့် အဘကျွေးမယ်"

လူကြီးစကားကြောင့် ကလေးတစ်သိုက် ဝမ်းသာသွားကြတယ်။

ကိုအငွေ့ကတော့ လူကြီးနဲ့ အဲဒီကလေးတွေကို မလှမ်းမကမ်းက လှမ်းကြည့်နေမိတယ်။

ကလေးတစ်သိုက်ရဲ့ မျက်လုံးတွေက လူကြီးဘေးမှာချထားတဲ့ လွယ်အိတ်ဖောင်းဖောင်းကြီးဆီကို စူးပြရောက်ရှိနေကြတယ်။

"အဘမှာ မုန့်တွေပါလို့လား"

သွက်လက်ချက်ချာတဲ့ ကလေးတစ်ယောက်က ဝင်မေးတယ်။

"ပါတာပေါ့ကွယ်။ ဟောဒီလွယ်အိတ်ကြီးထဲမှာ ကလေးတို့စားချင်တဲ့မုန့်တွေ အစုံပါတယ်"

"ဟင်... ဟုတ်လို့လား အဘ"

"ဟုတ်တာပေါ့ကွယ်"

"ဒါဆိုရင် ကျွန်တော် [illegible] မုန့်စားချင်တယ် အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွယ်။ ရော့ . . . ရော့ . . ."

လူကြီးက သူ့လွယ်အိတ်ကြီးထဲကို လက်နှိုက်လိုက်တယ်။ လက်ပြန်နှုတ်လိုက်တော့ ဘိန်းမုန့်ကြီးတစ်ခု ပါလာတယ်။ အဲဒီကလေး က ဘိန်းမုန့်ကိုလှမ်းယူပြီး အားပါးတရစားတယ်။

အဲဒီမှာတင် ကျန်တဲ့ကလေးတွေကလည်း သူတို့လိုချင်တဲ့ မုန့် တွေကို လူကြီးဆီက တောင်းတော့တာပဲ။

"ကျွန်တော့်ကို မုန့်ဖက်ထုပ်ပေးပါ အဘ"

"ကျွန်တော့်ကို ကောက်ညှင်းထုပ် အဘ"

"ကျွန်တော်က မုန့်လက်ကောက်စားချင်တယ်"

လူကြီးကလည်း ကလေးတွေစားချင်တဲ့ မုန့်တွေကို တစ်ခု ပြီးတစ်ခု သူ့လွယ်အိတ်ကြီးထဲက ထုတ်ထုတ်ပြီးပေးနေတယ်။ ကလေး တွေကလည်း အားပါးတရ စားကြတာပေါ့။

ကိုအန္တော အဲဒီမြင်ကွင်းကို ငေးကြည့်နေရင်း တအံ့တသြ ဖြစ်နေမိတယ်။ လူကြီးရဲ့ လွယ်အိတ်ကြီးထဲမှာ ကလေးတွေစားချင်တဲ့ မုန့်တွေ အကုန်ပါလာသလား။

နောက်တော့ ကလေးတွေက သူတို့မစားဖူးတဲ့ ကြားဖူးနားဝ သာရှိတဲ့ မုန့်တွေကိုပြောတော့ လူကြီးကလည်း သူ့လွယ်အိတ်ကြီးထဲက ထုတ်ပေးလိုက်တာပဲ။

အဲဒီလို မုန့်မျိုးစုံကို စားသောက်ပြီးကြတော့ ကလေးတွေက မာလကာသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ ပန်းသီး၊ စပျစ်သီး၊ ကျွဲကော သီး စတဲ့ အသီးမျိုးစုံကို သူတို့စိတ်ထဲရှိတဲ့အတိုင်း လူကြီးဆီက တောင်း ကြပြန်တယ်။

လူကြီးကလည်း ကလေးတွေတောင်းတဲ့အတိုင်း သူ့လွယ်အိတ်





ကြီးထဲက နှိုက်,နှိုက်ပြီး ထုတ်ပေးနေတယ်။ အတော်ကြာတော့ ကလေး တွေလည်း မစားနိုင်ကြတော့ဘူး။ ဗိုက်ကားသွားကြပြီ။

"ကဲ . . . ကဲ . . . ဟောဟိုက သစ်ပင်ရိပ်အောက်မှာ သွားပြီး အနားကြတော့"

"ဟုတ်ကဲ့ပါ အဘ"

လူကြီးကပြောလိုက်တော့ ကလေးတစ်သိုက်က သစ်ပင်ရိပ် အောက်ကိုသွားပြီး ခေါ့ကစားနေကြတော့တယ်။

ကိုအန္တောက ခပ်လှမ်းလှမ်းကနေ လူကြီးကိုကြည့်ပြီး အံ့သြ နေမိတယ်။ အံ့သြမယ်ဆိုရင်လည်း အံ့သြစရာပါပဲ။ လူကြီးရဲ့ လွယ် အိတ်ကြီးထဲမှာ ဒီလောက်စုံတဲ့ မုန့်မျိုးစုံ၊ သစ်သီးမျိုးစုံ ပါလာနိုင်ပါ့ မလား။ ကလေးတွေစားချင်တဲ့ မုန့်တိုင်းကို သူ့လွယ်အိတ်ကြီးထဲက ထုတ်ပြီး ပေးနိုင်တာ။ ပြီးတော့ ကလေးတွေစားချင်တဲ့ သစ်သီးတိုင်း ကိုသူ့လွယ်အိတ်ကြီးထဲက ထုတ်ပြီးပေးနိုင်တယ်။

ဒါတွေဟာ မြင်နေရတဲ့ ကိုအန္တောအတွက်တော့ မယုံနိုင်စရာ ကောင်းလှတယ်။ ကလေးတွေကတော့ ဒါတွေကို ရိပ်တောင်ရိပ်မိပုံ မရ ပါဘူး။

မဟုတ်မှလွဲရော ဒီလူကြီးရဲ့ လွယ်အိတ်ကြီးဟာ ဣန္ဒြာသယ လွယ်အိတ်ကြီးများ ဖြစ်နေလေရော့သလား။

ကိုအန္တော ဒီလူကြီးနဲ့ သူ့လွယ်အိတ်ကြီးကို တော်တော်စိတ် ဝင်စားသွားမိတယ်။ ဒါနဲ့ ဇရပ်ကြီးဆီကို တန်းတန်းမတ်မတ် လျှောက် သွားပြီး လူကြီးနဲ့ စကားပြောမိတော့တယ်။

ကိုအန္တောက လူကြီးကို ကလေးတွေတောင်းသမျှ မုန့်တွေ၊ သစ်သီးတွေကို လွယ်အိတ်ကြီးထဲက ထုတ်ယူပေးနေတာဟာ မယုံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရောကောင်းတဲ့အကြောင်း ပြောလိုက်တော့ လူကြီးက ကိုအန္တောကို ကြည့်ပြီး ပြုံးတယ်။ ပြီးမှ . . .

"ကျုပ်လွယ်အိတ်ကြီးထဲမှာ အဲဒါတွေ အကုန်ပါတယ်။ အဲဒါ ကြောင့် ပေးနိုင်တာပေါ့"

လို့ပြောတယ်။

"ထူးတော့ထူးတယ် အဘ"

"ဘာတွေထူးတာလဲ"

"အဘ လွယ်အိတ်ကြီးရော အဘရော ထူးတယ်"

"ထူးအောင်ကျင့်ရင် ထူးတာပေါ့ကွယ်"

"အဘမှာ ထူးအောင်ကျင့်တဲ့ ကျင့်စဉ်တွေ ရှိသလားအဘ"

"ရှိတာပေါ့ကွယ်"

"ရှိရင် ကျွန်တော့်ကို သင်ကြားပေးခဲ့ပါလား"

အဲဒီနောက်တော့ အဲဒီလူကြီးက ကိုအန္တောကို သူနဲ့အတူလိုက် ခဲ့ဖို့ ခေါ်သွားလိုက်တာ ကိုအန္တောလည်း ရွာကနေပြီး သုံးနှစ်လောက် ပျောက်သွားတော့တယ်။

သုံးနှစ်ကျော်မှ ရွာကိုပြန်ရောက်လာတယ်။

ရွာကိုပြန်ရောက်တဲ့ နောက်ပိုင်းမှာ ကိုအန္တောဟာ အရင်ကနဲ့ မတူတော့ဘူး။ နေပုံထိုင်ပုံကအစ ပြောင်းလဲလာတယ်။ တည်ငြိမ်ရင့် ကျက်လာတယ်။ အေးအေးလာတယ်။ ဒါပေမဲ့ ကိုအန္တောရဲ့အကြောင်း ကို ဘယ်သူမှ မသိကြသေးပါဘူး။

ကိုအန္တောဟာ ရွာမှာ တစ်ယောက်တည်းသမားပါ။ အိမ်ထောင် မရှိပါဘူး။ လူလွတ်ပေါ့။ မိဘနဲ့ဆွေမျိုးတွေတော့ ရှိတယ်။ ဒါပေမဲ့ ကိုအန္တော ဟာ လူကြီးနဲ့လိုက်သွားပြီး ရွာကိုပြန်ရောက်လာကတည်းက မိဘတွေ





အိမ်မှာ မနေတော့ဘူး။ ရွာအရှေ့ပိုင်းမှာ ခြံနဲ့ဝင်းနဲ့ အိမ်တစ်လုံးနဲ့ သီးသန့်နေတယ်။ ကိုအန္တောရဲ့မိဘတွေကလည်း တောသူတောင်သားတွေဆို တော့ ကိုအန္တောနေချင်သလို စိတ်တိုင်းကျထားနိုင်တယ်။

တစ်နေ့ ကိုအန္တောရဲ့ ခြံနီးချင်းတစ်ဦးပိုင်တဲ့ နွားတွေထဲက တစ်ကောင်ပျောက်သွားတယ်။ အဲဒီခြံနီးချင်းက ကိုအန္တောရဲ့ ဦးလေး တစ်ဝမ်းကွဲ ဦးအောင်ဘော်ပေါ့။

ညနေစောင်းတော့ တခြားနွားတွေက ပြန်လာပေမယ့် အဲဒီ နွားတစ်ကောင်ကတော့ ပြန်မလာဘူး ပျောက်နေတယ်။

ဦးလေးက နွားပျောက်လို့ ညည်းနေတာကို ကိုအန္တောတွေ့ တော့ သူ့ပညာကို စမ်းသပ်ချင်တဲ့စိတ်တွေ ပေါ်လာတယ်။ သူ့ပညာ ကတော့ တခြားတော့မဟုတ်ဘူး သူ့ကိုခေါ်သွားတဲ့ လူကြီးက သင်ကြား ပေးခဲ့တဲ့ ပညာရပ်တွေထဲက ပညာရပ်တစ်ခုပေါ့။

အဲဒါနဲ့ ကိုအန္တော ဦးအောင်ဘော်တို့ခြံဘက် ကူးသွားတယ်။

"ဦးလေး . . . နွားပျောက်လို့ဆို"

"ဟုတ်တယ် ကိုအန္တော"

ဦးလေးမျက်နှာက မရွှင်မလန်းဖြစ်နေတယ်။ ဦးလေးက ကိုအန္တောကို မောင်အန္တောလို့မခေါ်ဘဲ ကိုအန္တောလို့ပဲ တလေးတစား ခေါ်တယ်။ ဒါပေမဲ့ ပြောတော့ မင်းနဲ့ငါနဲ့။

"ဦးလေးပျောက်နေတဲ့နွား ကျွန်တော် ရှာပေးပါ့မယ်"

"ရှာမနေပါနဲ့တော့ကွာ။ မနေ့ကတစ်နေ့လုံး ရှာနေတာ နံ့နေ ဘယ်မှာမှ မတွေ့ဘူး"

ဦးလေးက စိတ်ပျက်လက်ပျက် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဒီအတိုင်းရှာမှာ မဟုတ်ဘူး။ ပညာနဲ့ရှာမှာ ဦးလေးရဲ့"

"ဟော ..."

ကိုအန္တောစကားကြောင့် ဦးအောင်ဘော် အံ့သြသွားတယ်။

"မင်းက ဘယ်လိုပညာနဲ့ ရှာမှာလဲ ကိုအန္တော"

ကိုအန္တောက ပြုံးနေတယ်။ ပြီးမှ ...

"ဦးလေး ကြည့်လေ။ ဦးလေးနွားကို ကျွန်တော် တွေ့အောင် ပြန်ရှာပေးပါ့မယ်"

"တကယ်လား"

"တကယ်ပေါ့ ဦးလေးရဲ့"

ဒါနဲ့ ကိုအန္တောလည်း နွားပျောက်တဲ့ကိစ္စအတွက် သူတတ်ထားတဲ့ပညာရပ်နဲ့ အစီအရင်တစ်ခု ချက်ချင်းပြုလုပ်ဆောင်ရွက်လိုက်တယ်။ ဦးအောင်ဘော်ကတော့ ကိုအန္တောလုပ်သမျှ ကိုင်သမျှတွေကို နားမလည်နိုင်သလို ငေးကြည့်နေတယ်။ ဘာတစ်လုံးမျှတော့ ဝင်မမေးဘူး။ သူ့စိတ်ထဲမှာ ပျောက်သွားတဲ့နွားကို ပြန်တွေ့ဖို့ကပဲ လွမ်းမိုးနေတယ်မဟုတ်လား။

ကိုအန္တော အဲဒီလို ပြုလုပ်ပေးပြီး သိပ်မကြာပါဘူး။ တစ်နေ့နဲ့တစ်မနက်အကြာမှာ ပျောက်နေတဲ့နွားကို ပြန်ပြီးတွေ့ပါလေရော။ ပျောက်နေတဲ့နွားက တခြားနွားတွေနဲ့အတူ စားကျက်အတွင်း သွားလာနေကျဖြစ်ပေမဲ့ ပျောက်တဲ့နေ့မှာတော့ နွားအုပ်ထဲကခွဲထွက်ပြီး နယ်မြေကျော်သွားခဲ့တယ်။

အဲဒီနေ့က နွားရှာထွက်တော့ ကိုအန္တောကပဲ ဦးဆောင်ပြီး ထွက်ခဲ့တယ်။ လိုက်ရှာလို့ ပြန်တွေ့တဲ့အချိန်မှာတော့ ပျောက်နေတဲ့နွား





ဘာ အတန်ငယ်နက်တဲ့ ရိုးအတွင်းမှာ နုန်းကျွံနေတာကို တွေ့လိုက်ကြရတယ်။ အဲဒါနဲ့ နုန်းကျွံနေတဲ့နွားကို လူအင်အားနဲ့ နုန်းထဲက ဆွဲနှုတ်ခဲ့ကြရတယ်။

ကိုအန္တော ဝမ်းသာနေတယ်။ သူ့ဦးလေး ဦးအောင်ဘော်လည်း ဝမ်းသာနေတယ်။ ဦးအောင်ဘော်က သူ့နွားပျောက်ကို ပြန်တွေ့လို့ ဝမ်းသာနေတာဖြစ်ပြီး ကိုအန္တောကတော့ သူပထမဦးဆုံး စမ်းသပ်တဲ့ ပညာရပ်နဲ့ အစီအရင် အောင်မြင်တဲ့အတွက် ဝမ်းသာနေတာဖြစ်တယ်။

ဦးအောင်ဘော်က သူ့နွားပြန်တွေ့အောင် လုပ်ပေးတဲ့ ကိုအန္တောကို ကျေးဇူးတင်နေတယ်။ ကိုအန္တောကလည်း သူ့ပညာရပ် အစီအရင်ကို စမ်းသပ်ခွင့်ရတဲ့အတွက် ဦးအောင်ဘော်ကို ကျေးဇူးတင်နေတယ်။

နွားပြန်တွေ့ပြီးတော့ ဦးအောင်ဘော်က ကိုအန္တောကို ...

"နေပါဦး ... ကိုအန္တောနဲ့။ ပျောက်နေတဲ့နွားကို မင်းပညာနဲ့ရှာလို့ အခုပြန်တွေ့ရပြီ။ မင်းပညာက ဘာပညာလဲ။ ငါ့ကို ပြောပြစမ်းပါဦး"

ကိုအန္တောက သူ့ဦးလေးကို ပြုံးပြီးကြည့်တယ်။ ပြီးမှ ...

"နောက်တော့ ပြောပြမယ်။ အခုတော့ မသိချင်နဲ့ဦး ဦးလေး။ ပညာရပ်တစ်ခုဆိုတာ တစ်ကြိမ်တစ်ခါစမ်းသပ်ကြည့်လို့ အောင်မြင်ရုံနဲ့ အလုံးစုံ မှန်ကန်ပြီလို့ ပြောလို့မရသေးဘူး။ ဒီတော့ ကျွန်တော် နောက်တစ်ခါ စမ်းသပ်ကြည့်ချင်သေးတယ်"

"ဘယ်လို စမ်းသပ်ကြည့်မှာလဲ။ နောက်တစ်ခါ နွားပျောက်၊ နွားပျောက်ကြုံမှ စမ်းသပ်ကြည့်မှာလား"

"ဒါပေါ့ ဦးလေးရ"

www.burmeseclassic.com



"ဒါဆိုရင် မင်းပညာက ပျောက်တာတွေကို တွေ့အောင်ရှာနိုင်တဲ့ ပညာလား"

"ဒီ့ထက် နက်နဲပါတယ် ဦးလေး။ နောက်တော့ ဦးလေးသိရမှာပေါ့"

"မင်း ရွာကပျောက်သွားပြီးတဲ့ နောက်ပိုင်းမှာ ဒီပညာတွေကို တတ်လာတာပေါ့ ဟုတ်လား"

"ဦးလေးပြောတဲ့ အတိုင်းပါပဲ"

အဲဒီလိုနေလာရင်းနဲ့ ကိုအန္တော သူ့ပညာ၊ သူ့အစီအရင်ကို စမ်းသပ်ဖို့ အခွင့်အရေးတစ်ရပ် ကြုံလာပြန်ရော။ အဲဒါကတော့ တခြားမဟုတ်ဘူး။ ရွာထဲက သူ့အစ်ကိုဝမ်းကွဲတော်တဲ့ ကိုအောင်မင်းရဲ့ ကျွဲတစ်ရှဉ်း ပျောက်သွားတဲ့အဖြစ်ပါပဲ"

ကိုအောင်မင်းတစ်ယောက် အမောတကောနဲ့ ကိုအန္တောဆီ ရောက်လာတယ်။ ပြီးတော့ အမောတောင် မပြေနိုင်သေးဘဲ ...

"ကိုအန္တောရေ ... ငါ့ကိုကူညီပါဦးကွာ။ ငါ့ ကျွဲနှစ်ကောင် ပျောက်သွားလို့ကွ။ အဲဒါ မင်းမှာ ပျောက်သွားတာတွေကို တွေ့အောင် ရှာနိုင်တဲ့ပညာ ရှိတယ်ဆိုလို့ ငါလာခဲ့တာ"

အားကိုးတကြီး ပြောတယ်။

"အစ်ကို့ကျွဲနှစ်ကောင်က ဘယ်လိုလုပ်ပြီး ပျောက်သွားတာလဲဗျ"

"ပျောက်ပုံကလည်း ထူးဆန်းတယ်ကွ။ အစ်ကိုညအချိန်မှာ စပါးနယ်ပြီးတိုင်း ကျွဲတွေကို ချည်တိုင်မှာ ချည်ထားလေ့ရှိတယ်။ မနက် မိုးလင်းမှ ချည်တိုင်ကလွှတ်ပြီး ကျောင်းလေ့ရှိတယ်။

အဲဒါ မနက်ကတော့ ထုံးစံအတိုင်း ချည်တိုင်ကလွှတ်ပြီး





ကျောင်းဖို့သွားကြည့်တော့ အဲဒီကျွဲနှစ်ကောင်စလုံး ချည်တိုင်မှာ မရှိတော့ဘူးကွ။ ချည်တိုင်ဒုတ်ကလည်း မူလအနေအထားအတိုင်းပဲ။ ကျွဲနှစ်ကောင်စလုံး ရုန်းထွက်လို့ လွတ်သွားတယ်ဆိုရင်လည်း ပြတ်သွားတဲ့ ကြိုးအစအနတွေကို ချည်တိုင်မှာ တွေ့ရမှာပေါ့။

အခုတော့ လုံးဝမတွေ့ရဘူး။ အဲဒီတော့ ထူးဆန်းမနေဘူးလားကွ။ အစ်ကိုထင်တာတော့ တစ်ယောက်ယောက်က ကျွဲနှစ်ကောင်ကို ခိုးယူသွားတာပဲဖြစ်ရမယ်"

"ဟုတ်တယ် အစ်ကို။ အဲဒီအတိုင်း ဖြစ်နိုင်တယ်"

"အဲဒီတော့ ငါ့ညီအစီအရင်ပညာနဲ့ ကျွဲတွေကို ပြန်တွေ့အောင် မြန်ရအောင် လုပ်ပေးပါလား ငါ့ညီရာ"

ကိုအောင်မင်းက ယုံကြည်အားကိုးစွာနဲ့ ပြောတော့ ကိုအန္တောလည်း သူ့ပညာကို စမ်းသပ်ချင်တာနဲ့ အတော်ဖြစ်သွားတယ်။

"အစ်ကို ဘာမှစိတ်မပူနဲ့။ ကျွန်တော် လုပ်ပေးပါ့မယ်"

ဒါနဲ့ ကိုအန္တောလည်း ဦးလေးဦးအောင်ဘော် နွားပျောက်တဲ့ ကိစ္စတုန်းက လုပ်ပေးခဲ့တဲ့ အစီအရင်အတိုင်း လုပ်ပေးပြန်တယ်။

အစီအရင်လုပ်ပြီးတဲ့နောက် တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်ကြာတဲ့အထိ ဘာမှမထူးခြားဘူး။ ကိုအောင်မင်းက ဘယ်လိုလဲဆိုတဲ့သဘောမျိုးနဲ့ ကိုအန္တောကိုကြည့်တယ်။

ဒီအစီအရင်မစွဲရင် နောက်ထပ်အစီအရင်တစ်ခု ထပ်ပြီး လုပ်ပေးပါဦးဆိုတဲ့ သဘောမျိုးမှန်း ကိုအန္တောသိနေတယ်။ ဒါပေမဲ့ ကိုအန္တောက အစီအရင်ကို စမ်းသပ်တယ်ဆိုပေမယ့် စိတ်ထဲမှာတော့ ယုံကြည်မှု အပြည့်အဝ ရှိနေတယ်။

"တစ်ခုတော့ရှိတယ် အစီအရင်ပညာက မှန်ကန်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင် ကိုအောင်မင်းဘက်က တစ်စုံတစ်ရာ ချို့ယွင်းချက်ရှိနေရင်တော့ အစီအရင်က အဟောသိကံ ဖြစ်သွားနိုင်ပါတယ်။

ချို့ယွင်းချက်ဆိုတာကတော့ တခြားမဟုတ်ပါဘူး။ ကာယကံရှင်ဟာ တကယ်လို့ အတိတ်ကာလက သူတစ်ပါးပစ္စည်းကို လုယူနိုက်ခဲ့တာမျိုး ပြုလုပ်ခဲ့ဖူးရင်တော့ အစီအရင်က အောင်မြင်နိုင်ဖို့ ခဲယဉ်းသွားတတ်ပါတယ်။

ပြီးတော့ ပျောက်ဆုံးသွားတဲ့ ပစ္စည်းဟာ သက်ရှိပစ္စည်းဖြစ်နေတဲ့အတွက် သူ့သက်တမ်း ကုန်နေပြီဆိုရင်တော့ ပြန်ရဖို့ မဖြစ်နိုင်တော့ပါဘူး။ ပြီးတော့ ပျောက်ဆုံးသွားတဲ့ ပစ္စည်းဟာ သမ္မာအာဇီဝလုပ်ငန်းနဲ့ ရှာဖွေဝယ်ယူရရှိထားတဲ့ပစ္စည်း မဟုတ်ခဲ့ရင်လည်း ဒီအစီအရင်ဟာ မအောင်မမြင် ဖြစ်တတ်ပါတယ်။

ဒါက အစီအရင်ပညာရဲ့ ထူးခြားချက်ပေါ့"

ကိုအန္တောက အဲဒီအကြောင်းတွေကို ရှင်းပြတော့ ကိုအောင်မင်း ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီး ...

"ငါက သမ္မာအာဇီဝလုပ်ငန်းက ရတဲ့ငွေနဲ့ ဒီကျွဲနှစ်ကောင်ကို ဝယ်ခဲ့တာပါကွာ။ ပြီးတော့ ငယ်စဉ်ကလေးဘဝကတည်းက ထားပါတော့ကွာ ... သိတတ်တဲ့အချိန်ကတည်းက သူတစ်ပါးပစ္စည်းကို နှိုက်ယူခဲ့ဖူးတာ မရှိပါဘူး"

"ဒါဆိုရင် အစ်ကို့ပစ္စည်း ... အဲ ... ကျွဲနှစ်ကောင်ပြန်ရဖို့ ရှိပါတယ်။ စိတ်အေးအေးသာ ထားပါ"

"အေးပါ ... ငါ စိတ်အေးအေးထားပါတယ်"

ကိုအန္တောကလည်း အစီအရင်ကို စမ်းသပ်တယ်ဆိုပေမယ့် သူ့အစီအရင်ကိုသူ ယုံကြည်တယ်။ ဒီအစီအရင်ပညာတွေနဲ့ တခြား





သော ဂမ္ဘီရပညာရပ်တွေကို လူကြီးက သူ့ကို သေသေချာချာ သင်ကြားပေးသွားခဲ့တာ မဟုတ်လား။

ဒါပေမဲ့ မကြာပါဘူး အစီအရင်ပြုလုပ်ပြီး (၇)ရက်မြောက်တဲ့နေ့မှာ ပျောက်သွားတဲ့ကျွဲနှစ်ကောင် သူ၏ချည်တိုင်မှာ ပြန်ရောက်နေတာကို အံ့ဩဖွယ်ရာ တွေ့လိုက်ရတယ်။

ကိုအောင်မင်း ကိုအန္တောဆီ အပြေးတစ်ပိုင်း ရောက်လာပြီး ...

"ကိုအန္တောရေ ... မင်းအစီအရင် စွမ်းသဟ။ လိုက်ကြည့်ပါဦး။ ပျောက်သွားတဲ့ ကျွဲနှစ်ကောင် သူ့ချည်တိုင်မှာသူ ပြန်ရောက်နေပြီ"

ကိုအောင်မင်းက တအံ့တဩ ပြောနေပေမဲ့ ကိုအန္တောကတော့ မအံ့ဩသလိုနဲ့ ပြုံးနေတယ်။

"လာပါ ငါ့ညီရ ... လိုက်ကြည့်ပါဦး"

ကိုအန္တောလိုက်ကြည့်တော့ တကယ်ပဲ ပျောက်သွားတဲ့ကျွဲနှစ်ကောင်ဟာ စပါးနယ်တဲ့နံဘေးက ချည်တိုင်မှာ ချည်ထားလျက်သားတွေ့ရတယ်။

ကိုအောင်မင်းက သူ့ကျွဲနှစ်ကောင်ကို ဝမ်းသာအားရ ကြည့်နေရင်း ...

"ဒီမှာငါ့ညီ ... မင်းအစီအရင်နဲ့ ငါ့ကျွဲတွေကို ပြန်ခေါ်လိုက်တာလားကွ။ ဒါမှမဟုတ် ကျွဲခိုးသွားတဲ့သူတွေ ကျွဲတွေကို သူ့နေရာသူ ပြန်လာထားအောင် စီရင်လိုက်တာလားကွ"

"နှစ်ခုစလုံးပေါ့ အစ်ကိုရာ"

"မင်းအစီအရင်ပညာကတော့ အံ့ဩစရာပါပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မင်းက ကိုအန္တွာကို အံ့သြလေးစားဟန်နဲ့ ပြောတယ်။

အမှန်တော့ ကိုအန္တွာဟာ ဦးလေးဦးအောင်သော် နွားပျောက်တုန်းက ပြုလုပ်ပေးခဲ့တဲ့ အစီအရင်အတိုင်း ပြုလုပ်ပေးလိုက်တာပါပဲ။

နောက်တော့ သိပ်မကြာပါဘူး။ ကျွဲပျောက်တဲ့အကြောင်းရင်းက ပေါ်ပေါက်လာတယ်။

အရင်တုန်းက ကိုအောင်မင်းဆီမှာ စာရင်းငှားလုပ်သွားခဲ့ဖူးတဲ့ စန်းမောင်နဲ့ဘွေးလွင်ဆိုတဲ့ လူနှစ်ယောက်ရှိတယ်။ အဲဒီလူနှစ်ယောက်က ကိုအောင်မင်းကျွဲနှစ်ကောင်ကို လာခိုးသွားတာပါပဲ။

ခိုးပြီးတော့ ကျွဲတွေကို သူတို့ အရင်ရောင်းနေကျဖြစ်တဲ့ ပင်လယ်ကမ်းစပ်က ရွာတစ်ရွာကို မောင်းယူသွားကြတယ်။ စန်းမောင်နဲ့ ဘွေးလွင်တို့နှစ်ယောက် အဲဒီရွာက ရွာခံတချို့နဲ့ပေါင်းပြီး ခိုးယူလာတဲ့ ကျွဲတွေကို လာလာရောင်းနေတာ အဲဒီရွာက လူကြီးတချို့က ရိပ်မိနေတာ ကြာပြီ။

ဖြစ်ချင်တော့ အဲဒီနေ့ညက အဲဒီရွာက လူကြီးတစ်ဦးဖြစ်တဲ့ ဦးပွင့်ကောင်း ဟူးဆန်းတဲ့အိပ်မက်တစ်ခု မြင်မက်တယ်။ အိပ်မက်ထဲမှာ အဘိုးကြီးတစ်ယောက်ကို တွေ့ရပြီး အဲဒီအဘိုးကြီးက ဦးပွင့်ကောင်းကို ...

"မင်းတို့ရွာကို လူနှစ်ယောက်နဲ့ကျွဲနှစ်ကောင် ရောက်လာလိမ့်မယ်။ အဲဒီလူနှစ်ယောက်က ကျွဲသူခိုးတွေပဲ။ သူတို့နဲ့ပါလာတဲ့ ကျွဲနှစ်ကောင်ဟာ ခိုးလာတဲ့ ကျွဲတွေပဲ။ အဲဒီတော့ အဲဒီကျွဲသူခိုးနှစ်ယောက်ကို ရွာထိပ်က ဆီးဖမ်းပြီး ခိုးယူလာတဲ့ကျွဲနှစ်ကောင်ကို (...) ရွာက ပိုင်ရှင်ဖြစ်တဲ့လူဆီကို ပြန်ပို့ပေးလိုက်"





လို့ပြောပြီး ပျောက်ကွယ်သွားတယ်။

မနက်မိုးလင်းတော့ ရွာထဲက လူကြီးတချို့ကို အိပ်မက်အကြောင်းပြောပြပြီး ရွာထိပ်ကပုန်းအောင်းပြီး စောင့်နေခဲ့ကြတယ်။ အဲဒီမှာ ကျွဲနှစ်ကောင်ကိုဆွဲလာတဲ့ လူနှစ်ယောက်ကို ရွာထိပ်မှာ တွေ့လိုက်ရတာပါပဲ။

လူကြီးတွေက ပုန်းအောင်းစောင့်ဆိုင်းနေတဲ့ နေရာက ထွက်ပြီး အဲဒီလူနှစ်ယောက်ကို မေးမြန်းစစ်ဆေးကြည့်လိုက်တော့ အမှုအရာတွေပျက်နေကြတာ တွေ့ရတယ်။

သေသေချာချာ စစ်ဆေးလိုက်တော့မှ ကျွဲနှစ်ကောင်ကို (...) ရွာက ခိုးယူလာခဲ့ကြောင်း၊ ကျွဲပိုင်ရှင်မှာ ကိုအောင်မင်းဖြစ်ကြောင်း ပြောဆိုဝန်ခံလာတယ်။

အဲဒါနဲ့ ရွာလူကြီးတွေဟာ ကျွဲနှစ်ကောင်နဲ့ ကျွဲသူခိုး နှစ်ယောက်ကိုပါ ခေါ်ပြီး ကိုအောင်မင်းတို့ရွာကို လာခဲ့ကြတယ်။ ရွာရောက်တော့ ကျွဲနှစ်ကောင်ကို ကိုအောင်မင်း စပါးနယ်တဲ့နံဘေးက ချည်တိုင်မှာ ပြန်ချည်ထားပေးလိုက်ပြီး ကျွဲသူခိုးနှစ်ယောက်ကိုတော့ သက်ဆိုင်ရာကို ပို့လိုက်ကြတယ်။

ဖြစ်ရပ်ကတော့ အဲဒါပါပဲ။

ကဲ ... ကိုအန္တွာရဲ့ အစီအရင်က ဘယ်လောက်အံ့သြစရာကောင်းပြီး ဘယ်လောက်အစွမ်းထက်သလဲဆိုတာ။

အဲဒီနောက်တော့ ကိုအန္တွာက ရွာထဲမှာ ကျွဲပျောက်၊ နွားပျောက်တွေ့အောင် အစီအရင်ပြုနိုင်တဲ့ ဆရာအဖြစ် နာမည်ကြီးလာတယ်။

အဲဒီလိုနဲ့ တစ်နေ့ ... ကိုအန္တွာဆီကို တခြားရွာတစ်ရွာက



www.burmeseclassic.com

www.burmeseclassic.com



ကိုတောက်ထိန်ဆိုတဲ့ လူတစ်ယောက်ဟာ ကိုအောင်မင်းနဲ့အတူ ရောက်လာတယ်။ကိုတောက်ထိန်ဟာ ကိုအောင်မင်းရဲ့ မိတ်ဆွေပေါ့။

ကိုအောင်မင်းက ရောက်မဆိုက်ဘဲ ...

"ငါ့ညီရေ ... ကိုတောက်ထိန်လှေကြီး ပျောက်သွားလို့ကွာ အဲဒါ ပြန်ရအောင် မင်းပညာနဲ့ အစီအရင်လုပ်ပေးပါဦး။ လှေကြီးက လူကြီးငါးယောက်စီးနိုင်တဲ့ လက်လှော်လှေကြီးကွ"

"ဟုတ်တယ် ငါ့ညီ၊ ကူညီပါဦးကွာ။ ကိုအောင်မင်းပြော ထားလို့ ငါ့ညီအကြောင်း ကြားပြီးပါပြီ။ ငါ့ညီပညာကို လေးစားပါတယ် လှေပြန်ရအောင် ကူညီပေးပါနော်။ ငါ့ညီကျေးဇူး မမေ့ပါဘူး"

ကိုတောက်ထိန်ဆိုသူကပါ ဝင်ပြောတယ်။

ဒါနဲ့ ကိုအန္တောလည်း တတ်တဲ့ပညာ မနေသာဆိုသလို အစီ အရင်ပြုလုပ်ပြီး ကူညီရှာပြန်တယ်။ ဒါပေမဲ့ အစီအရင်ပြုလုပ်ပြီး တစ် ပြည့်လာတဲ့အချိန် လှေကို ပြန်မတွေ့ဘူး။ လှေရဲ့ သတင်းအစအန ကိုတောင် မရဘူး ဖြစ်နေတယ်။

အစီအရင်ပညာက မှန်ကန်ပေမဲ့ လှေပိုင်ရှင်နဲ့ ကံက ရှိ တယ်။ လှေပိုင်ရှင်ဟာ အတိတ်ကဖြစ်စေ၊ တစ်ချိန်တစ်ခါကဖြစ် သူတစ်ပါးပစ္စည်းဥစ္စာ တစ်စုံတစ်ရာကို ခိုးယူခဲ့ဖူးရင် အစီအရင်ပည က ဘယ်လောက်စွမ်းပေမဲ့ ပျောက်သွားတဲ့ပစ္စည်း ပြန်ရှာတွေ့ဖို့ ဖြ ဖို့ နှောင့်နှေးကြန့်ကြာနိုင်တယ်။ အခက်အခဲ တွေ့နိုင်တယ်။

ဒါပေမဲ့ ဘယ်လိုပဲ ဖြစ်နေပါစေ ပညာကတော့ မနေပါဘူ အစီအရင် ပြုလုပ်ပေးပြီး တစ်လကျော်လောက်ကြာတဲ့ အခါ ကိုတောက်ထိန်တစ်ယောက် ကိုအန္တောဆီ ရောက်လာတယ်။ ပြုံး ဝမ်းသာအားရ ပြောတယ်။





"အစ်ကို့လှေပြန်တွေ့ပြီ ကိုအန္တော"

"ဘယ်လို ပြန်တွေ့တာလဲ"

ကိုအန္တောက စိတ်ဝင်တစား ပြန်မေးမိတယ်။ ကိုတောက်ထိန် က လှေပြန်တွေ့ရပုံကို ပြောပြတယ်။

တစ်နေ့ ကိုတောက်ထိန်ဟာ ဈေးဝယ်ဖို့အတွက် ရွာကြီးတစ် ရွာကို ရောက်သွားတယ်။ အဲဒီကိုရောက်သွားတုန်း လှေကူးကို့ဆိပ်အနီး တစ်နေရာမှာ ဆိုက်ကပ်ထားတဲ့ လှေတစ်စင်းကို မြင်လိုက်ရ တယ်။

အဲဒီလှေကို မြင်လိုက်ရတော့ သူ့စိတ်ထဲ တစ်မျိုးကြီးဖြစ်သွား တယ်။ ဇဝေဇဝါလည်း ဖြစ်နေမိတယ်။

ဒါနဲ့ လှေကို သေသေချာချာကြည့်လိုက်မိတော့ သူ့လှေကြီး ဖြစ်နေမှန်း သိလိုက်ရတယ်။ ဘာကြောင့် သိသလဲဆိုတော့ အဲဒီလှေ ကိုစပ်စဉ်က သူကိုယ်တိုင် ပါဝင်ပြုလုပ်ခဲ့လို့ပါပဲ။

ဒါ့အပြင် လှေမှာတပ်ဆင်ထားတဲ့ ပစ္စည်းတချို့ဟာ အဲဒီ သူ တို့အရပ်ဒေသမှာ ဘယ်သူမှ မသုံးစွဲဖူးတဲ့ ပစ္စည်းတွေဖြစ်နေတဲ့အတွက် မှတ်မိတာလည်း ဖြစ်ပါတယ်။

ဒါပေမဲ့ ရုတ်တရက် လှေကို မမှတ်မိအောင် လှေဦးပိုင်းတုံး နဲ့ ပုံပြားအချပ်တွေကို ဖြတ်တောက်ပြီး ပုံဖျက်ထားတာ တွေ့ရတယ်။

ဒါပေမဲ့ ဘာပဲပြောပြော ဒီလှေဟာ ပျောက်ဆုံးနေတဲ့ သူ့ လှေပဲဆိုတာ ကိုတောက်ထိန် သိတယ်။ ဒါနဲ့ ချက်ချင်းပဲ သက်ဆိုင်ရာ ကို အကြောင်းကြား၊ 'လှေသူခိုးကိုရှာဖွေတာ အဲဒီရွာမှာပဲ တွေ့တယ်။

လှေသူခိုးကလည်း သူခိုးယူလာတဲ့လှေဖြစ်ကြောင်း ဝန်ခံတယ်။ ကိုတောက်ထိန် သူ့လှေကို သူပြန်ရလိုက်တယ် ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



ကိုအန္တောကတော့ ကိုတောက်ထိန်ပြောသမျှ ခေါင်းတညိတ်ညိတ်နဲ့ပေါ့။

အဲဒီလိုနဲ့ ပြောရရင် ရေစုပ်စက်ပျောက်တဲ့သူ၊ ပွဲထောင်အခိုးခံရတဲ့သူ စသဖြင့် ပျောက်တဲ့သူ၊ အခိုးခံရတဲ့လူကအစ ကျွဲပျောက်၊ နွားပျောက်အဆုံး ပြန်တွေ့အောင်၊ ပြန်ရအောင် ကိုအန္တောက သူ့အစီအရင်ပညာနဲ့ အကူအညီပေးနေရတော့တယ်။

မေးတိုင်းလည်း အောင်မြင်မှု ရရှိခဲ့တာချည်းပဲ။

ဘာပဲပျောက်ပျောက်၊ ဘာပဲ အခိုးခံရ အခိုးခံရ။

ကိုအန္တော အစီအရင်ပညာနဲ့ ပြုလုပ်ပေးလိုက်ရင် ပြန်မတွေ့တာ မရှိဘူး၊ ပြန်မရတာ မရှိဘူး။

အဲဒီတော့ ကိုအန္တော ရွာထဲမှာ ဂမ္ဘီရဆရာကြီးဆိုပြီး နာမည်ကြီးလာတယ်။ အဲဒီအစီအရင်ပညာ လိုချင်တဲ့သူတွေက ကိုအန္တောဆီက ပညာတောင်းကြတယ်။

ဒါပေမဲ့ ပညာဆိုတာကလည်း ဂမ္ဘီရနယ်ပယ်မှာ ကိုယ်ပေးချင်တိုင်း ပေးလို့မရဘူး။ ကိုယ့်ကို အဲဒီပညာသင်ပေးခဲ့တဲ့ ဆရာက ခွင့်ပြုမှ ကိုယ်က တခြားလူတွေကို ပြန်ပြီး သင်ပေးလို့ရတာမျိုးဆိုတော့ ကိုအန္တော အခက်တွေ့နေတယ်။

သူ့ကိုသင်ပေးခဲ့တဲ့ ဆရာ (လူကြီး) ကလည်း အမြဲ ဂန္ဓာရီခရီး လှည့်နေတာဆိုတော့ ဘယ်ဆဲရောက်နေမှန်း မသိဘူး။ ရွာထဲက လူကြီး၊ လူရွယ်တချို့ကလည်း အဲဒီ အစီအရင်ပညာကို သူတို့ကို သင်ကြားပေးဖို့ တပူပူတဆာဆာ လုပ်နေကြတယ်။

အဲဒါနဲ့ ကိုအန္တောလည်း ကြံရာမရဖြစ်ပြီး လူခြေတိတ်ချိန် ညတိုင်းညတိုင်း သူ့ဆရာ (လူကြီး) ရဲ့မျက်နှာကို အာရုံထဲမှာပေါ်အောင်





ကြည့်ပြီး အစီအရင်ပညာကို တခြားလူတွေကို ပြန်လည်သင်ကြားပေးချင်တဲ့အကြောင်း ခွင့်တောင်းတယ်။

အဲဒီလိုနဲ့ ညတိုင်းညတိုင်း ခွင့်တောင်းလိုက်တာ ၁၂ ရက်မြောက်ညမှာ ကိုအန္တော အိပ်မက်မက်ပါလေရော။ အိပ်မက်ထဲမှာ ဆရာ (လူကြီး) ကို တွေ့ရတယ်။ ဆရာက သူ့ကို ပြုံးပြုံးကြီးကြည့်ပြီး ခေါင်းညိတ်ပြတယ်။ ကိုအန္တော ဝမ်းသာသွားတယ်။ သူခွင့်တောင်းတာကို ဆရာက ခွင့်ပြုလိုက်ပြီမှန်း ကိုအန္တော သိလိုက်လို့ပါပဲ။

အဲဒါနဲ့ ကိုအန္တောလည်း မနက်မိုးလင်းတာနဲ့ အဲဒီအစီအရင်ပညာကို လိုချင်ကြတဲ့သူတွေကို သူ့ခြံထဲခေါ်ပြီး သင်ကြားပေးလိုက်ပါတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

ကိုအန္တော့ရဲ့ အစီအရင်ပညာကတော့ ဒီလိုပါ။ စီရင်ပုံ အဆင့် လေးဆင့်တိတိ ရှိပါတယ်။

ပထမအဆင့်မှာ ဘယ်လိုဆောင်ရွက်ရမလဲ ဆိုတော့ ...

ပထမဦးဆုံး စာရွက်လွတ်တစ်ခုပေါ်မှာ မိမိဖြစ်စေလိုတဲ့ အကြောင်းအရာတစ်ခုကို အတိုဆုံးရေးရပါမယ်။

ကိုအန္တော့က ဦးလေး ဦးအောင်ဘော် နွားပျောက်တဲ့ကိစ္စတုန်းက 'နွားပြန်ရစေ' လို့ ရေးခဲ့ပါတယ်။

အစ်ကို ကိုအောင်မင်း ကျွဲပျောက်တဲ့ကိစ္စတုန်းကတော့ 'ကျွဲပြန်ရစေ' လို့ ရေးခဲ့တယ်။

ကိုတောက်ထိန် လှေပျောက်တဲ့ကိစ္စတုန်းကတော့ 'လှေပြန်ရစေ' လို့ ရေးခဲ့ပါတယ်။





အဲဒီလို ပွဲထောင်ပျောက်တဲ့ ကိစ္စတုန်းက 'ပွဲထောင်ပြန်ရစေ' လို့ရေးခဲ့တယ်။

ဥပမာ 'ကျွဲပြန်ရစေ' ဆိုပါစို့။ အဲဒီစာကမ်းမှာပါတဲ့ အက္ခရာ တွေနေရာမှာ သက်ဆိုင်ရာနံ့သင့်ဂဏန်းနဲ့ အစားထိုးရပါမယ်။

| အက္ခရာ | သက်ဆိုင်ရာနံ့သင့်ဂဏန်း |
|---|---|
| အ | ၁ |
| က ခ ၊ ဂ ၊ ဃ ၊ င | ၂ |
| စ ၊ ဆ ၊ ဇ ၊ ဈ ၊ ည | ၃ |
| လ ၊ ဝ | ၄ |
| ပ ၊ ဖ ၊ ဗ ၊ ဘ ၊ မ | ၅ |
| သ ၊ ဟ | ၆ |
| တ ၊ ထ ၊ ဒ ၊ ဓ ၊ န | |
| ဋ ၊ ဌ ၊ ဍ ၊ ဎ ၊ ဏ | ၇ |
| ယ ၊ ရ | ၈ |

အဲဒီအတိုင်း အစားထိုးပေးရပါမယ်။

"ကျွဲပြန်ရစေ"

( က ပ ရ စ )

၂ ၅ ၈ ၃

အဲဒီတော့ (၂၅၈၃) ဆိုတဲ့ နံ့သင့်ကိန်းတန်းကို ရလာပါလိမ့်မယ်။ အဲဒီကိန်းတန်းကို တည်ကိန်းပြုပြီး (၉)နဲ့ စားရပါမယ်။ (၉)ဟာ



www.burmeseclassic.com

www.burmeseclassic.com



နဝင်းဂဏန်းပါ။ ဂဏန်းတွေထဲမှာ အကြီးဆုံးဂဏန်း၊ အထူးခြားဆုံး သုံးဂဏန်းပေါ့။ အဲဒီလိုစားလိုက်ရင် ...

```
      ၂၈၇  – စားလာဒ်
    ______
၉ ) ၂၅၈၃
    ၁၈
    ____
     ၇၈
     ၇၂
     __
      ၆၃
      ၆၃
      __
       ၀  – အကြွင်း
```

(၁) စားလာဒ် ၂၈၇
အကြွင်း + ၀
၂၈၇ (က) အမှတ်အသားပြုပါ။

အဲဒီလို စားလာဒ်နဲ့အကြွင်း ပေါင်းလို့ရတဲ့ဂဏန်းကို စားလာဒ်နဲ့ ထပ်ပေါင်းရပါမယ်။ အောက်မှာကြည့်ပါ။

(၂) ၂၈၇
+ ၂၈၇
၅၇၄ (ခ) အမှတ်အသားပြုပါ။





(၃) ၅၇၄
+ ၂၈၇
၈၆၁ (ဂ) အမှတ်အသားပြုပါ။

ပြီးရင် ထပ်ပေါင်းပါဦး။

(၄) ၈၆၁
+ ၂၈၇
၁၁၄၈ (ဃ) အမှတ်အသားပြုပါ။

ပြီးရင် ထပ်ပေါင်းပါဦး။

(၅) ၁၁၄၈
+ ၂၈၇
၁၄၃၅ (င) အမှတ်အသားပြုပါ။

ပြီးရင် ထပ်ပေါင်းပါဦး။

(၆) ၁၄၃၅
+ ၂၈၇
၁၇၂၂ (စ) အမှတ်အသားပြုပါ။

ပြီးရင် ထပ်ပေါင်းပါဦး။

(၇) ၁၇၂၂
+ ၂၈၇
၂၀၀၉ (ဆ) အမှတ်အသားပြုပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ထပ်ပေါင်းပါဦး။

(၈) ၂၀၀၉
+ ၂၈၇
၂၂၉၆ (၉) အမှတ်အသားပြုပါ။

ပြီးရင် ထပ်ပေါင်းပါဦး။

(၉) ၂၂၉၆
+ ၂၈၇
၂၅၈၃ (၁၂) အမှတ်အသားပြုပါ။

အဲဒီအတိုင်း (၉)ကြိမ်တိတိ ပေါင်းရပါမယ်။ ပေါင်းတဲ့အခါ အမှားအယွင်းမရှိစေရပါဘူး။ အဲဒီလို ပေါင်းပြီးသွားရင် ပထမအဆင့် ပြီးပါပြီ။

ဒုတိယအဆင့်အနေနဲ့ ပြုလုပ်ရမှာကတော့ မိုင်းကိုင်စက္ကူတစ် ရွက်ကိုယူပြီး အဲဒီစက္ကူက ၄ လက်မပတ်လည် စတုရန်းပုံ ဖြတ်ယူရ ပါမယ်။

ပြီးရင် အဲဒီ စတုရန်းပုံစက္ကူရဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာ လက်မဝက်စီချန်ထားပြီး ၃ လက်မပတ်လည် စတုန်ရန်းပုံဖြစ်အောင် ခဲတံ၊ ပေတံတို့ကို အသုံးပြုပြီး မှတ်ရပါမယ်။


ခဲနဲ့ဆွဲထားတဲ့ ၃ လက်မစတုရန်းပုံမှာ မျဉ်းကြောင်းတစ် လျှောက် ၁ လက်မစီ အကွာအဝေးထားပြီး အစက်ကလေးတွေကို လျှာထားသတ်မှတ်ရပါမယ်။

၃ လက်မ စတုရန်းပုံကို တစ်ပတ်ပတ်မိတဲ့အခါ အောက်ပါ ပုံအတိုင်း အစက်ပေါင်း (၁၂) စက် ရရှိလာပါလိမ့်မယ်။





ပုံ (ခ)




အဲဒီလို ခဲစက်တွေမှတ်ပြီးရင် မိမိနေအိမ်ရှိ ဘုရားစင်ရှေ့ မှာ ဘုရားရှိခိုးကန်တော့ပြီး ငါးပါးသီလ ခံယူဆောက်တည်ရပါမယ်။

ပြီးရင် မိမိဘဝအတွေ့တွေ့က ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်း မှုအစုစုတို့ကို ၃၁ ဘုံသားတွေကို အမျှပေးဝေရပါတယ်။

ပြီးတော့ ဒီအစီအရင်နဲ့ ပတ်သက်တဲ့ မမြင်အပ်တဲ့ အစောင့် အရှောက်တွေကို မေတ္တာပို့ အမျှပေးဝေပြီး ယခုဆောင်ရွက်တဲ့ အစီ အရင်အောင်မြင်စေဖို့ ဝိုင်းဝန်းစောင့်ရှောက် လုပ်ကိုင်ပေးပါရန် အကူ အညီတောင်းခံရပါမယ်။

အထူးသတိထားရမှာကတော့ ဒီအစီအရင်ကို မကောင်းတဲ့၊ ယုန်ကန်တဲ့စိတ်နဲ့ မဆောင်ရွက်မိစေဖို့ပါပဲ။ ကောင်းတဲ့ မှန်တဲ့စိတ်နဲ့ သာဆောင်ရွက်ရရင် အတိုင်းထက်အလွန် အောင်မြင်မှု ရရှိပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



*ပြီးရင် ခဲနဲ့လျှာထားတဲ့ အစက်တွေကို သိသာထင်ရှားအောင်* ဘော့ပင်မင်နဲ့ ပြုလုပ်ရပါမယ်။ အဲဒီလို ပြုလုပ်ချိန်မှာ ခဲစက်ရာပေါ်ကို ဘောပင်ထောက်လိုက်တာနဲ့ တစ်ပြိုင်နက် မိမိနှုတ်က ...

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သံရဏံ ဂစ္ဆာမိ"

ဆိုပြီး သရဏဂုံသုံးပါးကို တစ်ခေါက်ရွတ်ဆိုရမယ်။ နှုတ်က ရွတ်ဆိုနေစဉ်မှာ ဘောလ်ပင်မှင်စက် ထင်ရှားစေဖို့အတွက် ဘောလ်ပင်ကိုင်ထားတဲ့လက်က ဘောလ်ပင်ကို လက်ယာရစ်ရစ်ပြီး အစက်သေးသေးကလေးဖြစ်အောင် ပြုလုပ်ရမယ်။

သရဏဂုံသုံးပါး ရွတ်ပြီးတဲ့အခါမှသာ စာရွက်မှာဖိထားတဲ့ ဘောလ်ပင်ထိပ်ကို ခွာရပါမယ်။ အဲဒီနည်းအတိုင်း ကျန်တဲ့အစက်တွေကို ပြုလုပ်သွားရပါမယ်။ ပြီးရင် ပုံ (၂) မှာပြထားတဲ့အတိုင်း ဆက်လက်လုပ်ဆောင်ရပါမယ်။

အစက်အမှတ် (၁) က စတင်ပြီး အစက် (၂)နဲ့ (၃) ကို ဖြတ်ပြီး အစက်အမှတ် (၄)အရောက် အဖြတ်အလပ်မရှိတဲ့ မျဉ်းကို တစ်ဆက်တည်းကို ဆွဲရပါမယ်။

အမှတ် (၁) မှ အစက်အမှတ် (၄)ထိ မျဉ်းကိုဆွဲနေစဉ်မှာ နှုတ်ကနေပြီး သရဏဂုံသုံးပါးကို (၃)ခေါက်ကို ရွတ်ဆိုနေရပါမယ်။

သရဏဂုံသုံးပါးကို ရွတ်ဆိုပြီးပေမဲ့ ဘောလ်ပင်ကို အစက်အမှတ်(၄)မှ မခွာရပါဘူး။ ဆက်ပြီး အစက်အမှတ်(၅) နဲ့ (၆)ကို ဖြတ်ပြီး အစက်အမှတ်(၇) ရောက်တဲ့အထိ မျဉ်းကို တစ်ဆက်တည်း ဆွဲရပါမယ်။ နှုတ်ကလည်း သရဏဂုံ (၃) ပါးကို (၃)ခေါက် ရွတ်ဆိုရပါမယ်။






ပြီးရင် အမှတ်အစက် (၇) မှ ဘော်ပင်ကိုမခွာဘဲ အစက်အမှတ် (၈) နဲ့ (၉)ကိုဖြတ်ပြီး အစက်အမှတ် (၁၀) အထိ မျဉ်းကို ဆက်လက်ပြီး ဆွဲရပါမယ်။

နှုတ်ကလည်း သရဏဂုံသုံးပါးကို (၃) ခေါက်ရွတ်ရပါမယ်။ အမှတ် (၁၀) မှာရောက်နေတဲ့ ဘောလ်ပင်ကို မခွာသေးဘဲ အစက်အမှတ် (၁၁)နဲ့ (၁၂)ကိုဖြတ်ပြီး မူလစတင်ခဲ့တဲ့ အစက်အမှတ် (၁) အထိ အပြတ်အလပ်မရှိတဲ့မျဉ်းကို ဆွဲရပါမယ်။

နှုတ်မှလည်း သရဏဂုံသုံးပါးကို (၃)ခေါက် ရွတ်ဆိုရပါမယ်။ ပြီးမှ အစက်အမှတ် (၁) မှာရောက်နေတဲ့ ဘောလ်ပင်ကို ခွာရပါမယ်။

အဲဒီလို ပုံ (၂) အတိုင်း ပြုလုပ်ပြီးပါက ပုံ (၃)အတိုင်း ဆက်လက်လုပ်ဆောင်ရပါမယ်။

ပုံ (၂)







www.burmeseclassic.com

www.burmeseclassic.com



ပုံ (၃)




အစက်အမှတ် (၂) မှ အစက်အမှတ် (၉) အထိ၊ အစက်အမှတ် (၃) မှ အစက်အမှတ် (၈)အထိ၊ အစက်အမှတ် (၁၂) မှ အစက်အမှတ် (၅)ကိုအထိ။

အစက်အမှတ် (၁၁)မှ အစက်အမှတ်(၆)အထိ အပြတ်အလပ် မရှိတဲ့မျဉ်းတွေကို ဆွဲရပါမယ်။ မျဉ်းတစ်ကြောင်းဆွဲတိုင်း သရဏဂုံ သုံးပါးကို (၃) ခေါက်စီ ရွတ်ဆိုရပါမယ်။

မျဉ်းတွေအားလုံး ရေးဆွဲပြီးတဲ့အခါ ပထမအဆင့်မှာ အမှတ် အသားပြုလုပ်ထားတဲ့ ဂဏန်းတွေကို ပုံ (၄)မှာ ပြထားတဲ့အတိုင်း အမှားအယွင်းမရှိအောင် သူ့အကွက်နဲ့သူ ဖြည့်သွင်းရပါမယ်။





- အကွက် (က) မှာ ၂၈၇
- အကွက် (ခ) မှာ ၅၇၄
- အကွက် (ဂ) မှာ ၈၆၁
- အကွက် (ဃ) မှာ ၁၁၄၈
- အကွက် (င) မှာ ၁၄၃၅
- အကွက် (စ) မှာ ၁၇၂၂
- အကွက် (ဆ) မှာ ၂၀၀၉
- အကွက် (ဇ) မှာ ၂၂၉၆
- အကွက် (ဈ) မှာ ၂၅၈၃

အောက်မှာဖော်ပြထားတဲ့ ပုံ (၄) မှာ ကြည့်ပါ။

ပုံ (၄)

| | | |
|---|---|---|
| က<br>၂၈၇ | ခ<br>၅၇၄ | ဂ<br>၈၆၁ |
| ဇ<br>၂၂၉၆ | ဈ<br>၂၅၈၃ | ဃ<br>၁၁၄၈ |
| ဆ<br>၂၀၀၉ | စ<br>၁၇၂၂ | င<br>၁၄၃၅ |



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဂဏန်းတွေ ရေးသွင်းတဲ့အခါ ဂဏန်းတစ်လုံးရေးတိုင်း စက္ကူနဲ့ ဘောလ်ပင်ထိတာနဲ့ သရဏဂုံသုံးပါးကို တစ်ခေါက်ရွတ်ဆိုပြီးမှ နောက်တစ်လုံးရေးရန် ပြင်ဆင်ရပါမယ်။

ဂဏန်းတစ်လုံးလျှင် သရဏဂုံသုံးပါး တစ်ခေါက်စီ ရွတ်ရပါမယ်။ အကွက် (က)၊ (ခ)၊ (ဂ) တို့မှာ ဂဏန်းသုံးလုံးစီ ရှိနေတဲ့အတွက် သရဏဂုံသုံးပါး ၃ ခေါက်စီ ရွတ်ရမှာဖြစ်ပြီး အကွက် (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ) စတဲ့အကွက် ၆ ကွက်တို့မှာ ဂဏန်း (၄) လုံးစီ ရှိနေကြတာကြောင့် တစ်ကွက်ကို သရဏဂုံသုံးပါး (၄) ခေါက်စီ ရွတ်ရပါလိမ့်မယ်။ အဲဒီလို ရေးလို့ ရွတ်လို့ပြီးရင် ဒုတိယအဆင့်ပြီးပါပြီ။

တတိယအဆင့်အနေနဲ့ကတော့ ပထမဦးစွာ ရိုးရိုးအပ်ချည်ဖြစ်တဲ့ ဝါဂွမ်းချည်စစ်စစ်ကို ရှာထားရပါမယ်။ တကယ်လို့ ဝါဂွမ်းမရရင်လည်း မီးကောင်းစွာတောက်လောင်နိုင်မဲ့ မည်သည့်အပ်ချည်မျိုးကိုမဆို အသုံးပြုနိုင်ပါတယ်။

အဲဒီအပ်ချည်ကို မီးစာအတွက် အသုံးပြုရမှာဖြစ်ပါတယ်။


အပ်ချည်ရပြီဆိုရင် အရှည် ၁ ပေခန့်ရှိတဲ့ အပ်ချည်(၉)ပင်ယူပြီး ကြိုးကျစ်ရပါမယ်။ ပုံ (၅)၊ ပုံ (၆) ကိုကြည့်ပါ။


ကျစ်ပြီးတဲ့ကြိုးကို ထိပ်စနှစ်ဖက်အညီထားပြီး ပုံ(၇)မှာပြထားတဲ့အတိုင်း ကြိုးရဲ့အလယ်တည့်တည့်ကနေ ခေါက်ပြီး ကျစ်ရပါမယ်။

ပြီးရင် ပုံ (၇) မြားပြထားတဲ့နေရာမှာ တစ်ဖက်တစ်ချက်ဆီကို လိမ်ထားတဲ့ကြိုးတွေကို ဆွဲထုတ်လိုက်ရင် ပုံ (၈) ကဲ့သို့ ဖြစ်လာပါလိမ့်မယ်။ အဲဒီအစနှစ်ဖက်ကို အပေါ်ကိုထောင်ထားလိုက်ရင် ကျေးခြေထောက်သဏ္ဌာန် ပေါ်လာပါလိမ့်မယ်။ ပုံ (၉)ကိုကြည့်ပါ။ ကျေးခြေလို့ခေါ်ပါတယ်။ အဲဒါဆိုရင် တတိယအဆင့် ပြီးပါပြီ။






ပုံ (၅)



ပုံ (၆)



ပုံ (၇)


ပုံ (၈)


ပုံ (၉)


စတုတ္ထအဆင့်ဖြစ်တဲ့ နောက်ဆုံးအဆင့်အနေနဲ့ စောစောကအသင့်ပြုလုပ်ထားတဲ့ မိုင်းကိုင်စက္ကူ (ပုံ–၄) ကျေးခြေနဲ့ စားသုံးဆီတစ်ဆယ်သားတို့ကိုယူပြီး ဘုရားစင်ရှေ့မှာ လက်ကကိုင်ပြီး အဲဒီရောက်နေတဲ့ အစီအရင်နဲ့ သက်ဆိုင်တဲ့ လူပုဂ္ဂိုလ်တွေမှ ကူညီစောင့်ရှောက်ပြီးမြောက်စေဖို့ အကူအညီတောင်းရပါမယ်။

ပြီးရင် ပုံ (၁၀)မှာ ပြထားတဲ့အတိုင်း မိုင်းကိုင်စက္ကူနဲ့ ဆီတစ်ဆယ်သားဆန့်တဲ့ ဖောက်ကြွေပန်းကန်မှာထည့်ပြီး အစီအရင်ကို ပြုလုပ်ပါမယ်။ အစီအရင်ကို ဘုရားစင်အောက် ခေါင်းရင်းခန်းမှာထားပြီး စီရင်ရပါမယ်။ ပြုလုပ်ပုံကတော့ ဖောက်ကြွေပန်းကန်ထဲ မိုင်းကိုင်စက္ကူကို အောက်ဆုံးကထည့်။ ပြီးတော့ သူ့အပေါ်က ကျေးခြေကိုတင်ပြီး ဆီလောင်းထည့်ရပါမယ်။ ကျေးခြေရဲ့အစတစ်စက ဆီမျက်နှာပြင်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ ပေါ်နေရပါမယ်။ အဲဒီပေါ်နေတဲ့ အစကလေးကို မီးထွန်းပေးရပါမယ်။

အကြောင်းကြောင်းကြောင့် မီးငြိမ်းသွားရင် ပြန်ပြီး မီးထွန်းပေးရပါမယ်။ လေတိုက်နေရင် ကာကွယ်ပေးရပါမယ်။ ၂၄ နာရီလုံးလုံး မီးမငြိမ်းပဲရှိနေရင် မိမိစီရင်မှု အထစ်အငေါ့မရှိ အလျှင်အမြန် အောင်မြင်မှုရရှိပါလိမ့်မယ်။

တကယ်လို့ မကြာမကြာ မီးငြိမ်းနေမယ်ဆိုရင် အဆစ်အငေါ့ရှိနေပါလိမ့်မယ်။ ဒါပေမဲ့ အနှေးနဲ့အမြန်၊ အနည်းနဲ့အများတော့ အောင်မြင်မှု ရရှိပါလိမ့်မယ်။

တကယ်လို့ မိမိပျောက်ဆုံးနေတဲ့ ပစ္စည်းဟာ သက်တမ်းမကုန်သေးဘူးဆိုရင်၊ ဒါမှမဟုတ် ပျောက်ဆုံးနေတဲ့ပစ္စည်းဟာ သက်မဲ့ဖြစ်ပါက သမ္မာအာဇီဝလုပ်ငန်းနဲ့ ရှာဖွေဝယ်ယူထားတဲ့ပစ္စည်း ဖြစ်ခဲ့ရင်၊ ပြီးတော့ မိမိကိုယ်တိုင် အတိတ်က သူတစ်ပါးပစ္စည်းကို လုယူခိုးဝှက်ခဲ့တာမျိုး မရှိခဲ့ရင် ပျောက်နေတဲ့ပစ္စည်း မုချပြန်ရနိုင်ပါလိမ့်မယ်။

အင်မတန်ထူးခြားပြီး အစွမ်းထက်တဲ့ အစီအရင်မျိုးဖြစ်တာကြောင့် မိမိဉာဏ်ရှိသလို စီရင်အသုံးပြုပြီး ခုနစ်ရက်သားသမီးများကို ကူညီနိုင်တဲ့ပညာမျိုး ဖြစ်ပါတယ်။

ကိုအန္တောကတော့ ဒီအစီအရင်ပညာနဲ့ လူတွေကို ကူညီနေဆဲပါ။ ခုနစ်ရက်သားသမီးအပေါင်းကို ကူညီနေဆဲပါ။

မြဘုန်းထက်



www.burmeseclassic.com

| ၁ |

## ဇာတ်လမ်းစရန် နိဒါန်းချီခဲ့ကြသည့် အဖြစ်အပျက်များ

❑

အဖြစ်အပျက် (၁)

*မြစ်ခြေရွာ စာသင်ကျောင်းရှေ့တွင် ကျောင်းဆင်းချိန်ရောက်လေသည့် အခါတိုင်း အမြဲလာလာစောင့်နေတတ်သည့် မိန်းမတစ်ယောက် ...။*

မနေ့က ဖြေဆိုထားခဲ့သော အဖြေလွှာစာရွက်များကို ဆရာမလေးသော်တာမိုးတစ်ယောက် ဖတ်နေမိသည်။ ကျောင်းဆင်းသွားသည့်ကိုပင် သတိမထားမိလိုက် စာအုပ်စာတမ်းများကိုသိမ်း၍ ရုံးခန်းရှိရာဆီ ထွက်လာခဲ့၏။





"ဟယ် ... ရုံးခန်းတောင် ပိတ်သွားပြီ။ ဒါဆို ကျောင်းဆင်းသွားပြီပေါ့။ တစ်ကျောင်းလုံးမှာ ငါတစ်ယောက်တည်းပဲ ရှိတော့တာပေါ့"

ခပ်သုတ်သုတ်ခြေလှမ်းများဖြင့် ကျောင်းရှေ့သို့ ထွက်လာခဲ့သည်။ မိုးကမချုပ်သေး။ သို့သော်မိုးရာသီကာလရက်များ ဖြစ်လေသည်မို့ မှောင်ရိပ်ပျိုးစပြုနေချိန်။ ကျောင်းရှေ့ခပ်လှမ်းလှမ်း ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် မိန်းမတစ်ယောက်မှာ ရပ်နေသည်။

တစ်စုံတစ်ဦးဦးအား လာရောက်၍ စောင့်နေဟန်ရှိ၏။

မိမိကိုတွေ့တော့ ...

"ဆရာမ ဒီကျောင်းကလားဟင်"

"ဟုတ် ... ဟုတ်ပါတယ်။ ညီမက ဘာလဲ ကျောင်းသားမိဘအား ကလေးပြန်မလာလို့ လာကြိုတာလား"

မိမိစကားများကိုတော့ ထိုမိန်းကလေးမှ ပြုံး၍ ငြင်းဆန်လိုက်သည်။

"မ ... မဟုတ်ပါဘူး ညီမ။ ကျွန်မက ဒီကျောင်းကကျောင်းဆရာလေး ကိုနန္ဒအောင်ကို လာစောင့်နေတာပါ။ ကျွန်မက ဆရာလေးရဲ့ချစ်သူ မေယမုံပါ"

"ဘယ် ... ဘယ်လို ... မေ ... မေယမုံ ဟုတ်လား။ ဒါဆိုရင် ... နင်က ... အမယ်လေး ... သ ... သ ... သရဲ ..."

[သော်တာမိုး]

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက် (၂)

မြစ်ခြေရွာ၏ မြစ်ကမ်းနံဘေး ခေါင်းဆေးကျွန်း
သောင်ပြင်ပေါ်မှာ လသာညတွေဆိုရင် အမြဲလိုလိုတွေ့ရတတ်
သည့် ဆံပင်ဖားလျားချ ထိုင်ထိုင်နေတတ်သည့် မိန်းမတစ်
ယောက် …။

တအိအိတက်လာနေသော ဒီရေလှိုင်းများကြောင့် ပင်လယ်
သို့ ပိုက်ချထွက်ရန် ပိုက်ဖုံကိုထမ်း၍ သာဒွန်း ကမ်းခြေသို့ဆင်းလာခဲ့
သည်။

"ဖလပ် … ဖလပ် … ဖလပ် …"

စိတ်ကူးသစ်စာပေ



ဒီရေတိုးသောအသံဟု ထင်၍ သာဒွန်းလှည့်မကြည့်။ ထို့နောက်
ထိုအသံကိုပင် ထပ်၍ ကြားလိုက်ရပြန်၏။

"ဖလပ် … ဖလပ် … ဖလပ် …"

ထို့ကြောင့် သာဒွန်းတစ်ယောက် အသံလာရာဆီသို့ လှည့်ကာ
ကြည့်လိုက်၏။

"ဟင် … မိန်းမတစ်ယောက် ထိုင်နေပါလား။ ညကြီးမင်း
ကြီး ဘယ်သူများပါလိမ့်"

သာဒွန်းမြင်လိုက်ရသည်မှာ ရေစပ်သို့ ခြေထောက်ကို တွဲ
လောင်းချရင်း ထိုင်နေသော ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက်။
လရောင်အောက်တွင် ထင်ထင်ရှားရှား မြင်လိုက်ရသည်။ ထိုမိန်းမသည်
ပင်လယ်ဘက်ဆီသို့ ငေးကြည့်နေ၏။ သာဒွန်းကြည့်နေသည့် တစ်ခဏ
မှာပဲ ဖျတ်ခနဲ မိန်းမမှာ ပျောက်၍သွား၏။

"အလို … ဟို … ဟိုမိန်းမ ဘယ်ရောက်သွားပါလိမ့်။
အမယ်လေး … သရဲဗျ … သရဲ …"

[သာဒွန်း]

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အဖြစ်အပျက် (၃)

မိုးသည်းနေသော ညတစ်ည ...

ပိုက်ချ၍အပြန်။ မြစ်ခြေရွာ စာသင်ကျောင်းလေး နားမှ ညကြီးမင်းကြီး လှေကြုံတား၍စီးလာသော မိန်းမတစ် ယောက်။

ည (၉)နာရီခန့် ရှိပြီဖြစ်၏။

ပိုက်တန်းများချ၍ ပင်လယ်မှပြန်လာသော တံငါသည် ကိုဘ စောတစ်ယောက် လှေလေးကို တရွေ့ရွေ့လှော်ရင်း မြစ်ခြေရွာသို့ ပြ လာခဲ့သည်။ စာသင်ကျောင်းလေးနားသို့ ရောက်လာ၏။





ထိုအခိုက် မိုးများက သည်းသည်းမည်းမည်း ရွာသွန်းလာလေ သည်။

"တော်ပါသေးရဲ့။ ရွာနားရောက်မှ မိုးကရွာလာလို့။ ပင်လယ် မှာသာဆိုရင် အခက်"

မျက်နှာပေါ်သို့ လွင့်စင်ကျလာနေသည့် မိုးစက်မိုးပေါက်များ သုတ်လိုက်ရင်းမှ ကိုဘစောတစ်ယောက် ညည်းတွားလိုက်သည်။ လေးကို လှော်ခတ်လာ၏။ ထိုစဉ် ...

"ဂျိမ်း ... ဂျိမ်း ... ဂျိမ်း ..."

လျှပ်တစ်ချက် လက်လိုက်၏။ ထိုလင်းသွားသော လျှပ်ရောင် က်တွင် မိန်းမတစ်ယောက် ကိုဘစောလှေအား တားနေသည်ကို ရ၏။

"အလို ... ညကြီးမင်းကြီး ဘယ်သူများပါလိမ့်"

ကိုဘစော လှေကို ကမ်းသို့ကပ်၍ ပေးလိုက်သည်။ သူ့တစ် ယ်လုံးသည် မိုးရေတို့ဖြင့် ရွှဲရွှဲစိုနေ၏။ ကိုဘစော စကားတစ်ခွန်းမေး င်၏။

"မိန်းကလေးက ဘယ်သူလဲ။ ဘယ်ကိုသွားမလို့လဲ"

"ကျွန်မက ဒီကျောင်းက ဆရာလေးကိုနန္ဒအောင်ရဲ့ချစ်သူ သူနဲ့ချိန်းထားလို့ လာစောင့်နေတာ။ ခု မိုးကသည်းလာပြီး မှောင် ည်း မှောင်လာလို့ ရွာကိုပြန်လိုက်ချင်လို့ပါ"

"ကဲ ... ဒါဆိုတက်တက်"

လှေပေါ်ရောက်တော့ ...

"မြစ်ခြေရွာကို သွားမှာဆိုတော့ မြစ်ခြေရွာမှာ အသိရှိလို့



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရှိပါတယ်။ မြစ်ခြေရွာက တံငါသည်ကြီး ဦးဖိုးကျွန်း ဆိုတာ ကျွန်မရဲ့အဖေပေါ့။ ကျွန်မရဲ့နာမည်က မေယမုံပါ"

"ဘာ ... ဘာပြောတယ်။ နင့်နာမည်က မေယမုံ ... ဟုတ် လား။ မေယမုံက သေသွားပြီပဲ ... ဒါဆို ... နင် ... နင်က ... အမယ်လေးဗျာ ... သ ... သ ... သရဲ ..."

[ကိုဘခေ]

✿ ✿ ✿

❑

**မြစ်အပျက် (၄)**

*မြစ်ခြေရွာသို့ အလည်အပတ်ရောက်ရှိနေကြသော မြို့အရပ်မှ ချစ်သူစုံတွဲများ ဖြစ်လေသည်။ ဝင်းထွန်းနဲ့သက်ငုံ။ ခေါင်းဆေးကျွန်းဘက်သို့ ညနေ နေဝင်ဖျိုးဖျ လမ်းလျှောက် သွားကြရာမှ တွေ့ဆုံခဲ့ရသော မိန်းမတစ်ယောက် ...။*

နေဝင်ဖျိုးဖျအချိန်တွင် ဖြစ်လေ၏။

ဝင်းထွန်းနဲ့ သက်ငုံတို့ ချစ်သူစုံတွဲနှစ်ယောက် ရှင်းသန့်သော ပင်လယ်လေအေးများကို ရှူရှိုက်ရင်း လမ်းလျှောက်လာကြ၏။

ပင်လယ်ခရုလေးများကို ဝင်းထွန်းမှ တစ်လုံးချင်း လိုက်၍ ကောက်၏။ သက်ငုံအား ပုတီးလေးတစ်ကုံး သီကုံးပေးရန်ဖြစ်သည်။ ခေါင်းဆေးကျွန်းသောင်မှာ မြစ်ခြေရွာနှင့် မဝေးလှ။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



(၂)ဖာလုံခန့်သာရှိ၏။ ကျွန်းသို့ရောက်လာ၏။

ထိုအခိုက် နှစ်ဦးစလုံး၏ ရင်ထဲတွင် ဆို့ဆို့နင့်နင့် ခံစားလာရသည်။ ဘာကြောင့်မသိ။

ခေါင်းဆေးကျွန်း သောင်အငူတစ်ခုပေါ်တွင် ထိုင်လိုက်၏။

ခဏကြာတော့ ဝင်းထွန်းနဲ့ထိုင်၍ စကားပြောနေသော သက်ငုံ တစ်ယောက် ထ၍သွား၏။ ခပ်လှမ်းလှမ်းရှိ ကျောက်ဆောင်တစ်ခုနား သို့ဖြစ်၏။ ဝင်းထွန်းမတားမိလိုက်။ ဟိုနားသည်နားသွားသည်သာ ထင် လိုက်၏။ သက်ငုံလျှောက်လာ၏။ ထိုစဉ် . . .

"ဟဲ့ . . . ကောင်မ"

အသံတစ်ခုကြောင် သက်ငုံ ရပ်လိုက်၏။

"နင်ကဘာလို့ ငါ့ချစ်သူကို လုရတာလဲ"

"ငါ ဘယ်မှာလုလို့လဲ။ နင်က ဘယ်သူလဲ"

"ဟိုမှာထိုင်နေတာ ငါ့ချစ်သူ ဆရာလေးကိုနန္ဒအောင်လေ။ နင်က ဘာညာနေတာလဲ"

"ဟဲ့ . . . မဟုတ်ဘူး၊ အဲဒါ ငါ့ချစ်သူ ဝင်းထွန်း . . ဝင်းထွန်း။ နင့်ချစ်သူ နန္ဒအောင်မဟုတ်ဘူး"

"ငါ့ချစ်သူကို လုတဲ့ကောင်မ၊ ကဲဟယ် . . ."

"အမယ်လေး . . ."

သက်ငုံအသံကြောင့် ဝင်းထွန်း ကျောက်ဆောင်ပေါ်တွင်ထိုင် နေရာမှ လှမ်း၍ ကြည့်လိုက်သည်။ သက်ငုံလွင့်ကျသွားသည်ကို တွေ့ လိုက်ရ၏။ ဝင်းထွန်း ကြောင်၍သွားသည်။ သက်ငုံမှာ ကျောက်ဆောင် နံဘေးတွင် ခွေခွေလေး လဲ၍နေ၏။

"သက်ငုံ . . . သက်ငုံ . . ."

---

စိတ်ကူးသစ်စာပေ



ထိုအခိုက် ခြေသံတစ်ခုကြား၍ နောက်သို့ လှည့်၍ကြည့်လိုက် သည်။

"ဟင် . . . မိန်းမတစ်ယောက်။ နင် . . . နင်က ဘယ်သူလဲ"

မိန်းမမှာ မိမိအားစိုက်၍ ကြည့်နေ၏။ တဖြည်းဖြည်းပြုံး၍ ာသည်။ ထို့နောက် မိမိတို့နားသို့ တရွေ့ရွေ့လျှောက်လာ၏။

"နင် . . . နင်ဘယ်သူလဲ။ သက်ငုံကို တွန်းချလိုက်တာ နင် ဟုတ်လား"

"ဟုတ်တယ်။ ကျွန်မချစ်သူကို လုလို့"

"နင့်ချစ်သူ ဘယ်မှာလဲ။ နင့်ချစ်သူကို ဘယ်သူကလုလို့လဲ။ နင်က ဘယ်သူလဲ"

"ကျွန်မက မေယမုံ။ ရှင်ကရော ဆရာလေး နန္ဒအောင်မို့ လား"

"မဟုတ်ဘူး။ ငါ ကိုနန္ဒအောင်မဟုတ်ဘူး။ ငါ့နာမည် ဝင်း ထွန်း။ ဝင်းထွန်း"

"ရှင် လိမ်ပြောနေတာ။ ရှင်ဟာ ဝင်းထွန်းမဟုတ်ဘူး။ ကိုနန္ဒ အောင်မှ ကိုနန္ဒအောင်အစစ်"

[ဝင်းထွန်း + သက်ငုံ]

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂ |

❑

ထိုအဖြစ်အပျက်လေးများ ဖြစ်ပွားခဲ့သည်မှာ နှစ်ပေါင်း (၁၀) နှစ်ခန့် ကြာညောင်းခဲ့ပြီဖြစ်လေသည်။

သို့တိုင် မြစ်ခြေရွာသူရွာသားများ၏ နှုတ်ဖျားသည်းပွတ်တွင် မမေ့မရှုပျောက်နိုင်သေးဘဲ ယခုထိတိုင် လွမ်းမောဖွယ်ကောင်းသွား ပုံပြင်တစ်ပုဒ်အဖြစ် ပြောဆိုနေကြဆဲ ဖြစ်လေ၏။ ဤအဖြစ်အပျက် ဇာတ်လမ်းလေးသည် အချစ်ကြီးခဲ့သည့် မြစ်ခြေရွာမှ တံငါသည်ကြီးတစ်ဦး၏ သမီးဖြစ်သူ မေယမုံ။ အထီးတေ အတိတ်ကရှိခဲ့ဖူးသော ရေးရေစက်ကြောင့် အတိတ်မေ့ခဲ့ရသော ဘဝသစ်တစ်ခုတွင် တွေ့ဆုံရင်းနှီး ချစ်ကြိုးသွယ်ခဲ့ကြ သည့် မင်းခေါင်သွေးတစ်ဖြစ်လဲ ဆရာလေးကိုနန္ဒအောင်တို့၏ လွမ်းမောရင်နင့်ဖွယ်ရာ ပင်လယ်ပုံပြင် အဖြစ်အပျက်ဆန်းလေးသည်ကတော့ ဤသို့ နိဒါန်းချီ အစပြုခဲ့ပါလေတော့သည်။ ။

✿ ✿ ✿



| ၃ |

❑

ဒေါ်မိုးသူဇာတွင် မင်းခေါင်သွေးဟူသော သားတစ်ယောက်နှင့် မာလာနွယ်ဟူသော သမီးလေးတစ်ယောက်ရှိသည်။ ခင်ပွန်းဖြစ်သူ ဦးဘတွန်း ဆုံးပါးသွားလေသည့်အခါတွင် ခင်ပွန်းဖြစ်သူ၏ ကျန်ရစ်ခဲ့သော လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကာ သားနှင့်သမီးကို ကျောင်းညာများ ဆက်လက်သင်ကြားစေခဲ့၏။

သားကြီး မင်းခေါင်သွေးမှာ ကျောင်းပြီး၍ ဘွဲ့ပင်ရခဲ့၏။ သမီးငယ် မာလာနွယ်မှာတော့ ကျောင်းတက်နေဆဲဖြစ်လေသည်။ သားဖြစ်သူ ဘွဲ့ရလေသည့်အခါ မိမိလုပ်ငန်းများကို ဦးစီးလုပ်ကိုင်စေလိုသော်လည်း မင်းခေါင်သွေးမှာ မိခင်၏လုပ်ငန်းများကို စိတ်မဝင်စား။ နယ်ဒေသတစ်ခုသို့သွားရောက်ကာ အလုပ်တစ်ခုခုကို လုပ်ကိုင်လိုသည်။ အထူးသဖြင့် ကျောင်းဆရာအလုပ်ဖြစ်၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သား ... မင်းလည်း ကျောင်းပြီးသွားပြီဆိုတော့ မေမေ့ရဲ့ လုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်စေချင်တယ်။ မေမေလည်း နားချင်ပြီ သားရဲ့"

"အို ... အမေရယ်၊ သား အဲဒီအလုပ်တွေကို စိတ်မဝင်စားဘူး"

"ဒါဖြင့် မင်းက ဘာအလုပ်လုပ်ချင်တာလဲ"

"သားလုပ်ချင်တာက မဖွံ့ဖြိုးသေးတဲ့ နယ်ဒေသတစ်ခုခုမှာ ကျောင်းဆရာသွားပြီး လုပ်ချင်တယ်အမေ"

"အို ... မဖြစ်ပါဘူးသားရယ်။ မေမေတို့မှာ ပြေးကြည့်ရင် မိသားစု (၃)ယောက်ပဲရှိတာ။ တကွဲတပြားစီနေလို့မဖြစ်ဘူး။ ပြီးတော့ ညီမလေးကလည်း ကျောင်းပြီးသေးတာမဟုတ်ဘူးလေ"

ဘဝဟူသည် ...။ ဝါသနာနှင့်အလုပ် တစ်ထပ်တည်းကျဖို့ ဆိုသည်မှာ မလွယ်ကူလှ။ ဝါသနာပါသောအလုပ်ကို လုပ်ကိုင်ခွင့်မရ၊ အမေ့၏ဆန္ဒများကို မလွန်ဆန်နိုင်၍သာ လုပ်ကိုင်နေရသော်လည်း မင်းခေါင်သွေးတစ်ယောက် အလုပ်ထဲတွင်စိတ်မပါ။ မင်းခေါင်သွေးတို့နေသောအိမ်နှင့် (၃)(၄)အိမ်ကျော် လမ်းထိပ်တွင်တော့ သဇ္ဈာကျော်တို့အိမ်လေးရှိသည်။

သဇ္ဈာကျော်မှာ ဥပဒေဝန်ထမ်းဟောင်းရှေ့နေကြီး ဦးဝင်းကျော်၏သမီးဖြစ်လေသည်။ သဇ္ဈာကျော်မှာ မင်းခေါင်သွေးနှင့် တက္ကသိုလ် အတူတက်စဉ်ကပင် ချစ်ကြိုးသွယ်ခဲ့ကြသော ချစ်သူရည်းစားများဖြစ်ကြ၏။

တက္ကသိုလ်တွင် အတူတက်ကြရင်း ချစ်သူရည်းစားဖြစ်ခဲ့ကြသော်လည်း အသီးသီးယူခဲ့ကြသော ဘာသာရပ်များကမတူ။ မင်းခေါင်သွေးသည် ရှေးဟောင်းအမွေအနှစ်၊ စာပေယဉ်ကျေးမှုများကို ဝါသနာပါ၍ မြန်မာစာကို ယူခဲ့သော်လည်း သဇ္ဈာကျော်ကတော့ ကျောင်းပြီး၍ ဘွဲ့ရလေသည့်အခါ ရှေ့နေတစ်ဦးလုပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဥပဒေဘာသာရပ်ကို ယူခဲ့သည်။

ဦးဝင်းကျော်တွင် အေးကိုထွန်း၊ မျိုးဝေဟူသော သားနှစ်ယောက်နှင့် သမီးအငယ်ဆုံးဖြစ်သည့် သဇ္ဈာကျော်တို့ရှိလေသည်။ အေးကိုထွန်းမှာ အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး မိဘများနှင့်မနေ။ အိမ်ငှား၍ သီးခြားနေထိုင်သည်။

သဇ္ဈာကျော်နှင့် မင်းခေါင်သွေးတို့နှစ်ယောက် ချစ်သူရည်းစားများအဖြစ် ချစ်ကြိုက်သံယောဇဉ် ရှိနေကြသည်ကို နှစ်ဖက်မိဘများက သိကြ၏။ သဘောလည်း တူကြလေသည်။

ကျောင်းပြီးသွားသည်မှာ မကြာသေး။ ကိုယ်စီကိုယ်စီ အလုပ်အကိုင်လေးများ ဝင်ရောက်ပြီးပါက လက်ထပ်ရန်လည်း ဆုံးဖြတ်ထားကြလေသည်။ သဇ္ဈာကျော်၏အစ်ကိုဖြစ်သည့် မျိုးဝေသည် မင်းခေါင်သွေးနှင့် တက္ကသိုလ်တွင် အတူတက်ရောက်ခဲ့သော သူငယ်ချင်းများဖြစ်၏။

မျိုးဝေမှာ မိမိ၏ညီမ သဇ္ဈာကျော်နှင့် မင်းခေါင်သွေးတစ်ယောက် ချစ်ကြိုက်နေကြောင်း သိ၏။ သူငယ်ချင်းဖြစ်သည်မို့လည်း သဘောတူပေသည်။ နှစ်ဦးနှစ်ဖက် မိဘများကလည်း ရင်းနှီး၍ သဘောထားကြသူများမို့ နှစ်အိမ်တစ်အိမ်ဆိုသလို ဝင်ထွက်သွားလာနေခဲ့ကြလေသည်။

✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

မင်းခေါင်သွေးတွင် တက္ကသိုလ်တက်ရောက်ခဲ့စဉ်က နယ်အေး ဘက်မှ ရင်းနှီးခင်မင်ခဲ့သော သူငယ်ချင်းတစ်ယောက်ရှိ၏။ မင်းစိန်ဖြ လေသည်။ မင်းစိန်မှာ ဧရာဝတီတိုင်း မြို့တစ်မြို့တွင်ရှိသည့် မြစ်ခြေ ဟူသော ရွာလေးမှဖြစ်၏။

မြစ်ခြေရွာလေးမှာ မကြီးမားလှ။ လူနေအိမ်ခြေ (၅၀၀) ကျော် ခန့်မျှသာရှိသည့် ကျွန်းစုရွာလေးတစ်ရွာဖြစ်သည်။ ထိုရွာရှိ ရွာသူရွာ သားအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တံငါလုပ်ငန်းဖြစ် ကြ၏။





နွေရာသီကာလ ကျောင်းပိတ်ရက်တစ်ခုက ဤမြစ်ခြေရွာသို့ မင်းစိန်နှင့်အတူ အလည်လိုက်သွားရင်း ထိုရွာလေးသို့ မင်းခေါင်သွေး ရောက်ခဲ့ဖူးသည်။

ရွာလေးသည် သာယာ၍ ပျော်စရာကောင်းသည်။ ထိုရွာလေး တွင် တွဲဘက်အလယ်တန်းကျောင်းရှိသည်။ ဆရာအင်အားမပြည့်စုံ။ မင်းခေါင်သွေးသည် ဆရာအလုပ်ကို ဝါသနာပါသည်ဖြစ်၍ ထိုရွာသို့ ရောက်၍ တွဲဖက်ကျောင်းဆရာလုပ်ပါက အတိုင်းထက်အလွန် ဝမ်း သာစရာဖြစ်ကြောင်း၊ နေစရာထိုင်စရာဟူ၍လည်း ပူပင်စရာမလို၊ ညီ အစ်ကိုသူငယ်ချင်းတမျှ ခင်မင်ရသည့် မင်းစိန်အိမ်တွင် နေရန်သာဖြစ် သည်။

"မင်းစိန်ရာ ငါတော့ မင်းတို့မြစ်ခြေရွာလေးကို သိပ်သဘော ကျတာပဲကွာ။ ဖြူစင်ရိုးသားကြတဲ့ အင်းသူအင်းသားတွေမို့လည်း ဒီရွာ လေးမှာ သိပ်နေချင်တာပဲကွာ"

"ဒါဆို အတော်ပဲသူငယ်ချင်း၊ ငါတို့ရွာက တွဲဖက်ကျောင်း လေးမှာ ဆရာမပြည့်စုံဘူး။ ဒါကြောင့် မင်းသာ ကျောင်းဆရာလာပြီး လုပ်မယ်ဆိုရင် အရမ်းအဆင်ပြေမှာပဲကွာ။ နေစရာစားစရာဆိုလည်း ဘာပူစရာလိုသလဲ။ ငါ့အိမ်မှာနေ ငါ့အိမ်မှာစားပေါ့"

"အေးကွာ ... ဒါတော့ဒါပေါ့ မင်းစိန်ရာ။ ဒါပေမဲ့ မင်းသိတဲ့ အတိုင်း အမေက ငါ့ကို ခွင့်ပြုမှာမဟုတ်ဘူးကွ"

တက္ကသိုလ်မှ ဘွဲ့ဒီဂရီအသီးသီး ရရှိခဲ့ကြပြီးနောက် ကိုယ့် နေရပ်ကိုယ့်ဒေသသို့ ပြန်ခဲ့ကြရင်း တချို့ လုပ်ငန်းခွင်ဝင်ကြ၏၊ တချို့ ကလည်း ကိုယ်ပိုင်အလုပ်များ လုပ်ကြ၏။ ထို့ကြောင့် တစ်ယောက်နဲ့ တစ်ယောက်က အလှမ်းဝေး၍ သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိသည်ပင် မင်းစိန်နှင့် မဆုံဖြစ်ခဲ့သည်မှာ (၂)နှစ်နီးပါးကြာခဲ့၏။

ယခု မင်းစိန်တစ်ယောက် ရန်ကုန်သို့ အလုပ်ကိစ္စတစ်ခုနှင့် တက်လာသည်။ ဤတွင် ကျောင်းနေဖက် သူငယ်ချင်းများဆီဝင်ရင်း မိမိနှင့် ဆုံခဲ့ကြခြင်းဖြစ်လေ၏။

"ဟကောင် ... မင်းခေါင်သွေး"

"အမယ်လေး ... ပေါ်တော်မူ လာလာ ... ပျောက်ချက်သား ကောင်းလိုက်တာကွာ။ ဒါနဲ့ ဘယ်တုန်းကရောက်လဲ"

"ခုပဲ သူငယ်ချင်း။ ရန်ကုန်ကို ကိစ္စလေးတစ်ခုရှိလို့လာတာ။ ရောက်ရောက်ချင်း မင်းဆီကိုတန်းလာခဲ့တာ။ မိသားစုတွေရော နေကောင်းကြတယ်မဟုတ်လား"

"အေး ... ကောင်းပါတယ်"

"ဒါနဲ့ ထွန်းမြတ်တို့နဲ့ရော တွေ့သေးလား"

"ထွန်းမြတ်နဲ့လည်း မတွေ့တာကြာပြီ။ လာကွာ ... လက်ဖက်ရည်ဆိုင်သွားကြမယ်။ ဟိုကျမှ စကားပြောကြတာပေါ့ကွာ"

ထိုမှ မင်းစိန်မှာ ရန်ကုန်သို့ သူ့အမေ၏ကျန်းမာရေးအတွက် ဆေးဝါးလေးများဝယ်ရန် တက်လာကြောင်းများ သိရ၏။

"ဒါနဲ့ မင်းစိန် မင်းရော ဘာတွေလုပ်နေသလဲ"

"ဘာမှမလုပ်နိုင်သေးပါဘူး မင်းခေါင်သွေးရာ။ အမေက ကျန်းမာရေးကောင်းတာမဟုတ်ဘူး။ ဒါကြောင့် အမေ့ကိုပဲ ပြုစုနေရတာပေါ့။ မန္တလေးမှာရှိတဲ့ အမေ့ရဲ့ညီမ ဒေါ်လေးတစ်ယောက်ကတော့ သူ့ဆီလာနေဖို့ခေါ်ပါတယ်။ သူ့ဆီသွားနေဖြစ်ရင်တော့ ငါ အလုပ်တစ်ခု လုပ်နိုင်မှာပေါ့"

---

စိတ်ကူးသစ်စာပေ



"ဪ ... ဒါနဲ့ မင်းရွှေ သဘ္ဘာကျော်နဲ့ ဒီအတိုင်းပဲလား"

"အင်း ... ဒီအတိုင်းပါပဲ။ လက်ထပ်ဖို့ကလည်း ခုထိငါက ဘာအလုပ်မှ မလုပ်ရသေးတော့ မယူဖြစ်ကြသေးဘူးပေါ့။ သူကတော့ ဘာဆင်းနေတယ်"

"အေးကွာ ... ငါလည်း သူငယ်ချင်းတွေကို တွေ့ချင်ပါတယ်။ သမဲ့ အချိန်မရဘူး။ မျိုးဝေနဲ့ သဘ္ဘာကျော်တို့ကိုလည်း ပြောလိုက်ပါတယ်လို့"

"ဒါနဲ့ ခုမင်းက ဘယ်မှာတည်းမှာလဲ"

"ငါလား ...။ အင်းစိန်ဘက်မှာ တည်းမယ်။ မနက်ကျရင် ခြကို ပြန်မယ်။ မင်းလည်း ငါ့ဆီလာလည်ဦးလေကွာ"

"အေးပါ ... ငါကြိုးစားပါ့မယ်"

"ကဲ ... ဒါဆို ငါသွားမယ်သူငယ်ချင်း"

ထိုအချိန်မှစ၍ မင်းခေါင်သွေးတစ်ယောက် မင်းစိန်ရှိရာ မြစ်ခြေသို့သွားရောက်ရန် ကျောင်းဆရာလုပ်ကိုင်လိုသော စိတ်ကူးများ အိပ်တစ်ခုလို ရင်ထဲတွင် အမြစ်တွယ်နေခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

ခုတစ်လော မင်းခေါင်သွေးတစ်ယောက် ညညဆို အိပ်မပျော် ထိုမှ ကယောင်ကတမ်း စကားများပြောကြားလာ၏။ မင်းခေါင်သွေး သည် လွန်ခဲ့သော (၂)နှစ်ခန့်က စိတ်ကစဥ့်ကလျားဖြစ်မှုနှင့် ထင်ယောင် ထင်မှားဖြစ်မှု ဝေဒနာအချို့ ဖြစ်ပေါ်ခဲ့ဖူးသည်။ ထို့ကြောင့် ဆေးများ သောက်နေရ၏။

ဆရာဝန်မှလည်း မိခင်ဖြစ်သူ ဒေါ်မိုးသူဇာအား မှာကြားထား ၏။

"မောင်မင်းခေါင်သွေးကို စိတ်ပင်ပန်းစေမဲ့အရာတွေ မလု နိုင်းပါနဲ့။ ပြီးတော့ ထိတ်လန့်ကြောက်ရွံ့စရာ ရုပ်ရှင်ဗီဒီယိုဇာတ်လမ်





သွေး စုံထောက်၊ လျှို့ဝှက်သည်းဖိုဆန်ဆန်စာတွေ မဖတ်ခိုင်းပါနဲ့။ ခုလို ဆေးသောက်နေပေမယ့် အိပ်ရေးပျက်ပြီး အားနည်းလာရင် ရောဂါဆို တာ ပြန်ပြီးပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ဂရုစိုက်ပါ"

"ဟုတ်ကဲ့ ... ကောင်းပါပြီဆရာ"

တစ်နေ့ သဥ္စာကျော်တစ်ယောက် ချစ်သူ မင်းခေါင်သွေးတို့ အိမ်သို့ အပြေးရောက်လာလေသည်။ မျက်နှာမှာ မသာမယာဖြစ်၏။

"မင်းခေါင်သွေးရေ ... မင်းခေါင်သွေး"

ချစ်သူ သဥ္စာကျော်၏အသံဖြစ်သည်မို့ မင်းခေါင်သွေး အိမ် ရှေ့သို့ ပြေးထွက်သွားသည်။

"ဟဲ့ ... သဥ္စာကျော်၊ ဘာ ... ဘာဖြစ်လို့လဲ"

"ဖေဖေဆုံးသွားပြီဟ။ အဲဒါ နင့်ကို အစ်ကိုလေးမျိုးဝေ ခေါ် ခိုင်းလိုက်လို့"

ထိုမှ မင်းခေါင်သွေးတစ်ယောက် သဥ္စာကျော်တို့အိမ်သို့ လိုက် သွားသည်။ သူငယ်ချင်းဖြစ်သူ မျိုးဝေနှင့်အတူ ဈာပနကိစ္စများ စီစဉ် ၏။ မျိုးဝေ၏ ဖုန်းဆက်အကြောင်းကြားမှုကြောင့်ပင် အစ်ကိုဖြစ်သူ ကိုထွန်းပင်လျှင် ရောက်ရှိလာ၏။

ဖခင် ဦးဝင်းကျော်ဈာပန မြေကျပြီးသောနေ့တွင် မျိုးဝေမှ စပြု၍ ဖခင်ဦးဝင်းကျော် မရှိတော့လေပြီဖြစ်၍ ဤအိမ်ကြီးကို အမွေ ခွဲရှင်းကြရန် ပြောဆိုလာ၏။

"ဟေ့ကောင် ... မျိုးဝေ၊ မင်း ဘာစကားပြောတာလဲ။ အဖေ့ ဈာပနက မြေကျရုံရှိသေး မင်းမို့ပြောရက်တယ်ကွာ"

"မဟုတ်ဘူးလေဗျာ။ အစ်ကိုကြီးက စီးပွားရေးပြေလည်တဲ့သူ နိုင်စားနိုင်ပေမယ့် ကျုပ်နဲ့ညီမလေးက ရှေ့လျှောက်ပြီး ကိုယ့်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဖုံထောင်ရဦးမယ်။ အစ်ကိုကြီးလုပ်တဲ့သူက စမပြောလို့ ကျုပ်က ပြောရတာ အားတော့နာပါတယ်ဗျာ''

''ဟော့ဂေ ် င် ... မျိုးဝေ၊ မင်းပါးစပ်ပိတ်။ လူကြားလို့မကောင်းဘူး။ အခု အဖေသေရတာလည်း မင်းကြောင့်။ မင်းအမျိုးမျိုး စိတ်ဆင်းရဲအောင်လုပ်လို့ အဖေသေရတာ။ တကယ်တော့ မင်းဟာ အဖေ့ကိုသတ်တဲ့ တရားခံစစ်စစ်ပဲ''

မျိုးဝေနဲ့ အေးကိုထွန်းတို့ ညီအစ်ကိုနှစ်ယောက် စကားများနေကြစဉ် မင်းခေါင်သွေးမှာ သဋ္ဌာကျော်ဆီသို့လာရင်း အိမ်နားသို့ရောက်လာ၏။

''အဖေ့ကိုသတ်တာဟာ မင်းပဲ။ မင်းဟာ တရားခံအစစ်''

ဟူသော အေးကိုထွန်း၏ စကားသံများကို ကြားရ၏။ ထို့နောက် ...'ဝုန်း' ဟူသော အသံတစ်သံကြားရပြီး သဋ္ဌာကျော်၏ အထိတ်တလန့်အော်သံကို ကြားလိုက်ရတော့သည်။

''အစ်ကိုလေး ... မလုပ်နဲ့နော်၊ မလုပ်နဲ့။ လက်လွှန်မယ်''

''မင်း တော်တော်မိုက်ရိုက်တဲ့ကောင်ပါလား မျိုးဝေ။ သတ္တိရှိရင် ရှေ့တိုးလာခဲ့စမ်း''

''မင်းကိုငါသတ်မယ်။ မင်းကို ငါသတ်ရမှ ကျေနပ်မယ်''

''အမယ်လေး လာကြပါဦးရှင်''

ချစ်သူဖြစ်သူ သဋ္ဌာကျော်၏အော်သံကြောင့် မင်းခေါင်သွေး အိမ်ပေါ်သို့ ပြေးတက်သွားသည်။ ရန်ပွဲကို ဖြေရှင်းရန်ဖြစ်၏။ ဤတွင် အစ်ကိုဖြစ်သူ အေးကိုထွန်းအား မျိုးဝေရိုက်လိုက်သောတုတ်သည် မင်းခေါင်သွေး၏ခေါင်းကို ထိ၍သွားတော့၏။





''ခွမ်း ...''

''အား ...''

မင်းခေါင်သွေးတစ်ယောက် ခေါင်းမှသွေးများ ဖြာခနဲထွက်၍ ...သည်။

''ဟာ ... မင်းခေါင်သွေးရဲ့ခေါင်းကို ထိသွားပြီ''

''အမယ်လေး ... လာကြပါဦးရှင်''

သွေးများကိုမြင်၍ သဋ္ဌာကျော်မှာ လဲကျမေ့မျောသွားသည်။ ...ခဲဖြစ်၍သွားသည့် မင်းခေါင်းသွေး ခေါင်းကို လက်နှင့်စမ်းလိုက်၏။ ...ပ်စေးစေးဖြင့် လက်တွင် သွေးများကပါလာ၏။ သွေးဆူနေချိန်ဖြစ်၍ ...များက မြင်မကောင်း။ ဝတ်ထားသောအင်္ကျီမှာ အဖြူရောင်ဖြစ်၍ ...ဝ်ကိုယ်လုံး နီရဲနေလေတော့သည်။

''ဟာ ... မင်းခေါင်သွေးကို ထိသွားပြီ ဒုက္ခပဲ။ သွေးတွေ ...တွေ''

ထိုမှ မျိုးဝေတစ်ယောက် သတိဝင်ကာ မင်းခေါင်သွေးဆီသို့ ...၍သွားတော့၏။

''ဟာ ... သူငယ်ချင်း၊ ဘာဖြစ်သွားလဲ။ လာလာ ... ဆေး...သွားမှဖြစ်မယ်။ သွေးတွေလည်း အရမ်းထွက်နေတယ်''

အေးကိုထွန်းနှင့် မျိုးဝေတို့နှစ်ယောက် ဒေါသများ ဘယ်ပျောက်...ကြသည်မသိ။

''ဟဲ့ ... ဟဲ့ ... ညီမလေးကို ထူကြဦးဟဲ့''

''လာ ... မင်းခေါင်သွေး။ ဒီမှာခဏထိုင် သူငယ်ချင်း''

မင်းခေါင်းသွေးအား ဧည့်ခန်းတွင် ခေတ္တထိုင်နိုင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှထွက်လာသော သွေးတို့ကြောင့် မိုက်ခနဲဖြစ်၍သွားသည်။ မျက်စိတို့က ပြာဝေလာသည်။

ထိုင်နေရင်းမှ အိပ်ပျော်သလို ဖြစ်၍သွားသည်။

အေးကိုထွန်းနှင့် မျိုးဝေတို့မှာတော့ ဆေးခန်းသွားရန် အိမ်ထဲ၌ယောက်ယက်ခတ်နေကြသည်။ အခန်းပြင်သို့ ထွက်လာသည့်တွင်တော့ မင်းခေါင်သွေးမှာမရှိတော့။

"ဟင်း ... မင်းခေါင်သွေး ဘယ်ရောက်သွားလဲ။ မင်းခေါင်သွေးကို ရှာကြပါဦးဟ"

✿ ✿ ✿

[ ၆ ]

❑

ထိုအချိန်တွင် မင်းခေါင်သွေးမှာ မိမိအိမ်သို့ ပြန်လာလေသည်။ အိမ်ပြန်ရောက်သည့်အခါတွင် အိမ်တွင် လူတစ်ဦးမျှမရှိကြ။ ...မေသည် မြို့ထဲသို့သွား၍နေသလို ညီမလေးမာလာနွယ်သည်လည်း ...ျောင်းတက်၍ နေလေသည်။

မင်းခေါင်သွေးတစ်ကိုယ်လုံး နီရဲနေသောသွေးများကို ကြည့်...။ ...

"ငါ ... ငါ လူသတ်မိပြီ။ ငါ့ကိုယ်မှာ သွေးတွေနဲ့။ ငါ ဦးဝင်း...ကို သတ်မိပြီထင်တယ်။ မဖြစ်ဘူး။ မဖြစ်ဘူး ငါသွားမှဖြစ်မယ်။ ...သွားလို့ လုံးဝမဖြစ်တော့ဘူး။ သူတို့ငါ့ကို လိုက်ရှာနေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း နှုတ်မှ ရေရွတ်နေမိ၏။ ထို့နောက် နော ဖေးရေစည်တွင် ရေချိုးလိုက်၏။ သွေးများစွန်းနေသော အင်္ကျီကိုအိ သာထဲသို့ လုံးထွေးကာချလိုက်ပြီး အစဖျောက်လိုက်သည်။

ထို့နောက် သားရေအိတ်တစ်လုံးကို ယူ၏။ လိုအပ်သော အဝတ်အစားအချို့ကို ယူသည်။ ထို့နောက် ဘီဒိုမှန်တင်ခုံရှေ့တွင် ရ လိုက်၏။ ခြေဆုံးခေါင်းဆုံးကြည့်၏။

"အင်း ... ဒါဆိုငါ့ကို လူသတ်တရားခံရယ်လို့ ဘယ်သူက ရိပ်မိကြမှာ မဟုတ်တော့ဘူး"

အိမ်ရှေ့သို့ ထွက်လာ၏။

ထို့နောက် ဖိုဟိုသည်သည် တစ်ချက်အကဲခတ်၍ ကြည့် လိုက်ရင်း မောင်းလာသော တက္ကစီကားတစ်စီးကို တားလိုက်သည် ကားတစ်စီး ရပ်၍လာ၏။

"ဘယ်သွားမလဲ အစ်ကို"

"စဉ့်အိုးတန်း သင်္ဘောဆိပ်ကိုသွားမလို့ ဘယ်လောက်ပေး မလဲ"

"နှစ်ထောင်ပဲပေးပါ အစ်ကို"

"ကဲ ... သွားမယ်"

"ဂျိုင်း"

ကားပေါ်သို့ ဝင်ကာထိုင်လိုက်ရင်း တံခါးကိုပိတ်လိုက်သည် ကားလေးက ဝှစ်ခနဲ ပြေးထွက်၍သွားသည်။

မကြာမီ ဆိပ်ကမ်းသို့ရောက်လာ၏။ ကားကို ရပ်၍ပေး ငွေနှစ်ထောင် ကားဆရာကိုပေးလိုက်သည်။ ကားလေးက မိမိနားမှ ပြေးထွက်သွားသည်။

---

**စိတ်ကူးသစ်စာပေ**



သားရေအိတ်တစ်လုံးကိုလွယ်ကာ ထွက်၍သာလာခဲ့သော်လည်း ဘယ်ကိုသွားရမည်ဟူ၍မသိ။ ကြာကြာရပ်နေ၍မဖြစ်။

ငါ့ကိုမသင်္ကာ၍ စစ်ဆေးလိုက်လျှင် မိသွားလိမ့်မည်။ ဆိပ်ကမ်း ရှင် သင်္ဘောတစ်စီး၏ ဥသြဆွဲသံကို ကြားရသည်။

"ဘော် ... ဘော် ... ဘော် ..."

မင်းခေါင်သွေး ဘာမှ စဉ်းစားမနေပါလေတော့။ အဓိကက တော့ ရန်ကုန်ကနေ အမြန်ဆုံးခွာနိုင်ဖို့သာ အရေးကြီးလေသည်။

ထိုသင်္ဘောပေါ်သို့ မင်းခေါင်သွေး တက်လိုက်သည်။ သင်္ဘော ထွက်လာ၏။

ကံအားလျော်စွာ မင်းခေါင်သွေးစီးလာသော သင်္ဘောမှာ မြစ်ဝ ကျွန်းပေါ်ဒေသသို့သွားသော သင်္ဘောဖြစ်နေ၏။ ထိုမှ သူရောက်ခဲ့ဖူး သော မင်းစိန်နေထိုင်ရာ မြစ်ခြေရွာဆီသို့သွားရန် ဆုံးဖြတ်လိုက်သည်။

"ဟာ ... ဟုတ်ပြီ။ ငါ မြစ်ခြေရွာကိုသွားမယ်။ အဲဒီမှာ မင်းစိန် သယ်။ ပြီးရင် အဲဒီမြစ်ခြေရွာကျောင်းမှာ ကျောင်းဆရာလုပ်ပြီး ဇာတ် ပ်နေလိုက်မယ်။ ဒါဆိုငါ့ကို ဘယ်သူကမှ ရှာတွေ့ကြမှာမဟုတ်ဘူး။ ဘဝရဲ့ အဖြစ်မှန်ကိုလည်း ဘယ်သူကမှ သိမှာမဟုတ်ဘူး"

အတွေးဆုံးတော့ ဘာကြောင့်မသိ မင်းခေါင်သွေး ပျော်၍သွား သင်္ဘောစက်ခန်းဘေး တစ်နေရာတွင် သားရေအိတ်လေးကိုပိုက် ထိုင်လိုက်ရင်းက သင်္ဘောနံဘေးကို တစ်ချက်ကြည့်လိုက်၏။

အရာအားလုံးက နောက်တွင် တရွေ့ရွေ့ ဝေး၍ဝေး၍ ကျန် ခဲ့ကြ၏။ သင်္ဘောကြီးကတော့ ရေလှိုင်းရေထုများကို ထိုးခွဲလှုပ်ရှား လွှားလျက်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

"ဟော့ကောင် ... မျိုးဝေ တွေ့လား"

"မတွေ့ဘူးအစ်ကို တစ်ခြံလုံးလည်း နံ့နေပြီ"

"ဒါဆို သူတို့အိမ်ကို သွားကြည့်ရအောင်၊ ဒီကောင် ပြန်များ သွားတာလား"

စကားဆုံးတော့ မျိုးဝေနှင့်အေးကိုထွန်းနှစ်ယောက် (၃) (၄) အိမ်ကျော်ခန့်ရှိ မင်းခေါင်သွေးတို့အိမ်သို့ ရောက်လာကြသည်။

"ကြီးကြီးမိုး ... ကြီးကြီးမိုး ..."

"မာလာနွယ်ရေ ... မာလာနွယ်"





"မင်းခေါင်သွေးရေ ... ဟော့ မင်းခေါင်သွေး"

အိမ်သားများကို တစ်ဦးပြီးတစ်ဦးခေါ်၏။ မရ။ ထူးသံပင် ကြားရ။ အိမ်တံခါးကြီးမှာ ပိတ်လျက်သားရှိနေ၏။

"တစ်ယောက်မှ မရှိကြဘူးနဲ့တူတယ်။ အိမ်တံခါးကိုလည်း ပိတ်ထားတယ်။ ဒါဆို ဒီမှာလည်း ဒီကောင်ရှိပုံမရဘူး။ ဒီကောင် ဘယ် များသွားတာပါလိမ့်။ ခေါင်းမှာလည်း ဒဏ်ရာကြီးနဲ့"

မိမိတို့အိမ်တွင်မက သူ၏နေအိမ်ကိုပင် သွားရှာ၏။ မတွေ့။ ထို့ကြောင့် အေးကိုထွန်းမှ စကားဆို၏။

"မျိုးဝေ ... မင်းပြောတော့ မင်းခေါင်သွေးကို အပြင်မှာ ထိုင်ခိုင်းထားတယ်ဆို"

"ဟုတ်ပါတယ် အစ်ကိုကြီးရဲ့ သူ့အင်္ကျီမှာ သွေးတွေရွှဲနေ ပို့ ကျွန်တော် အင်္ကျီလဲပေးဖို့ သွားယူနေတုန်း သူ့ကို အပြင်က ကုလား ထိုင်တစ်ခုမှာ ထိုင်ခိုင်းထားခဲ့တာ။ ပြန်လာတော့ သူမရှိတော့ဘူး"

"ဒါဆို ဒီကောင် ဘယ်များရောက်သွားပါလိမ့်"

သဥ္စာကျော်ကပင် ကြားဝင်၍ ...

"အစ်ကိုကြီးနဲ့ အစ်ကိုလေးတို့ လုပ်လိုက်ရင်တော့ ပြဿနာ ရှည်းပဲ။ မင်းခေါင်သွေးမတွေ့ရင်တော့ ကြီးကြီးမိုးနဲ့ မာလာနွယ်တို့ကို ဘယ်လိုပြောပြရမလဲမသိဘူး။ ကိုယ့်တာဝန်ဖြစ်သွားပြီ"

"ဪ ... မိကျော်ရယ်၊ ဒါတော့လည်း ဘယ်တတ်နိုင်ပါ့ မလဲ။ တမင်ရည်ရွယ်တာမှ မဟုတ်ပဲ၊ အမှတ်မထင် ဖြစ်သွားကြတာပဲ ဥစ္စာ"

"ဒီကောင် သူ့ဘာသူတစ်ယောက်တည်း ဆေးခန်းများသွား



www.burmeseclassic.com

www.burmeseclassic.com



သလားမသိဘူး''

"အို ... ဒါလည်း မဖြစ်နိုင်ပါဘူးကွာ။ သူသွားရင် တို့ကို ပြောသွားမှာပေါ့''

နောက်ဆုံး ရှာမတွေ့သည့်အဆုံး လက်လျှော့လိုက်ကြ၏။ ညနေ အတော်နေစောင်းတော့ မင်းခေါင်းသွေးတစ်ယောက် အိမ်ပြန်မလာ၍ ဒေါ်မိုးသူဇာနှင့် မာလာနွယ်တို့ သားအမိနှစ်ယောက် သဉ္ဇာကျော်တို့ အိမ်သို့ လိုက်လာကြသည်။

"မောင်မျိုးဝေရေ ... မျိုးဝေ ...

သဉ္ဇာကျော်ရေ ... သဉ္ဇာကျော်''

ဒေါ်မိုးသူဇာခေါ်သံကြောင့် သဉ္ဇာကျော် ထွက်လာသည်။

"ကြီးကြီး လာလာ''

"ဟဲ့ ... ညည်းတို့အိမ် မင်းခေါင်သွေးတစ်ယောက် မလာဘူးလား''

"လာပါတယ်။ ထိုင်ပါဦး ကြီးကြီးရယ်''

အိမ်ပေါ်ရောက်၍ တစ်ခဏမျှထိုင်မိတော့ သဉ္ဇာကျော်မှ အဖြစ်အပျက်အလုံးစုံကို ရှင်းပြ၏။

"ဟုတ်ပါတယ် ကြီးကြီး။ တကယ်တော့ ကျွန်တော့်အပြစ်တွေပါဗျာ''

"အမယ်လေးလေး ... ဒါ ... ဒါဆို ငါ့သားလေးကို ရှာကြပါဦးဟယ်။ ခေါင်းမှာလည်း ဒဏ်ရာကြီးနဲ့တဲ့။ ပြီးတော့ ဆေးတွေတိုက်နေရတာလေ''

"ဟုတ်ပါတယ် ... အစ်ကိုလေးကို ရှာကြပါဦးဟယ်''

---

**စိတ်ကူးသစ်စာပေ**



မင်းခေါင်သွေး၏ သူငယ်ချင်းများရှိရာ ရန်ကုန်မြို့တွင်း နေရာအတော်များများကို ဖုန်းဆက်၍ မေးမြန်းကြည့်မိ၏။

အားလုံး၏အဖြေများသည် မလာပါဟူ၍သာ ဖြစ်၏။

နောက်ဆုံး မင်းခေါင်သွေးတစ်ယောက် ပျောက်ဆုံးနေရကြောင်း ရဲစခန်းသို့သွားရောက်ကာ လူပျောက်တိုင်တန်းခဲ့ရတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၈ |

❑

နေ့လယ် (၂) နာရီခန့်ရှိတော့ မင်းခေါင်သွေးစီးလာသော သင်္ဘောမှာ ညြဇာကန်းဟူသောရွာကို ရောက်၏။ ထိုမှ တစ်နာရီခန့်ရှ လမ်းလျှောက်ရ၏။ ထိုမှတစ်ဖန် ဂျွန်ဆင်ခေါ် စက်သမ္ဘန်များစီးက မြစ်ခြေသို့ နာရီဝက်မျှ စီးရပြန်လေသည်။ ဤလမ်းခရီးများသည် မင်းခေါင်သွေးအဖို့ မရင်းနှီးသော်လည်း အစိမ်းသက်သက်တော့ မဟုတ်။

ဤမြစ်ခြေရွာသို့ မင်းခေါင်သွေးတစ်ယောက် တက္ကသိုလ်တက် နေသောကာလတွင် ကျောင်းပိတ်ရက်တစ်ခု၌ မင်းစိန်နှင့် လိုက်လာခဲ့၍ ရောက်ခဲ့ဖူးလေသည်။ မြစ်ခြေရွာသည် ပင်လယ်စပ်ရှိ ကျွန်းစုကလေး ဖြစ်သည်။ ဂျွန်ဆင်စက်လှေဆိပ်သို့ ရောက်လာ၏။





စက်လှေအချို့ ဆိုက်ကပ်ထားသည်ကို တွေ့ရ၏။ ဆိပ်ကမ်းကိုရောက်သည်နှင့် မေးမြန်းလိုက်သည်။

"မြစ်ခြေကို ဘယ်စက်လှေထွက်မှာလဲဗျ"

"ဟော့ဟိုက စက်လှေ ထွက်လိမ့်မယ်"

နှီးခမောက်တစ်လုံးဆောင်ထား၍ ကိုယ်အပေါ်ပိုင်း ဗလာကျင်း နေသည့် တုတ်တုတ်ခိုင်ခိုင် အဘိုးကြီးတစ်ယောက်၏ စက်လှေကို ညွှန်ပြ၏။ မင်းခေါင်သွေး ထိုမှ စက်လှေဆီသို့ လှမ်းလာ၏။

"အဘ မြစ်ခြေကိုထွက်မယ့် စက်လှေဆိုတာ အဘရဲ့လှေလား"

"ဟုတ်ပါတယ်ကွယ့်။ ဒါနဲ့ မောင်ရင်လေးက ဘယ်သွားမှာလဲကွယ့်"

"ကျွန်တော်က မြစ်ခြေရွာကို သွားမှာပါ"

"ဩော် ... ဩော် ... ဒါဆို တက် ... တက် ..."

စကားဆုံး၍မကြာမီ စက်လှေပိုင်ရှင်အဘိုးကြီးက စက်နှိုး၍ ထွက်လာခဲ့သည်။ မြစ်လယ်သာသာသို့အရောက် စကားစမိ၏။

"နို့ ... နေပါဦး။ ငါ့တူက မြစ်ခြေရွာကို သွားမှာဆိုတော့ မြစ်ခြေမှာ အသိအကျွမ်းရှိလို့လားကွယ့်"

"ဩော် ... ဟုတ်ကဲ့၊ မြစ်ခြေရွာမှာ ကျွန်တော့်သူငယ်ချင်း တစ်ယောက် ရှိပါတယ်။ သူ့နာမည်က မင်းစိန်တဲ့။ သူက ဘုရားကြီး နားမှာနေပါတယ် အဘ"

"အင်း ... အင်း ... ကောင်းပါပြီကွယ်"

တံငါရွာလေးများကို တစ်ရွာပြီးတစ်ရွာကျော်ရင်း နာရီဝက်ခန့်ကြာတော့ မြစ်ခြေသို့ရောက်၏။ လှေဆိပ်တွင်ကပ်၍ ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲအဘ။ ဪ ... ဒါနဲ့ အဘက ဒီလှေဆိပ်မှာပဲ ရှိမှာလား"

"ရှိပါတယ်"

စကားဆုံးတော့ မင်းခေါင်သွေး တက်၍သွားသည်။ တစ်ခဏ မျှကြာတော့ လှေဆိပ်သို့ ပြန်ဆင်းလာသည်။

"အဲဒါမှ အကြီးအကျယ် ဒုက္ခရောက်ပြီ အဘရေ"

"ဟဲ့ ... မောင်ရင်လေး၊ ဘာဖြစ်လို့တုန်းကွယ့်"

"ကျွန်တော့်သူငယ်ချင်း မင်းစိန်ဆိုတဲ့ကောင်က ပြီးခဲ့တဲ့ လပိုင်းလောက်ကမှ မန္တလေးကို အပြီးပြောင်းသွားကြပြီတဲ့။ မန္တလေးမှာ သူ့အဒေါ်ရှိတယ်လေ။ အင်း ... ဒီရွာမှာ မင်းစိန်ကလွဲလို့ ကျုပ်ကဲ့ အသိမရှိဘူး။ သူ့ကိုအားကိုးပြီးလာတာ"

မင်းခေါင်သွေး ညည်းတွားရင်းမှ စဉ်းစားလိုက်သည်။

"ဟာ ... ဟုတ်ပြီ။ ကဲဗျာ ... အဘ၊ ကျုပ်ကို အလယ်တန်းကျောင်းလေးကိုသာ ပို့ပေးတော့"

စကားဆုံးတော့ မင်းခေါင်သွေးကို ဦးဖိုးကွန်းတစ်ယောက် စက်လှေဖြင့် အစိုးရ အလယ်တန်းကျောင်းလေးရှိရာဆီသို့ ပို့ပေးခဲ့ရသည်။ ကျောင်းလေးမှာ မြစ်ခြေရွာအဆုံးတွင်ရှိသည်။ ဦးဖိုးကွန်းမှာ စက်လှေကို မောင်းရင်း မင်းခေါင်သွေးအား တစ်ချက် အကဲခတ်ကြည့်ရှုလိုက်ပြီး စကားစပ်စုလိုက်ပြန်၏။

"ဒါနဲ့ မောင်ရင်လေး ဒီရွာကို လာရင်းကိစ္စက ..."

"အင်း ... ကိစ္စကတော့ အဘရေ ... ဒီရွာမှာ မင်းစိန်ဆိုတာရှိတယ်။ သူနဲ့ကျွန်တော်က တက္ကသိုလ် အတူတက်ခဲ့ကြတုန်းက





ခင်မင်ခဲ့ကြတာ။ ခု သူ့ဆီမှာနေရင်း မြစ်ခြေကျောင်းမှာ ကျောင်းဆရာလုပ်မလို့ဗျ။ သူ့အားကိုးပြီးလာခဲ့တာ။ ခုတော့ သူကပြောင်းသွားပြီဆိုတော့ ကျုပ်နေဖို့ထိုင်ဖို့ ခက်ပြီပေါ့ဗျာ။ ဘာတတ်နိုင်တော့မလဲ လာခဲ့ပြီးမှတော့ ကျောင်းအုပ်ဆရာကြီးကို ပြောပြပြီး ကျောင်းမှာပဲနေဖို့ စီစဉ်ရတော့မှာပေါ့ဗျာ"

မင်းခေါင်သွေးစကားဆုံးတော့ ...

"ဪ ... ကိစ္စက ဒီလိုလား။ ဘကြီးနာမည်ကတော့ ဦးဖိုးကွန်းလို့ ခေါ်ပါတယ်ကွယ်။ ဒါနဲ့ ငါ့တူရဲ့နာမည်ကရော"

စက်လှေသမားအဘိုးကြီး မေးလာမှ မိမိနာမည်ကို မင်းခေါင်သွေး စဉ်းစားလိုက်သည်။ စဉ်းစား၍မရ။

"ဟုတ်တယ် ... ငါ ... ငါ့နာမည်။ အင်း ... ဟို ... ဟိုတာ ..."

ထိုအခိုက် မိမိတို့စက်လှေအနားသို့ တခြားသောစက်လှေတစ်စင်းက အရှိန်ပြင်းပြင်းနဲ့ ဖြတ်ကျော်၍သွားသည်။ မင်းခေါင်သွေး တစ်ချက်ကြည့်လိုက်၏။ စက်လှေနံရံတွင် စာတန်းတစ်ခု ရေးထိုးထားသည်ကို တွေ့ရ၏။ စက်လှေနာမည်ဖြစ်လေသည်။

နန္ဒအောင်တဲ့ ...။

ဟုတ်ပြီ ... သိပြီ၊ သိပြီ ... နန္ဒအောင် ... နန္ဒအောင်။ ငါ့ရဲ့နာမည်က နန္ဒအောင်ပဲ။

"ကျုပ်နာမည်က နန္ဒအောင်ပါ ဘကြီး"

"ဪ ... နန္ဒအောင်တဲ့လား။ နာမည်လေးက ခေတ်ဆန်ဆန်လေးပဲကွယ့်။ အင်း ... သာဓုကွယ်၊ သာဓု၊ သာဓု"

အဘတို့ရွာလေးမှာ ဆရာအင်အား လိုအပ်နေတာ။ များသော



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့်တော့ မြို့ပြက ဘွဲ့ရပညာတတ်ဆရာတွေက ဒီလောက်ဝေးတဲ့ အရပ်ကိုလာပြီး မလုပ်ချင်ကြဘူး။

ခု မောင်ရင်းလေးက ကျုပ်တို့ရွာကို ဆရာလုပ်ဖို့လာတယ်ဆို တော့ ဝမ်းသာသကွယ့်။ ကဲ ...ကဲ ...စက်လှေခလည်း မပေးနဲ့ တော့"

"ဩော် ...ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အဘရယ်"

စကားဆုံး၍ မကြာမီ စာသင်ကျောင်းလေးသို့ ရောက်လာ၏။ ဦးဖိုးကွန်းစက်လှေကို ကမ်းသို့ကပ်ပေးလိုက်သည်။ မင်းခေါင်သွေးတစ်ယောက် ကျောင်းလေးဆီသို့ လှမ်းလာခဲ့၏။

✿ ✿ ✿

## | ၉ |

❑

ကျောင်းသို့ရောက်တော့။

ကျောင်းအုပ်ဆရာကြီးနဲ့ တွေ့ရင်း အကျိုးအကြောင်းပြောပြ လိုက်သည်။

"ခုလိုကြားရတာ ဝမ်းသာလိုက်တာဆရာရယ်။ ဘာပြုလို့ လည်းဆိုရင် ကျုပ်ကျောင်းမှာ ဆရာ၊ ဆရာမဝန်ထမ်းက အရမ်းနည်း တာဗျ။ အထူးသဖြင့် ယောကျ်ားဆရာက ကျွန်တော်အပါအဝင်မှ (၃) ယောက်ပဲရှိတာ။ ဆရာအင်အားများတော့ လုပ်ရကိုင်ရတာ ပိုအဆင်ပြေ တာပေါ့။ ဒါနဲ့ ဆရာရဲ့နာမည်က ..."

"နန္ဒအောင်ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . ဒါနဲ့ ဆရာကြီးကို တစ်ခုတောင်းဆိုချင်ပါတယ်"

"ပြောပါဆရာ"

"ဒီလိုပါ . . .။ ကျွန်တော် ဒီမြစ်ခြေရွာကို တွဲဖက်ကျောင်းဆရာလုပ်ဖို့လာခဲ့တာ။ ကျွန်တော့်သူငယ်ချင်းမင်းစိန်ရဲ့ ဗိုတ်ခေါ်ချက်နဲ့ပါ။ ခုသူက ပြီးခဲ့တဲ့ (၁) လ (၂) လကမှ မန္တလေးကို အပြီးပြောင်းသွားပြီတဲ့။ ဒါကြောင့် ကျွန်တော့်အတွက် နေဖို့ကိစ္စဆရာကြီး စီစဉ်ပေးစေလိုပါတယ်"

"သြော် . . . ဒီကိစ္စလား၊ ဒါဆိုရင်တော့ ဘာမှမပူပါနဲ့ဆရာ။ ဒီရုံးခန်းနဲ့ကပ်လျက်မှာ အခန်းလွတ်တစ်ခုရှိပါတယ်။ လောလောဆယ်တော့ အဲဒီမှာ နေလို့ရပါတယ်"

"ဟုတ်ကဲ့ . . . ကောင်းပါပြီဆရာ"

✿ ✿ ✿

| ၁၀ |

❑

ဦးဖိုးကွန်းတစ်ယောက် အိမ်ပြန်ရောက်လေသည့်အခါ ယနေ့ကြုံတွေ့ခဲ့ရသော အဖြစ်ပျက်များကို သမီးဖြစ်သူမေယမုံအား ပြောပြ...က်၏။

"ဟင် . . . ဒါဆို အဲဒီဆရာ ခု ဘယ်မှာနေသလဲအဘ"

"ဘယ်မှာနေရမလဲ သမီးရဲ့၊ သူ့သူငယ်ချင်းအားကိုးနဲ့ ဆရာ...ဖို့လာခဲ့တာ ခု သူငယ်ချင်းက မန္တလေးကို ပြောင်းသွားသတဲ့။ ...လောဆယ်တော့ ကျောင်းအုပ်ဆရာကြီး ပြောပြီးနေမယ်ဘဲ့လေ။ ...ကြည့်ရတာ ရည်ရည်မွန်မွန်နဲ့ လူရည်လူသန့်တစ်ယောက်ပဲ။ နေရ...ရတာ အဆင်ပြေပါ့မလား မသိဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဘရယ်။ ကျောင်းကိုရောက်လာမှတော့ ကျောင်း အုပ်ဆရာကြီးက လိုအပ်တာတွေအားလုံး စီစဉ်ပေးမှာပေါ့။ မဆီမဆိုင် ကြားဝင်ပြီး ပူနေရပြန်ပြီ"

"ကြားဝင်ပူတယ်တော့ မဟုတ်ဘူးပေါ့ သမီးရယ်။ ကိုယ့်ရွာ ကိုယ်ရပ်ကို ဆွေမရှိမျိုးမရှိ တာဝန်ထမ်းဆောင်ဖို့ လာတဲ့ လူတစ်ယောက် ကို ကူညီရမှာပေါ့။ ဒါကြောင့် အဘတောင်သူ့ကို စက်လှေခမယူဘဲ မောင်းပို့ပေးခဲ့တယ်။ ဘာလဲ ... နာမည်လေးကလည်း ခေတ်ဆန်ဆန် ကွယ့်။ နန္ဒအောင်ဆိုလားပဲ"

ဦးဖိုးကွန်း ဒီနေ့ ပင်လယ်ထွက်ရက်မဟုတ်၍ ဂျွန်ဆင်စက်လှေ ဆိပ်သို့ ထွက်လာခဲ့သည်။ မြစ်ခြေရွာမှ စက်လှေလုပ်သားများ အလှည့်ကျ လှေဆိပ်တွင် ကူးတို့ဆွဲပေးရသည်။ ကူးတို့နားသောရက်များတွင် ပင်လယ်ပြင်သို့ ငါးဖမ်းထွက်လှေ့ရှိကြသည်။ လှေဆိပ်သို့ ရောက်လာ သည်။ နန္ဒအောင်နှင့် ဆုံလေ၏။

"ဟင် ... မင်း ဆရာလေးနန္ဒအောင် မဟုတ်လား"

"အဘကလဲ ကျွန်တော့်ကို လိုက်ပို့ပေးတဲ့အဘမို့လား"

"ဟုတ်ပါတယ်ကွယ့်။ ဒါနဲ့မင်းက ဒီလှေဆိပ်ကို ဘာကိစ္စ"

"ကျွန်တော် ကျောင်းအတွက်လိုအပ်တဲ့ စာရွက်စာတမ်းတွေ လာဝယ်တာပါအဘ"

"ကဲ ... ဒါဆို လှေပေါ်တက်တက်။ အဘမင်းကို လိုက်ပို့ပေး မယ်"

စက်လှေလေးက ထွက်လာသည်။

"ဒါနဲ့ မောင်နန္ဒအောင်နေရတာ အဆင်ပြေရဲ့လား"

"အင်း ... ပြေတယ်လို့တော့ မဟုတ်ဘူးအဘရယ်။ ကျောင်း





ထဲမှာနေရတာဆိုတော့ မလွတ်လပ်ဘူးပဲ။ တစ်လလောက်နေသားကျမှပဲ ရွာထဲတစ်အိမ်အိမ်မှာ နေဖို့ရှာရမယ်။ ခုတော့ ဒီအတိုင်းပဲ နေရဦးမယ် အဘ"

"ဒါနဲ့ မောင်နန္ဒအောင် စားတာရော ဘယ်လိုစားနေလဲကွယ့်"

"ဩော် ... စားတာကိုတော့ ကျောင်းစောင့်ကြီးရဲ့အိမ်မှာ အဆင်းလာခပေးပြီးစားဖို့ ဆရာကြီးက စီစဉ်ပေးပါတယ်"

"အင်း ... အဘတစ်ခု စဉ်းစားလိုက်ဦးမယ်။ ပြီးတော့ အိမ် ပြန်ရောက်ရင်လည်း အဘရဲ့သမီးနဲ့ တိုင်ပင်ကြည့်ပါဦးမယ်။ အဆင် ပြေရင်တော့ အဘမင်းကို ပြောပါ့မယ်"

"ဘာကိုပြောမှာလဲ အဘ"

"ဩော် ... ဆရာမောင်နန္ဒအောင်ရဲ့ နေရေးထိုင်ရေးကိစ္စ ပေါ့"

စကားတပြောပြောနဲ့ ကျောင်းနားသို့ ရောက်လာ၏။ လှေဦး ထိုက်ကာ ရပ်ပေးလိုက်၏။

"အဘ ကျေးဇူးပဲနော်"

"အေးကွယ် ... ကောင်းပါပြီ"

မောင်နန္ဒအောင်တက်သွားတော့ ဦးဖိုးကွန်း စက်လှေကို ဦး လှည့်လိုက်သည်။ ထို့နောက် မောင်း၍ထွက်လာခဲ့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

❑

ထိုနေ့ညထမင်းဝိုင်းတွင် သမီးဖြစ်သူမေယမုံအား ဦးဖိုးကွ
ပြောကြည့်၏။

"သမီး"

"ဘာလဲ အဘ"

"အဘ ဟိုတလောကပြောခဲ့ဖူးတဲ့ ဆရာလေးနန္ဒအောင်
တာလေ"

"အဲဒီဆရာလေး ဘာဖြစ်လို့လဲ အဘရဲ့။ အဆုံးမရှိ အစ
နဲ့"

"သူ့ခမျာ ကျောင်းမှာနေရတာ အဆင်မပြေရှာဘူးကွယ့်။ တ
တာကိုတော့ကျောင်းစောင့်ကြီးအိမ်မှာ လာခပေးစားဖို့ ဆရာကြီးက စီစ





ပေးသတဲ့။ ဒါကြောင့် အဘ သမီးကို တိုင်ပင်ကြည့်တာပါ။ အဘတို့အိမ်မှာ မောင်နန္ဒအောင်ကို ခေါ်ထားရရင် ကောင်းမလားလို့"

"အို ... အဘရယ် မဖြစ်နိုင်ပါဘူး။ ဒီအိမ်မှာက သမီးမိန်းမပျို ရှိနေတာ တခြား သူစိမ်းယောကျ်ားသားတစ်ယောက်ကို ခေါ်ထားလို့ ဘယ်သင့်တော်ပါ့မလဲ။ သူများတွေကရော ဘယ်လိုပြောကြမလဲ"

"အင်း ... အဘလည်း စဉ်းစားမိပါတယ်ကွယ်။ ဒါပေမဲ့ ခမျာလေးလည်း နေရထိုင်ရတာ အခက်အခဲရှိတော့ အဘလည်း ခင်မင်နေလို့ ကူညီချင်တယ်"

ထိုမှ စကားကိုရပ်၍ ဦးဖိုးကွန်း စဉ်းစားလိုက်သည်။

"ဒါဆို ဒီလိုဆိုရင်ကော ရမလားသမီး"

"ဘာကိုလဲ အဘ"

"ဆရာလေး မောင်နန္ဒအောင်ဟာ တို့ရဲ့အမျိုးအဆွေတစ်ယောက်လို့ ရပ်ကွက်ထဲမှာပြောပြီး ခေါ်ထားရင် မကောင်းဘူးလား။ ဒါဆို ဘယ်သူကမှ ဝေဖန်ကြတော့မှာမဟုတ်ဘူး"

"သမီးလည်း မပြောတတ်တော့ပါဘူး အဘရယ်။ အဘဟာ အဘပဲ အဆင်ပြေသလို စီစဉ်ပါ"

များမကြာမီတစ်ရက်တွင် ရိုးသားလှသော ဦးဖိုးကွန်းတို့၏ သားအဖအိမ်သို့ ဆရာနန္ဒအောင်တစ်ယောက် ပြောင်းရွှေ့လာခဲ့လေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၁၂ |

❑

နန္ဒအောင်တစ်ယောက် မေယမုံတို့အိမ်သို့ ရောက်ရှိလာသော အခါ တတ်နိုင်သမျှ အိမ်မှုကိစ္စလုပ်ငန်းများကို ဝိုင်းဝန်း၍ ကူညီလုပ်ကိုင်ပေးခဲ့သည်။

သည်နေ့ ကျောင်းပိတ်ရက်ဖြစ်သည်။

ဦးဖိုးကွန်းမှာ ပင်လယ်သို့ ငါးဖမ်းထွက်နေ၏။ မေယမုံမှာ ထမင်းဟင်းများ ချက်ပြုတ်နေသည်။ နန္ဒအောင်မှာတော့ ထင်းတွေခွဲလိုက်၊ ရေပုံးနှစ်လုံးဖြင့် ရေများခပ်လိုက် ပြုလုပ်နေ၏။

ဤသည်ကို ပင်လယ်မှပြန်လာသော ဦးဖိုးကွန်းမြင်လေလျှင်–

"မောင်နန္ဒာအောင် ဘာတွေလုပ်နေတာလဲကွယ့်"





"ကျွန် . . . ကျွန်တော် ရေခပ်နေတာလေ။ အဘပြန်လာပြီသား"

"အေး . . . ပြန်လာပြီ၊ သမီးယမုံရေ . . . ယမုံ"

မေယမုံ မီးဖိုထဲမှထွက်လာ၏။

"ဟင် . . . အဘ ပြန်လာပြီလား"

"ပြန်လာပြီသမီး။ ဒါနဲ့ မောင်နန္ဒအောင်က ရေတွေခပ်နေပါလား။ ဟင် . . . ဟိုမှာလည်း ထင်းတွေခွဲထားလိုက်တာ ကစ်ပုံကြီးပဲ၊ မောင်နန္ဒအောင်ကို ဘာလို့ခိုင်းရတာလဲ သမီးရယ်"

"သမီးမခိုင်းပါဘူး အဘရယ်"

"ဟုတ်ပါတယ် အဘရယ်၊ မေယမုံ ကျုပ်ကိုမခိုင်းပါဘူး။ ကျုပ်အသာ့ကျုပ် လုပ်တာပါ။ တခြားသူစိမ်းတစ်ရံယောက်ျား ရှိတာမှတ်သို့၊ ဒီအလုပ်လောက်တော့ ကျုပ် လုပ်နိုင်ပါတယ်"

ထို့နောက် ဦးဖိုးကွန်းပါလာသော ငါးများကို လှေပေါ်မှသယ်ချ၍ ဈေးတွင် ရောင်းချရန်အတွက်လည်းကောင်း၊ အိမ်တွင် ငါးပိ၊ ငါးခြောက်များပြုလုပ်ရန် နေလှန်းရန်အတွက်လည်းကောင်း မေယမုံနှင့်အတူ နန္ဒအောင်ဝိုင်းကူကာ လုပ်ကိုင်ပေးလေသည်။

"မောင်နန္ဒအောင်ရယ်၊ မလုပ်ပါနဲ့ဆိုလည်း တားမရဘူး။ မင်းသက်တွေ ငါးညှီနံ့ စွဲကုန်တော့မှာပဲ။ ရော့ . . . ရော့ . . . ပြီးရင် ဒီဆပ်ပြာနဲ့ဆေးပြီး ရေသာချိုးပစ်လိုက်တော့"

"ရပါတယ် အဘရာ၊ ကျွန်တော်လည်း မိသားစုဝင်တစ်ယောက်လို ဖြစ်နေပြီပဲ"

ဤသို့ဖြင့် ရက်မှလ၊ လမှနှစ်သို့ပင် ချဉ်းခဲ့လေ၏။

ဦးဖိုးကွန်း၊ မေယမုံနှင့် နန္ဒအောင်တို့၏ ဆက်ဆံရေးများ



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း သူစိမ်းတစ်ရံစာအဆင့်မှာ ရင်းနှီးနွေးထွေးသော မိသားစုများကဲ့သို့ တစ်စတစ်စ ကူးပြောင်းချင်းနင်းလာခဲ့၏။

[ထို့ပြင် နန္ဒာအောင်သည် ယခင်ကတည်းက မြန်မာမှုဆိုင်ရာ ရှေးဟောင်းသုတေသန အချက်အလက်များ၊ သမိုင်းဆိုင်ရာကိစ္စများကို ဝါသနာထုံသူတစ်ယောက်ဖြစ်လေ၏။ ထို့ကြောင့် မြစ်ခြေရွာတောင်ပိုင်းရှိ ရှေးဟောင်းသမိုင်းဝင် စေတီအို စေတီပျက်များဘက်သို့ ကျောင်းပိတ်ရက်များ၊ အိမ်တွင် အလုပ်အားသောရက်များတွင် လှေတစ်စင်းဖြင့်သွားလာ၍ ဘုရားပြို ဘုရားပျက်များကို ပေကြိုးတစ်ချောင်းဖြင့် တိုင်းခြင်း၊ အုတ်ကျိုး အုတ်ပျက်များကို လေ့လာခြင်းများ ပြုလုပ်သည်။]

အလုပ်အားသည့် ရက်များတွင်တော့ နန္ဒအောင်နောက်သို့ မေယမုံပင်လျှင် လိုက်ပါသွားလေ့ရှိသည်။

"အဘ သမီးကိုနန္ဒအောင်နဲ့ ဘုရားပျက်ကုန်းဘက်ကို လိုက်သွားဦးမယ်နော်"

"အေး ... အေး ... သမီး"

လှေလေးကို တရွေ့ရွေ့လှော်ရင်း ထွက်လာခဲ့၏။

"ဒီဘုရားတွေအကြောင်းက တော်တော့်ကို စိတ်ဝင်စားဖို့ကောင်းတယ် ကိုနန္ဒအောင်ရဲ့"

"အင်း ... ပြောစမ်းပါဦး မေယမုံ"

"ဒီဘုရားတွေ တည်မဲ့နေရာမှာ ရှေးတုန်းက နေပြောက်မထိုးနိုင်တဲ့ တောကြီးတစ်ခုတဲ့။ တစ်နေ့တော့ ယမုံတို့ရဲ့ မြစ်ခြေရွာလေးကို သူတော်စင်ပုဂ္ဂိုလ်ကြီးတစ်ယောက် ရောက်လာပြီး ဒီတောကြီးနေရာမှာ အမျိုးဘာသာ သာသနာအတွက် ဘုရားတွေတည်မဲ့အကြောင်း သူ့ရဲ့





လုပ်ငန်း အောင်မြင်မယ်ဆိုရင် ဒီနေရာကြီးမှာ နံ့သာပင်တွေပေါက်လာပြီး နံ့သာတောကြီးတစ်ခုဖြစ်ပါစေလို့ အဓိဋ္ဌာန်သစ္စာပြုသတဲ့။ အဲဒီအခါမှာ နံ့သာပင်တွေပေါက်လာပြီး ခုမြင်တွေ့ရတဲ့ ဘုရားစေတီတွေဟာ အဲဒီသူတော်စင်ကြီးကပဲ ဦးဆောင်ပြီး တည်သွားခဲ့တာတဲ့လေ"

"အဲဒီအကြောင်းတွေကို မေယမုံက ဘယ်လိုလုပ်သိသလဲ"

"အင်း ... သိဆို မေယမုံရဲ့ အဘိုးအဘွားတွေက ပြောပြခဲ့တာပေါ့"

"အင်း ... ခုလည်း အဲဒီဘုရားပျက် စေတီတွေဟာ ကိုယ်လေ့လာ သိခဲ့ရသလောက်ဆိုရင် နှစ်ပေါင်းအတော်ကြာကြာက ရှေးဟောင်းလက်ရာတွေပဲ။ ပြီးတော့ အဲဒီဘုရားတွေမှာ အသုံးပြုတဲ့ အုတ်တွေကလည်း ပျူခေတ်ရဲ့ အထောက်အထားတွေ တွေ့နေရတယ်။

ဒါတွေဟာ တကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေပေါ့။ ဒါတွေကို တတ်နိုင်သမျှ ထိန်းသိမ်းရမယ်။ ရနိုင်သမျှ ရှာဖွေဖော်ထုတ်ရမယ်။ ဒါကြောင့်လဲ ကိုယ်သေသေချာချာ လေ့လာနေတာပါမေယမုံ"

စကားဆုံးတော့ မြစ်ခြေရွာ ဘုရားကုန်းစေတီသို့ ရောက်လာ၏။

လှေလေးကို ကမ်းသို့ကပ်လိုက်ရင်းက နှစ်ဦးသားတက်လာခဲ့ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၃ ]

❑

မြစ်ဖြတ်လေလေးဘချို့က တသုန်သုန် တညင်းညင်း သင်းမြ နေ၏။ နန္ဒအောင်နဲ့ မေယမုံတို့နှစ်ယောက် ခေါင်းဆေးကျွန်းဘက်သို့ သဲသောင်များကိုဖြတ်၍ လျှောက်လာခဲ့ကြ၏။

မြစ်ခြေရွာမြောက်ဘက် (၂) ဖာလုံခန့်တွင် ခေါင်းဆေးကျွန်း ဟူသော ကျွန်းလေးတစ်ခုရှိသည်။ လေညင်းခံထွက်လာကြခြင်း ဖြစ်လေ၏။ ကိုနန္ဒအောင် မိမိတို့အိမ်သို့ ရောက်ရှိလာခဲ့သည့် နေ့မှစ၍ အလျှင်း သင့်သည့်အခါတိုင်း မေယမုံ ကိုနန္ဒအောင်၏ ဘဝအကြောင်းများကို မေးမြန်းကြည့်ခဲ့ဖူး၏။





သို့သော် ကိုနန္ဒအောင်မှာ အတိတ်ဖြစ်ရပ်များကို ဘာတစ်ခုမှ မေးမြန်း၍မရ။ ကြာတော့ မေးမြန်းသူ မိမိတို့ကသာလျှင် အရှုံးပေးခဲ့ရလေ၏။

သို့တိုင် ကိုနန္ဒအောင်မှာ ထူးခြားသောလူတစ်ယောက် ဖြစ်သည်ကိုတော့ မေယမုံတို့ အကဲခတ်လာမိ၏။ မိမိတို့အိမ်သို့ ရောက်ကာစတွင် ခေါင်းတွင် ပေါက်ပြဲဒဏ်ရာတစ်ခု ပါလာ၏။ ထို့အပြင် သူ့ဘဝနောက်ကြောင်းများနှင့် ပတ်သက်၍ ဘာတစ်ခုမှ မေးမြန်းမရ။ အဆုံးစွန် ဘယ်ကလာသည်ကိုပင် ပြန်မဖြေနိုင်ခြင်းဖြစ်လေသည်။

အဆုံးအစမဲ့သော ပင်လယ်ပြင်ကြီးကို ငေးမောကြည့်နေမိရာမှ . . .

"မေယမုံ ဘာတွေတွေးနေတာလဲ"

ဟူသည့် ကိုနန္ဒအောင်အသံကြားမှ အသိတစ်ချက် ပြေးဝင်လာသည်။

"ဩော် . . . ဘာမှမတွေးပါဘူးအစ်ကို"

နန္ဒအောင်မှာ ရေစပ်မှ ကျောက်စရစ်ခဲ ရောင်စုံလေးများကို လိုက်ကာကောက်နေသည်ကို မေယမုံမြင်သွားသည်။

"အစ်ကို အဲဒါတွေက ဘာလုပ်ဖို့လဲ"

"မေယမုံကို ပုတီးကုံးလေး လုပ်ပေးမလို့ပါ"

ရေစပ်က ကျောက်စွန်းအငူလေးတွင် ထိုင်မိတော့ . . .

"မေယမုံ"

"ဘာလဲ အစ်ကို"

"မေယမုံကို အစ်ကို စကားတစ်ခွန်းပြောမလို့ သေချာနားထောင်ပေးပါနော်။ ဒီလိုပါ မေယမုံ။ ကိုယ်က ခုချိန်မှာ မေယမုံတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာနေပြီး မေယမုံတို့ကျွေးနေတဲ့ထမင်းကို စားနေရတဲ့သူပါ ကိုယ်ပြောလာမဲ့စကားတွေကို မေယမုံ လက်မခံနိုင်ဘူးဆိုရင် ကိုယ်ကြိုတင်ပြီး တောင်းပန်ပါရစေ''

''အစ်ကို ဘာတွေပြောမှာမို့ ဒီလောက်တောင်းပန်နေရတာလဲအစ်ကိုရယ်''

''အင်း ... အစ်ကို တိုတိုပဲ ပြောပါရစေတော့။ ကိုယ် မေယမုံကို ချစ်တယ်ကွယ်''

နန္ဒအောင်စကားအဆုံး မေယမုံ့မျက်နှာလေး အောက်ချသွားသည်။ မျက်နှာလေးပင် နီမြန်းသွား၏။

''တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ သိပါတယ်အစ်ကိုရယ်။ ဒါပေမဲ့ အစ်ကိုက ဘယ်ကနေဘယ်လိုရောက်လာပြီး တစ်နေ့မှာ ဘယ်လိုပြန်ပျောက်ကွယ်သွားမယ်ဆိုတာ မသိနိုင်ပါဘူး။ ဘာအကြောင်းမှ မသိရတဲ့သူတစ်ယောက်ကို မေယမုံ သံယောဇဉ်မတွယ်ချင်ပါဘူး အစ်ကို။ သံယောဇဉ်တွယ်မိရင် မေယမုံပဲ ခံစားရမှာလေ''

''ယမုံရယ် ... ဘာလဲ အစ်ကို့ရဲ့အချစ်တွေကို မယုံလို့လား''

''မဟုတ်ပါဘူး။ အစ်ကို့ကို ယုံပါတယ်။ ဒါပေမဲ့ မြင်နိုင်စွမ်းမဲ့တဲ့ ကံကြမ္မာတရားတွေကို ယမုံယုံရမှာ ကြောက်တယ်''

ထို့နောက် ဘာကြောင့်မသိ ကျောက်စရစ်ခဲလေးတစ်လုံးကို အဝေးပင်လယ်ပြင်ထဲ လွှင့်ပစ်လိုက်၏။ မေယမုံနားကခွာလို့ ထသွားရင်း မပ်လှမ်းလှမ်းအရောက် ...

''မေယမုံ ခဏ''

''ဘာလဲ အစ်ကို''

''ဒီမှာ လာကြည့်စမ်း''

---

စိတ်ကူးသစ်စာပေ



မေယမုံ နန္ဒအောင်ခေါ်ရာဆီသို့ ထလာ၏။

''ဟင် ... ဘာလုပ်ဦးမလို့လဲ အစ်ကို''

''အစ်ကို သဲပုံစေတီတည်မလို့။ လာ ... မေယမုံပါ အစ်ကို့ကို ဝိုင်းကူပေး။ စေတီလေးတည်ပြီးရင် မေယမုံနဲ့ကိုယ်တို့နှစ်ယောက်ရဲ့ အချစ်နဲ့ သစ္စာတရားတွေဟာ အဲဒီ သဲပွင့်သဲမှုန်လေးတွေနဲ့အမျှ များပြားပြီး ခိုင်မြဲရှည်ကြာ ရင်ထဲမှာတည်နေပါစေလို့ သစ္စာပြုရအောင်နော်''

''ဟင်း ... အစ်ကိုကတော့ ကဗျာဆန်နေပြန်ပါပြီ။ ဘာလဲ ကဗျာဆရာကြီး လုပ်ဦးမလို့လား''

ပင်လယ်လေအေးတစ်ချက်က ထွေးပွေ့လိုက်၏။

သဲပွင့်တွေကြားရင်း ဖို့နေသည့် မေယမုံ့မျက်နှာလေးကို အကြည့်စိမ်းတစ်ချက်ဖြင့် ခိုးအကြည့်၊ ဖရိုဖရဲလွင့်စဉ်ကျနေသည့် ဆံနွယ်ဆံစတွေကြားကပင် မေယမုံ့မျက်နှာလေးက သော်တာလမင်းတမျှ ဝင်းပနေပြန်ပါလေသည်။

''သြော် ... လှရက်ပါပေ့ မေယမုံလေးရယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"မိတဆိုးသမီးလေးမို့ အဘာမပြောရက်ပေမယ့် မောင်နန္ဒအောင်ဟာ ဘယ်လိုလူမျိုးလဲဆိုတာ ခုထိအဘတို့ မသိရသေးဘူး။ ပြီးတော့ ဒီရောက်လာစတုန်းက သူ့ခေါင်းမှာ ပေါက်ပြဲဒဏ်ရာတစ်ခု ပါလာတယ်။ တကယ်လို့ မောင်နန္ဒအောင်ဟာ ပြစ်မှုပြစ်ကြွေးတစ်ခုနဲ့ ရောက်လာတဲ့ သူဆိုရင် အဘတို့ပါ ဒုက္ခရောက်ရလိမ့်မယ် သမီးရယ်။

ဒီစကားတွေကို ပြောရတာလည်း အဘ မောင်နန္ဒအောင်ကို မုန်းလို့မဟုတ်ဘူး။ အဘကိုယ်တိုင်ပဲ ဆုံးပါးသွားတဲ့ သားနဲ့ထပ်တူ မောင်နန္ဒအောင်ကို သံယောဇဉ်ရှိတယ်။ ခုပြောနေရတာတွေဟာလည်း မောင်နန္ဒအောင်ရဲ့ နောက်ကြောင်းကိစ္စတွေ မသိရသေးလို့ ဆင်ဆင်ခြင်ခြင်နေဖို့ ပြောတာပါ"

"ဟုတ်ပါတယ် အဘရယ်"

✿ ✿ ✿

| ၁၄ |

❑

ပင်လယ်ထွက်ရန် လှေပေါ်သို့ ပိုက်ဖုံများကို သယ်ပိုးချနေရင်းမှ . . .

"သမီး မေယမုံ"

"ဘာလဲ အဘ"

"သမီးကို အဘမေးစရာရှိလို့"

"ဘာမေးမှာလဲ အဘရယ်"

"သမီးနဲ့ မောင်နန္ဒအောင်တို့ကိုကြည့်ရတာ တစ်မျိုးပဲ။ ဘာလဲ သမီးနဲ့ မောင်နန္ဒာအောင်တို့နှစ်ယောက် ရည်ငံနေကြပြီလား"

"သမီးအမှန်အတိုင်းပြောရရင် ဟုတ်ပါတယ်အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် အဖေ။ သားလည်း အဖေနဲ့ အခေါက်ပေါင်းများစွာ လိုက်ခဲ့ဖူးတာပဲ။ သားသွားလို့ဖြစ်ပါတယ်"

ဤနေ့မှစ၍ ဦးဖိုးကွန်းနှင့် မေယမုံတို့ဘဝထဲက သားဖြစ်သူချစ်ထွန်းတစ်ယောက် ကွယ်ပျောက်ခဲ့ရသည်။

သည်အကြောင်းတွေကို ဦးဖိုးကွန်းမတွေးချင်။ အသစ်အသစ်ဖြစ်ရလွန်းသောကြောင့်ပင်။ အတွေးစတွေကို ဤမျှနှင့် ရပ်ပစ်လိုက်၏။

"သမီး အဘာသွားမယ်နော်"

"ဟုတ်ကဲ့ အဘ"

ပင်လယ်ပြင်သို့ တရွေ့ရွေ့ထွက်ခွာသွားသော ဦးဖိုးကွန်းလှေလေးကို အဝေးပျပျအထိ မေယမုံငေးကြည့်ရင်း ကျန်နေခဲ့သည်။

✿ ✿ ✿

| ၁၅ |

❑

တကယ်တော့ ဦးဖိုးကွန်းတွင် ချစ်ထွန်းဟူသော သားတစ်ယောက်ရှိသည်။ မေယမုံထက် (၂)နှစ်ကြီးသည်။ သားနှင့်သမီး အရွယ်မရောက်စဉ်ကပင် ဇနီးသည်မှာ ဆုံးပါးခဲ့၍ ဤပင်လယ်ပြင်ကြီးထဲမှာပဲ ရုန်းကန်ရင်း သားသမီးနှစ်ယောက် လူလားမြောက်ခဲ့ကြသည်။

မုန်တိုင်းထန်သော နေ့တစ်နေ့။ ထိုမုန်တိုင်းက ဦးဖိုးကွန်းအတွက် ဘဝမုန်တိုင်းတစ်ခုပါ။

"အဖေ . . . အဖေလည်း သိပ်နေကောင်းတာမဟုတ်ပဲ။ သားပဲ ပင်လယ်ထွက်ပါ့မယ်"

"ဖြစ်ပါ့မလား သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယမုံလေးရယ်၊ စိမ်းစိမ်းကားကားစကားတွေ မပြောပါနဲ့။ မင်း ဘယ်လောက်ပဲမာနကြီးကြီး တစ်နေ့ကျ ငါ့ဇနီး သေချာဖြစ်ရမှာပါ။ ဟား ... ဟား ... ဟား ..."

"ရှင် ... ရှင် ... ကို ... ကိုမြတ်ကျော်၊ ရှင် ဘာခွေးစကားပြောတာလဲ။ ရှင်ကြံလို့ရတဲ့ မိန်းမတွေထဲမှာ ယမုံမပါဘူး၊ မှတ်ထား"

"ဒီမှာယမုံ နင်ဘာကြောင့် စကားသံတွေ တင်းမာနေလဲဆိုတာ ငါသဘောပေါက်တယ်။ ဘာလဲ ဟိုနင်တို့အိမ်က နန္ဒအောင်ဆိုတဲ့ကောင်ကြောင့် မဟုတ်လား။ တွေ့မယ်။ မြစ်ခြေရွာမှာ မြတ်ကျော်ဆိုတာ တစ်ကျော်ပဲရှိတယ်။ မှတ်ထား"

"ဒီမှာကိုမြတ်ကျော် သူများရဲ့စေတနာတရားနဲ့ လုပ်ရပ်တွေကို မစော်ကားနဲ့"

"ဘာလဲ ... နင်က နင့်ကောင်ထိလို့ နာတာလား။ ငါပြောတာမဟုတ်လို့လား။ ကျောင်းမှာ ကျောင်းဆရာဆိုတဲ့အလုပ်လေး ဇန်းပြီး နင့်ကိုအလစ်သုတ်ဖို့ ချောင်းနေတာမဟုတ်လား"

"ရှင် ... ရှင်နော် ... ကိုမြတ်ကျော်၊ ရှင်စော်ကားတာတွေများလာပြီနော်။ ကိုနန္ဒအောင်က ရှင့်လို စိတ်ဓာတ်အောက်တန်းကျတဲ့လူ မဟုတ်ဘူးရှင့်။ ကိုယ်နဲ့နှိုင်းပြီး မပြောနဲ့။ အိမ်ကျရင် အဘကိုပြောပြပြီး ရှင့်ကိုရဲတိုင်မယ်"

"တိုင်စေဗျာ တိုင်စေ။ ဒီမှာ မေယမုံ မင်းကိုချစ်ရလို့ အမှုတစ်ထောင်းသာ ဖြစ်ရမယ်ဆိုရင် မြတ်ကျော်ဆိုတဲ့ကောင်က စက်တိုင်တောင်တက်ဝံ့တယ်၊ မှတ်ထား ...။ ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

✿ ✿ ✿

| ၁၆ |

❑

မြစ်ခြေရွာတွင် မေယမုံအား တစ်ဖက်သတ်ချစ်ကြိုက်နေ

တစ်ဦးရှိ၏။ ၎င်းမှာ ငါးဒိုင်ပိုင်ရှင် ဦးသာမြတ်၏သား မြတ်ကျော်ဆို

ပင်ဖြစ်၏။

မြတ်ကျော်မှာ ဖခင်၏ဂုဏ်ဒြပ်၊ စည်းစိမ်ဥစ္စာများဖြင့် ယ

ကြောမတင်း ထောင်လွှားနေသူဖြစ်၏။ မြတ်ကျော်ကြောင့် ဘဝရေ

နစ်နေခဲ့ရသည့် အလုပ်သမလေးတွေ မနည်းတော့။ မြတ်ကျော်ရမ်း

ပြုမှုသမျှ ဖခင်ဦးသာမြတ်က ဒိုင်ခံကာကွယ် ဖြေရှင်းပေးလျက်ရှိ

ယခုလည်း ရိုးသားဖြူစင်သည့် မေယမုံ၏ဘက်သို့ မြားဦးလှ

၍ လာပြန်ပါလေသည်။ ထိုနေ့က မေယမုံတစ်ယောက် ကိစ္စရှိ၍ ဦး

ကွန်းရှိရာ လှေဆိပ်သို့လိုက်သွားပြီး ပြန်လာသည်။ နန္ဒအောင်မှာ ကျေ

သွားနေလေ၏။

"ဟဲ့ ... မေယမုံ ဘယ်ကပြန်လာတာလဲ"

"ဘယ်ကပြန်ပြန်ပေါ့၊ ရှင့်အပူပါလား"



www.burmeseclassic.com

www.burmeseclassic.com

## | ၁၇ |

❏

ညနေထမင်းဝိုင်းတွင် ဆုံကြတော့ မေယမုံ မြတ်ကျော်၏ စော်ကားရိုင်းပြမှုတို့ကို ဖခင်ဦးဖိုးကွန်းအား ပြောပြလိုက်၏။

"သမီးရယ် ... သည်းခံပါကွယ်။ အဘတို့မှာ သူတို့ကိုယှဉ်ပြိုင်တုံ့တဲ့ အင်အားမရှိပါဘူးကွယ်။ ပြီးတော့ နေ့စဉ်ရှာရသမျှငါးဆိုလည်း သူ့အဖေ ဦးသာမြတ်ဆီမှာပဲ ရောင်းဝယ်နေရတာမဟုတ်လား။ အလိမ္မာနဲ့သာ သည်းခံရှောင်ရှားနေပါကွယ် သမီးရယ်"

"အဲဒါကြောင့် ဒီမြတ်ကျော်ဆိုတဲ့ကောင်က လူပါးဝနေတာ အဘ"

"ဒီကိစ္စတွေ မောင်နန္ဒအောင်လည်း မသိစေနဲ့။ တော်ကြာ အကျယ်အကျယ်နဲ့ ဖြစ်ကုန်ကြရင် မဖြစ်သင့်တာတွေ ဖြစ်လာလိမ့်မယ်"

"ဟုတ်ကဲ့ ... အဘစကား နားထောင်ပါ့မယ် အဘရယ်"

✿ ✿ ✿

## | ၁၈ |

❏

ကျောင်းပိတ်သည့် ရက်တစ်ရက်တွင်ဖြစ်၏။

နန္ဒအောင်နှင့် မေယမုံတို့နှစ်ယောက် လှေကလေးကိုလှော်ကာ ထွက်လာခဲ့ကြသည်။ မြစ်ခြေရွာတောင်ပိုင်းရှိ ဘုရားပျက်ကမ်းဘက်ဆီသို့ဖြစ်၏။

ဘုရားပျက်များဆီသို့ ရောက်လာ၏။ နန္ဒအောင်မှာ ပေကြိုးများဖြင့် တိုင်းလိုက်၊ အုပ်ချုပ်အင်္ဂတေများကို လေ့လာလိုက်၊ မှတ်စုစာအုပ်တစ်အုပ်နှင့် မှတ်သားလိုက်နှင့် အလုပ်ရှုပ်၍ နေလေသည်။

ထိုအခိုက် မြတ်ကျော်တို့အုပ်စု ရောက်လာသည်။ နန္ဒအောင်နှင့် မေယမုံတို့နှစ်ယောက်ကို တွေ့ရ၏။

"ကဲ ... ဘယ်လိုလဲ ယမုံ၊ ကိုယ်တောင်းထားတဲ့အဖြေလေးက ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကျော် မေယမုံအနားသို့ တိုးကပ်သွားသည်။ လက်ကို လှမ်း၍အဆွဲ မေယမုံ လက်ကိုရုပ်လိုက်၍ လွတ်သွားသည်။

"ရှင် ... ရှင် ... ကို ... ကိုမြတ်ကျော်၊ ရှင် မိကောင်းဖခင်သားသမီး မဟုတ်ဘူးလား။ မမိုက်ရိုင်းနဲ့"

ဤသည်ကိုမြင်တော့ နန္ဒအောင်တစ်ယောက် အနားသို့ရောက်လာသည်။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတို့က ကိုယ့်တစ်ရွာထဲသားတွေ စောင့်တောင် စောင့်ရှောက်ရဦးမှာပါ"

"ဟောကောင် ... မင်းနဲ့ ဘာဆိုင်လို့လဲ။ မေယမုံက ငါချစ်သူကွ။ တစ်နေ့ ငါနဲ့လက်ထပ်မှာ။ ဟောကောင် ... နန္ဒအောင်၊ ဒီမြစ်ခြေရွာမှာ မြတ်ကျော်ဆိုရင် ဘယ်ကောင်မှ လွန်ဝံ့တာမဟုတ်ဘူး။ ကဲကွာ အာချောင်ချင်တဲ့ကောင်"

"ခွပ်"

"ဘုတ်"

"အင့်"

"အု"

"ဟေ့ ... ဟေ့ကောင်တွေ ... ပြေး၊ ပြေး"

မြတ်ကျော်တို့လူစု ပြေးထွက်သွားသည်။ မြစ်စပ်နားအထိ နန္ဒအောင် လိုက်၏။ သို့သော်မမီပါ။ စက်လှေဖြင့် ထွက်ပြေးသွားကြသည်။

ဤအချိန်မှစ၍ နန္ဒအောင်နှင့်မြတ်ကျော်မှာ ရန်ဘက်များဖြစ်၍ သွားကြတော့၏။

❁ ❁ ❁

[ ၁၉ ]

❑

ဤမြစ်ခြေရွာသို့ နန္ဒအောင်တစ်ယောက် ရောက်လာခဲ့သည် ၍ နန္ဒအောင်၏ဘဝကို မေး၍မရ။

ထို့ပြင် ခေါင်းတွင်လည်း ပေါက်ပြဲဒဏ်ရာဒဏ်ချက်တစ်ခု ပါသည်။ ထိုနေ့ည ညလယ်ခန့်ရှိတော့ နန္ဒအောင်တစ်ယောက် ...ောင်ချောက်ချားစကားများ ဆိုလာ၏။

"ကျုပ်မဟုတ်ဘူးဗျ၊ ကျုပ်မဟုတ်ဘူး။ ဦးဝင်းကျော်သေရတာ ...နဲ့ ဘာမှမဆိုင်ဘူး။ ကျုပ်ကြောင့်မဟုတ်ဘူး"

"သမီး ... သမီး ... မေယမုံ၊ မေယမုံ"

"ဘာလဲ အဘ"

"ထစမ်း ... ထစမ်း ... မောင်နန္ဒအောင်ရယ် ယောင်ပြီး ...ယ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



မေယမုံ မောင်နန္ဒအောင်အခန်းထဲ ပြေးဝင်သွားသည်။ ...
အောင်ကို နှိုးလိုက်၏။

"ကိုနန္ဒအောင် ... ကိုနန္ဒအောင်"

"ဟင် ... မေ ... မေယမုံ၊ ဘာလဲ"

"ကိုနန္ဒအောင် ယောင်ပြီးအော်နေလို့ ကျွန်မလာနှိုးတာ။ ...
ကိုယ်တွေလည်း ခြစ်ခြစ်တောက်ပူနေပါလား။ အဘရေ ... ကိုနန္ဒအော...
ဖျားနေတယ်။ ကိုယ်တွေလည်း တအားပူနေတယ်"

"ဩော် ... မနေ့က အဘနဲ့ ပင်လယ်ကိုလိုက်တာ အအေ...
ပတ်သွားတယ်ထင်ရဲ့။ သမီးရယ် ဆေးတိုက်လိုက်ပါဦး"

"ဟုတ်ကဲ့ ... အဘ"

ဤကဲ့သို့ ယောင်ယမ်းပြောဆိုမှုများသည် မကြာခဏဖြစ်...
ထို့ကြောင့် ဦးဖိုးကွန်းနှင့် မေယမုံတို့ နန္ဒအောင်အပေါ် သံသယ...
သည်။ ဦးဝင်းကျော်ဆိုသည်မှာ မည်သူနည်း။

ဦးဝင်းကျော်သေတာ ကျုပ်ကြောင့်မဟုတ်ဘူးဟူသော စကား...
အရ နန္ဒအောင်နှင့် ဦးဝင်းကျော်သည် မည်သို့ ပတ်သက်ဆက်နွယ်...
သနည်း။

မေးမြန်းကြည့်ရာတွင်လည်း နန္ဒအောင်မှာ ဘာတစ်ခုမှ...
ပြောလည်းမပြောပြနိုင်။ အကယ်၍ လူကောင်းတစ်ယောက်ဆိုပါလျှ...
တော့ ကိစ္စမရှိ။ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့သည့် တရားခံပြေး...
ယောက်ဖြစ်နေပါလျှင် ခက်ပေရော့မည်။

ဘုရားပျက်ကုန်းသို့ သွားသောနေ့က နန္ဒအောင်၏အကျီအိ...
ကပ်ထဲမှ မိန်းကလေးတစ်ယောက်၏ ဓာတ်ပုံတစ်ပုံကို တွေ့ရ၏။ သူ...

---





ကျော်၏ပုံဖြစ်လေသည်။ သို့သော် သဏ္ဍာကျော်ကို နန္ဒအောင်မသိ။ မေး
မြန်းကြည့်သော်လည်း ပြောမပြနိုင်ခဲ့ပေ။

ထိုမိန်းကလေးကရော မည်သူဖြစ်လေမည်နည်း။

နန္ဒအောင်၏မိန်းမ ဖြစ်လေသလား ...

(သို့တည်းမဟုတ်)

နန္ဒအောင်၏ချစ်သူလား ...

နန္ဒအောင်သည် လူလွတ်တစ်ယောက်မဟုတ်ဘဲ အိမ်ထောင်
သည်တစ်ဦးများ ဖြစ်လေသလား။

အတွေးပေါင်းများစွာဖြင့် ထိုညက မေယမုံတို့သားအဖနှစ်
ယောက် တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့။

"လူကောင်းတစ်ယောက်ဆိုရင်တော့ အရေးမကြီးဘူး။ ပြစ်မှု
တစ်စုံတစ်ရာ ကျူးလွန်လာတဲ့ တရားခံပြေးတစ်ယောက်ဆိုရင်တော့
အဘတို့ ဒုက္ခရောက်မယ်သမီး"

"အင်း ... သမီးလည်း ဒါပဲစဉ်းစားနေပါတယ် အဘရယ်။
ကိုနန္ဒအောင်ကို သံသယဖြစ်နေမိတာတော့ ကြာပြီ"

"ကဲ ... ကဲ ... အိပ်တော့သမီး။ အဘလည်း မနက်ကို
ဝင်လယ်ထွက်ရဦးမယ်"

စကားဆုံးတော့ အိပ်ရာဝင်ခဲ့ကြသည်။

ပင်လယ်ဆီမှာတော့ တဝုန်းဝုန်း လှိုင်းပုတ်သံများ ကြားနေရ
၏။

ဦးဖိုးကွန်းနှင့် မေယမုံတို့၏ ရင်လှိုင်းများနှင့်အပြိုင် ဖြစ်လေ
သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၀ |

ဒီနေ့ ဦးဖိုးကွန်းနေမကောင်း၍ ပင်လယ်သို့ နန္ဒအောင်ထွက်လာခဲ့သည်။ မေယမုံနှင့် ဦးဖိုးကွန်းတို့နှစ်ယောက် နန္ဒအောင်အား မသွားရန် အတန်တန်တားမြစ်ခဲ့၏။

"ဖြစ်ပါ့မလား မောင်နန္ဒအောင်ရယ်"

"ဖြစ်ပါတယ် အဘရဲ့၊ ကျုပ်ယောက်ျားပါ။ ပြီးတော့ အဘနဲ့လည်း ပင်လယ်ကို မကြာမကြာ လိုက်ခဲ့ဖူးတာမို့ ပြဿနာမရှိပါဘူး"

"အဘဘဝမှာ ဒီပင်လယ်ကို အရှုံးပေးရတာ တစ်ခါပဲဖြစ်ချင်တယ် မောင်နန္ဒအောင်ရယ်"

"ဟုတ်ပါတယ် အစ်ကိုရယ် မသွားပါနဲ့"





အတန်တန်ပြောဆိုသော်လည်း မရ၍ နောက်ဆုံး ခွင့်ပြုလိုက်ကြရလေသည်။ နန္ဒအောင် လှေကိုလှော်ကာ ထွက်ခွာသွား၏။

ထိုမှ ဘယ်လိုသတင်းရရှိသွားသည်မသိ မြတ်ကျော်နှင့် သူ့သူငယ်ချင်းနှစ်ယောက် စက်လှေဖြင့် နန္ဒအောင်နောက်သို့ လိုက်လာကြသည်။ နန္ဒအောင်မသိ။ ပင်လယ်သို့ထွက်သော စက်လှေတစ်စီးဟုသာ ထင်ခဲ့သည်။ အနီးသို့ကပ်လာလေမှ မြတ်ကျော်တို့စက်လှေမှန်း သိလိုက်ရတော့သည်။

မြတ်ကျော်မှာ စက်လှေကို အရှိန်မြှင့်လိုက်သည်။ ထို့နောက် နန္ဒအောင်လှေဆီသို့ ဝက်ခေါင်းထိုးတိုး၍ မောင်းဝင်လာလေသည်။ လှေမှာ မှောက်တော့မလို ဖြစ်၍သွား၏။

"ဟော့ကောင် ... မြတ်ကျော်၊ မင်း ယုတ်မာလှချည်လားကွ"

"ယုတ်မာတာ ငါမဟုတ်ဘူးကွ။ မင်း ... မင်း ...။ သူများချစ်သူကို ကြားဖြတ်ပြီး ခုတ်ဖို့ကြံနေတဲ့ကောင်"

စကားဆုံးတော့ မြတ်ကျော်၏တပည့်တစ်ယောက်က စက်လှေကို လီဘာပုတ်လိုက်သည်။ နောက်တစ်ကြိမ် လှေဦးဆီသို့ ပြေးဝင်လာပြန်၏။

"ဟော့ကောင် ... မြတ်ကျော် မင်းယောက်ျားမဟုတ်လား။ ယောက်ျားအလုပ်လုပ်၊ မိန်းမကျင့်မိန်းမကြံ မကြံနဲ့"

"ဟော့ကောင် ... နန္ဒအောင် ဘာမှစကားကြောတွေ ရှည်မနေနဲ့။ သေဖို့သာ စဉ်းစားထား။ မင်းကိုပင်လယ်မှာ ငါးစာကျွေးပစ်မည်။ ဟား ... ဟား ... ဟား ..."

စကားဆုံးတော့ ပြေးဝင်လာသော စက်လှေက နန္ဒအောင်ရဲ့ လှေနံရံကို တိုက်မိသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ..."

"အား ..."

နန္ဒအောင် လှေပေါ်မှ လွင့်စင်ကျသွားတော့သည်။

"ကဲ ... မေယမုံတော့မရဘူး။ သေမိန့်ကိုပဲ မင်းရမယ်။ ဖင်လယ်ထဲမှာ ကူးနိုင်ရင်ကူး၊ မကူးနိုင်ရင်တော့ သေပေတော့"

စကားဆုံးတော့ မြတ်ကျော်တို့စက်လှေးလေးက မောင်း၍ ထွေးသွားတော့သည်။ နန္ဒအောင်မှာ ကျွမ်းကျွမ်းကျင်ကျင် ရေမကူးတတ်။ ထိုနေ့က ကံကောင်းထောက်မစွာ တံငါလှေတစ်စီးက နန္ဒအောင်ကို ကယ်ခဲ့၍သာ အသက်ရှင်ခဲ့ရလေသည်။

"တောက် ... မိုက်ရိုင်းလိုက်တာကွာ။ ဂုဏ်ရှိသြဇာရှိတယ် ဆိုပြီး လူပါးဝနေကြတဲ့ကောင်တွေ။ ဒါ တမင်သက်သက်ကြံစည်ပြီး လုပ်ကြံတာကွ။ ထိထိရောက်ရောက် တိုင်ရမယ်"

ဒီတစ်ခါ ဒေါသထွက်နေသူမှာ မေယမုံမဟုတ်။ ဦးဖိုးကျွန်သာလျှင် ဖြစ်လေသည်။

"တော်ပါ အဘရယ်။ ရန်ကိုရန်ခြင်း မတုံ့နှင်းနဲ့တဲ့။ လက်တုံ့ပြန်မယ်ဆိုရင် မီးစတွေက ငြိမ်းတော့မှာမဟုတ်ဘူး။ ပြီးတော့ အစ်ကိုကိုလည်း ပိုပြီး ရန်ပြုလာကြလိမ့်မယ်။ သူတို့အကုသိုလ် သူတို့အကျိုးပေးပါလိမ့်မယ်"

✿ ✿ ✿

[ ၂၁ ]

❑

နန္ဒအောင်နှင့် မေယမုံတို့နှစ်ယောက် လှေလေးကို တရွေ့ရွေ့လှော်ကာ ထွက်လာခဲ့ကြ၏။ ဘုရားပျက်ကုန်းဘက်ဆီသို့ ဖြစ်၏။ လှေဦးဆိုက်၍ ကပ်မည်အပြု ရဲသားအချို့ကို တွေ့လိုက်ရသည်။ နန္ဒအောင် မျက်နှာပျက်၍သွားသည်။

"ဟင် ... ရဲ ... ရဲတွေပါလား။ မဖြစ်ဘူး၊ မဖြစ်ဘူး ပြန်ပြန်မှဖြစ်မယ်"

လှေကိုတပ်သပ်၍ ပြန်ကွေ့လိုက်သည်။

"အစ်ကို ကိုနန္ဒအောင် ဘာဖြစ်လို့လဲ။ လှေကိုကပ်လိုက်လေ"

"မကပ်တော့ဘူး မေယမုံ။ အစ်ကို ခေါင်းတွေမူးပြီး နေမကောင်းချင်သလိုဖြစ်လာလို့ အိမ်ပြန်ကြတာပဲ ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေယမုံ ရိပ်မိလိုက်ပါ၏။ ရဲများတွေ့မြင်သွား၍ ကိုနန္ဒအောင် လှေကို ကမ်းမကပ်တော့ပဲ ပြန်လှည့်လိုက်ခြင်းဖြစ်လေသည်။

ဟုတ်ပါပြီလေ။ ကိုနန္ဒအောင်က ပြစ်မှုပြစ်ကြွေး တစ်စုံတစ်ရာ ရှိခဲ့သူတစ်ယောက်ဆိုတာ ထင်ရှားနေပါလေပြီ။

သူရောက်လာစကပါလာခဲ့သော ခေါင်းမှ ပေါက်ပြဲဒဏ်ရာသည်လည်း သူကျူးလွန်ခဲ့သည့် အမှုအခင်းတစ်ခုနှင့် ကေန်အမှန် ဆက်နွယ်ပတ်သက်နေရမည်။ ဒီနေ့ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ကိုနန္ဒအောင်တစ်ယောက် မသိစေပဲ အဘကိုတော့ ပြောပြရမည်။

ထိုနေ့မှစ၍ နန္ဒအောင်မှာ အိမ်ပြင်သို့ လုံးဝမထွက်လေတော့။ ကျောင်းကိုပင် (၃)ရက်တိတိ ခွင့်တင်၍ ထားလိုက်တော့သည်။

✿ ✿ ✿

| ၂၂ |

ဒီနေ့ ဦးဖိုးကွန်း၏စက်လှေသည် ကူးတို့ပြေးဆွဲပေးရမည့်နေ့ ဖြစ်လေသည်။ ထို့ကြောင့် မြစ်ခြေရှာ စက်လှေဆိပ်သို့ ထွက်လာခဲ့သည်။ လှေဆိပ်သို့ရောက်လာ၏။ ထွန်းဦးတို့၊ ဘမောင်တို့ လှေသားများနှင့် တွေ့ရသည်။

“ဦးဖိုးကွန်းကြီး …ဒီနေ့ ကူးတို့အလှည့်လားဗျ”

“ဟုတ်တယ်ကွာ။ ဒါနဲ့ မင်းတို့ရော”

“အတူတူပဲပေါ့”

“ဒီနေ့ ကူးတို့ကျတာ ဘယ်နှစီးလဲ”

“(၅) စီးပါ”



www.burmeseclassic.com

www.burmeseclassic.com



လေ့ဆိပ်တွင် ခရီးသည်စောင့်၍နေ၏။ ဤတွင် သတင်းစား ဂျာနယ်များကို လက်ပွေ့ရောင်းချသော လူတစ်ယောက် ရောက်လာသည်။

"ကဲ ... သတင်းထူးတွေ ပါတယ်နော်။ သတင်းထူးတွေပါတယ်။ သိချင်ရင် ဝယ်ဖတ်။ တစ်စောင်မှ (၁၀၀)ကျပ်ပဲ ကျတယ်"

လေ့ဆိပ်မှအပြန်တွင် သတင်းစာတစ်စောင်ဝယ်လာ၏။ လူပျောက်ကြော်ငြာတစ်ခု ဖြစ်လေ၏။

"အလို ... ဒီလူပျောက်ကြော်ငြာရဲ့ပုံက မောင်နန္ဒအောင်ရဲ့ပုံပါလား"

သတင်းစာကို ဖတ်၍ကြည့်သည်တွင် ...

*"အသက် (၃၀) ခန့်ရှိ လူတစ်ယောက်။ နာမည်မှာ မင်းခေါင်သွေးဖြစ်၏။ နိုင်ငံသားမှတ်ပုံတင်အမှတ် ( .... ) ဖြစ်ပြီး အဘအမည်မှာ ( .... ) ဖြစ်၏။ ၎င်းမင်းခေါင်သွေးသည် အိမ်မှပျောက်သွားပါသဖြင့် ဤဓာတ်ပုံပိုင်ရှင် မင်းခေါင်သွေးအားတွေ့ရှိပါက အမြန်ဆုံး သတင်းပေးပို့ပါရန်နှင့် သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။*

*ထိုသို့မဟုတ်ဘဲ မိမိ၌ သဘောဆန္ဒအရ လက်ခံထားရှိသူအားတွေ့ရှိပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။*

*အုပ်ထိန်းသူ*
*ဒေါ်မိုးသူဇာ*

ဦးဖိုးကွန်း အိမ်သို့ရောက်လာ၏။

"သမီးရေ ... သမီး မေ ... မေယမုံ"

---

**စိတ်ကူးသစ်စာပေ**



"ရှင် ... အဘ၊ အပြန်လာပြီလား"

"အေး ... သမီး ပြန်လာပြီ။ ဒါနဲ့ မောင်နန္ဒအောင်ရော ပြန်လာပြီလား"

"အစ်ကို မလာသေးဘူးအဘ"

"သမီး လာစမ်း။ ဒီသတင်းစာကို ဖတ်ကြည့်စမ်း။ ဒီလူပျောက်ကြော်ငြာရဲ့ပုံက မောင်နန္ဒအောင်ရဲ့ပုံမဟုတ်လား"

"ဘယ်မှာလဲ အဘ"

"ဒီမှာ ... ဒီမှာ ..."

"ဟင် ... ဟုတ်ပါရဲ့၊ အစ်ကို့ပုံပါလား။ သမီးဖတ်ကြည့်မယ်"

မေယမုံ လူပျောက်ကြော်ငြာအား ဖတ်ကြည့်၏။ ထို့နောက် …တ်ချက်ချ၏။

"အင်း ... ပုံကတော့ အစ်ကိုနန္ဒအောင်နဲ့ ချွတ်စွပ်ပဲ။ ဒါပေမဲ့ နာမည်ကတော့မတူဘူး မင်းခေါင်သွေးတဲ့။ အစ်ကိုလာမှ မေးကြည့်ရမယ်။ ဒီထဲမှာပါတဲ့အတိုင်းဆိုရင် သတင်းပေးတဲ့သူကို ကျေးဇူးဆပ်ပြီး သတင်းမပေးဘဲ လက်ခံထားသူကိုတော့ တရားဥပဒေအရ အရေးယူမယ်တဲ့။ အဲဒါ ဘယ်လိုလုပ်ကြမလဲဟင် အဘ။ သတင်းပေးရင် ကောင်းမလား။ တော်ကြာ ... သမီးတို့ကို အမှုပတ်မှာလည်း ကြောက်နေတယ်"

"နေဦးလေ သမီးရဲ့။ သတင်းပေးရအောင်က ဓာတ်ပုံကသာ မောင်နန္ဒအောင်နဲ့တူနေတာ။ နာမည်ကတော့ မင်းခေါင်သွေးတဲ့။ မောင်နန္ဒအောင်မှ မဟုတ်တာပဲ။ သတင်းပေးလို့ ဘယ်ဖြစ်ပါ့မလဲ။ ခဏနောက်တော့ စောင့်ကြည့်တာပဲကောင်းပါတယ် သမီးရယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၄ |

❑

ရန်ကုန်မြို့တွင် နေထိုင်သည့် မင်းခေါင်သွေး၏မိခင်ဖြစ်သူ ဒေါ်မိုးသူဇာထံသို့ မင်းခေါင်သွေး၏သူငယ်ချင်းဖြစ်သူ ထွန်းမြင့်ရောက် လာသည်။

"ကြီးကြီးမိုး နေကောင်းတယ်နော်"

"ကောင်းပါတယ်ကွယ်။ ဒါနဲ့ မောင်ထွန်းမြင့် မလာတာတောင် ကြာပြီနော်"

"ဟုတ်ကဲ့ ကြီးကြီး၊ ကျွန်တော်လည်း အမေ့ရဲ့ကျန်းမာရေး စောင့်ရှောက်နေရလို့ ဒီဘက်မရောက်ဖြစ်တာ။ ဒါနဲ့ ဘယ်မှာလဲ မင်း ခေါင်သွေးရော"





"ဟင် ... မောင်ထွန်းမြင့်၊ မင်းဘာမှ မသိသေးဘူးနော်"

"ဘာကိုလဲ ကြီးကြီးရဲ့"

"မင်းခေါင်သွေးပျောက်သွားတာ (၁)နှစ်လောက်ရှိသွားပြီ မောင်ထွန်းမြင့်"

"ဟင် ... ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်။ ကြီးကြီးတို့လည်း ရန်ကုန်မြို့က သူနဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေ၊ သူသွားလာတတ်တဲ့ နေရာအတော် များများကို ရှာဖွေပြီးကြပြီ။ မတွေ့ဘူး။ ဒါကြောင့် ရဲစခန်းမှာအမှုဖွင့် ပြီး လူပျောက်တိုင်ထားပါတယ်။ မောင်ထွန်းမြင့်လည်း သားလေးကို ကူညီ စုံစမ်းပေးပါဦးကွယ်"

ဒေါ်မိုးသူဇာစကားဆုံးတော့ ထွန်းမြင့် တစ်ခုစဉ်းစားလိုက် သည်။

"ဒါဆို ကြီးကြီးတို့ မင်းစိန်ဆိုတဲ့ သူ့သူငယ်ချင်းဆီရော စုံ စမ်းပြီးပြီလား"

"မင်းစိန်က မင်းခေါင်သွေးနဲ့ အရမ်းရင်းနှီးကြတာ"

"နေပါဦး မင်းပြောတဲ့မင်းစိန်ဆိုတာ ဘယ်မှာလဲ"

"မင်းစိန်က ရန်ကုန်မှာတော့ မဟုတ်ဘူး။ ဧရာဝတီတိုင်းထဲ က မြစ်ခြေဆိုတဲ့ ရွာလေးတစ်ရွာမှာပါ"

"ဟင် ... ဟုတ်လား။ အဲဒီကိုတော့ ကြီးကြီးတို့ မစုံစမ်းရ သေးဘူး။ ဒါဆို ကြီးကြီးတို့ ဘယ်လိုလုပ်ရမလဲ။ မောင်ထွန်းမြင့်ဖြစ်နိုင် ရင် စုံစမ်းပေးပါလား"

"နေပါဦး ကြီးကြီး။ ကျွန်တော့်မှာ မင်းစိန်ရဲ့လိပ်စာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စုံစမ်းပေးချင်ပေမယ့် အမေ့နားက ခွာလို့မရဘူးဖြစ်နေတယ် အားတော့နာပါတယ်။ ခုတောင် မင်းခေါင်သွေးနဲ့ မတွေ့တာကြာ ဝင်လာခဲ့တာ"

"ရပါတယ်ကွယ် ကြီးကြီးတို့ပဲ စုံစမ်းလိုက်ပါ့မယ်"

စကားဆုံးတော့ ထွန်းမြင့်တစ်ယောက် နှုတ်ဆက်ရင်း ပြန် တော့သည်။

✿ ✿ ✿

## | ၂၄ |

❑

သည်နေ့ည မေယမုံတစ်ယောက် အိပ်ရာဝင်တော့ အိပ်မက် တစ်ခုကို မြင်မက်ခဲ့သည်။ ဆည်းဆာညနေချမ်းဖြစ်လေ၏။ နန္ဒအောင် နှစ်ယောက်သား သဲသောင်များပေါ်မှ လမ်းလျှောက်ရင်း မိမိတို့ (၂)ဖာလုံခန့်ဝေးသည့် ခေါင်းဆေးကျွန်းဖက်သို့ လမ်းလျှောက်ထွက် ကြသည်။

ဆည်းဆာနီလေနုအေးများက ချစ်သူနှစ်ဦးအား ပွေ့ဖက်ရစ် သာ၏။ ခေါင်းဆေးကျွန်းလေး၏သောင်စပ်တွင် မိမိတို့ချစ်သူနှစ် ဘက် သစ္စာပြုတည်ထားခဲ့သော သဲပုံစေတီလေးရှိသည်။ ထိုစေတီ ဆီသို့ လျှောက်လာခဲ့ကြ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အနားတွင် ထိုင်ကြ၏။

ထို့မှ နန္ဒအောင် စကားဆိုလိုက်သည်။

"ဒီမှာကြည့်စမ်း ယမုံ"

"ဟယ် . . . ခရုပုတီးဆွဲကြိုးလေး လှလိုက်တာ"

"ယမုံ မှတ်မိလားမသိဘူး။ ဟိုတစ်ခေါက်ကိုယ်တို့ ဒီကျွ
ကိုလာကြတုန်းက ရောင်စုံခရုလှလှလေးတွေ အစ်ကိုကောက်ခဲ့တာလေ"

"သြော် . . . မှတ်မိပြီ၊ မှတ်မိပြီ"

"ရော့ . . . ဒီပုတီးလေးကို အစ်ကိုဆွဲပေးမယ်။ ဒီပုတီးလေ
ယမုံ့ဆီမှာရှိနေသမျှ ကိုယ့်အချစ်ကိုယ့်သစ္စာတရားတွေ မပျောက်မပျ
ဘူးဆိုတဲ့ အမှတ်ပြယ်ပေါ့"

"ဟင်း . . . လာပြန်ပြီ၊ ကဗျာဆရာကြီးက"

စကားဆုံးတော့ ခရုပုတီးကုံးလေးကို နန္ဒအောင် မေယ
လည်တိုင်လေးတွင် ဆွဲပေးလိုက်သည်။ ထို့နောက် . . .

"ဟင် . . . ကိုနေ၊ အခွင့်အရေးမယူနဲ့။ ဟိုမှာကြည့်စမ်း
ယမုံတို့ကို ကြည့်နေတဲ့သူရှိတယ်။ ယမုံရှက်တယ်"

နန္ဒအောင် ဟိုဟိုသည်သည် ကြည့်၏။ မတွေ့။

"ဘယ်မှာလဲ ယမုံရဲ့။ ကိုယ်တော့ မတွေ့ပါဘူး"

"ဟိုမှာလေ မတွေ့ဘူးလား။ ယမုံတို့ကိုကြည့်နေတာ ပင်လယ်
ပြင်ကြီးပေါ့"

"အို . . . အစ်ကိုက တကယ်မှတ်လို့။ အစ်ကို့ကို ညာတဲ့
ကောင်မလေး၊ ကဲ . . . မှတ်ထား"

"ဟင်း . . . အစ်ကို တော်တော်ဆိုး"





ထို့နောက် ဘာကြောင့်မသိ။ အဆုံးအစမဲ့သည့် ပင်လယ်ပြင်
တစ်နေရာဆီသို့ လှမ်းမျှော်ငေးလိုက်ရင်းမှ ယမုံ သက်ပြင်းတစ်စကို
ချလိုက်သည်။

"ခက်တယ်အစ်ကိုရယ်။ အစ်ကို့ဘဝလည်း ဘာမှန်းမသိညာ
မှန်းမသိနဲ့ ဘာတစ်ခုမှလည်း မေးလို့မရဘူး။ ဒီလိုဘဝတွေနဲ့ ယမုံနဲ့
အစ်ကို ဘယ်လောက်ကြာအောင် နေရဦးမလဲ မသိဘူးနော်"

"သြော် . . . ယမုံကလည်း ကိုယ့်ဘဝကိုယ့်အကြောင်း ဆိုတာ
တလည်း တမင် ယမုံ့ကိုမပြောချင်လို့ အစ်ကိုဖုံးကွယ်ထားတာမှ မဟုတ်
ပဲ။ အစ်ကို ဘာတစ်ခုမှ တွေးလို့ကို မရတော့လို့ပါ။ ဒါပေမဲ့ ခု ယမုံ့
နားမှာ အစ်ကို မခွဲမခွာရှိနေတာပဲညစ္စာ။ ဘာပူစရာလိုလို့လဲ"

"ဒါတော့ ဒါပေါ့အစ်ကိုရယ်။ ဒါပေမဲ့ ကံကြမ္မာဆိုတဲ့တရား
တွေက ဟောဟိုက ပင်လယ်ပြင်ကြီးလို မာယာတရားတွေနဲ့ ပြည့်နှက်
နေတယ်။ ကံကြမ္မာဆိုတာ မြင်နိုင်တာမှမဟုတ်ပဲ"

"အင်း . . . အစ်ကိုစဉ်းစားထားတာ တစ်ခုရှိတယ်။ အဲဒါက
ယမုံ့ရဲ့အရှက်နဲ့ သိက္ခာဆိုတာလည်း ရှိတယ်။ ပြီးတော့ ယမုံ့ကို တစ်
ဖက်သတ်ကြိုက်နေတဲ့ ဟို ငါးဒိုင်ပိုင်ရှင် ဦးသာမြတ်ရဲ့သား မြတ်ကျော်
ရန်ကလည်းရှိတာမို့ အဘကိုခွင့်ပန်ပြီး အစ်ကိုနဲ့ယမုံတို့ လက်ထပ်ကြ
ရင် ကောင်းမလားလို့"

"နေပါဦး အစ်ကိုရယ်၊ ဒီကိစ္စ ယမုံ အချိန်ယူစဉ်းစားပါဦး
မယ်"

ထိုအခိုက် သောင်စပ်တစ်နေရာရှိ ကျောက်ဆောင်တန်းများ
ကြားမှ ရဲသား (၄) ၊ (၅)ယောက်ခန့်က ဘွားခနဲပေါ်လာပြီး . . .

"ဟေ့ကောင် . . . နန္ဒအောင် မပြေးနဲ့။ မင်း . . . မင်း . .



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းကျော်ကိုသတ်သွားတဲ့ လူသတ်တရားခံတစ်ယောက်ပဲ။ မင်းတို့ တို့ရှာနေတာ ကြာပြီ"

စကားဆုံးတော့ နန္ဒအောင် ထ၍ပြေးရန် ပြင်လိုက်သည်။

"အစ်ကို ... အစ်ကို ... မပြေးနဲ့၊ မပြေးနဲ့"

ယမုံက တားလိုက်သည်။

ရဲသားများက အနားသို့ရောက်လာ၏။

'ဖျောက်ခနဲ' မြည်သံတစ်ခု ကြားလိုက်ရပြီး လက်ထိပ်ခတ် လိုက်ကြသည်။

"နေပါဦးဗျာ။ ကျုပ် ... ကျုပ် ရှင်းပြပါရစေ၊ ကျုပ် ... ကျုပ် ဦးဝင်းကျော်ကို မသတ်ခဲ့ပါဘူး။ ကျုပ် ... ကျုပ်ရှင်းပြတာကို နားထောင်ကြပါဦး"

"အို ... ဘာမှ ရှင်းပြမနေနဲ့တော့ သက်သေသက္ခာယတွေ ခိုင်ခိုင်လုံလုံ ရှိနေပြီ။ လာ ... သွားမယ်"

"ယမုံ ... ယမုံ ..."

"ဟင် ... အစ်ကို ... အစ်ကို့ကို မဖမ်းကြပါနဲ့။ အစ်ကို့ကို ခေါ်မသွားကြပါနဲ့ရှင်။ အစ်ကိုမလိုက်ရဘူး။ အစ်ကို ... အစ်ကို"

"ယမုံ ... ယမုံ ... ယမုံ .. သမီး ... သမီး ... ဟဲ့ ဘာတွေ အော်နေတာလဲ"

ဖခင်ဖြစ်သူ ဦးဖိုးကွန်းနှိုးလေမှ မေယမုံတစ်ယောက် အိပ်မက်ဆိုးတစ်ခုမှ လွတ်မြောက်ရင်း လန့်နိုးသွားတော့သည်။

ခြော် ... ငါ ဘာတွေမက်နေပါလိမ့်။ ဘုရား ... ဘုရား အိပ်မက်ထဲကလို ဖြစ်မလာပါစေနဲ့။

✿ ✿ ✿

[ ၂၅ ]

❑

နောက်တစ်နေ့တွင်တော့ မြစ်ခြေရွာလေးသို့ ရောက်လာခဲ့ သည်။ ထိုနေ့က ဦးဖိုးကွန်းမှာ ကူးတို့ဆိပ်တွင် တာဝန်မကျ။ ထို့ကြောင့် ပင်လယ်ပြင်သို့ ထွက်၍နေ၏။ ထို့ကြောင့် စက်လှေသမားတစ်ဦးဖြင့် စုံစမ်းကာ မင်းစိန်နေထိုင်ရာ ဘုရားပျက်ကုန်းလေးနားသို့ လိုက်လာခဲ့ သည်။

မင်းစိန်ကို မေး၏။ မင်းစိန်မှာ လွန်ခဲ့သောနှစ်ကပင်လျှင် မန္တလေးသို့ အပြီးအတိုင် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။ ထိုအခါ သတင်းစုံစမ်းသူများက စက်လှေသမားကိုမေး၏။

"ဗျို့ ... ဆရာကြီး ဒီမြစ်ခြေရွာမှာ ဒီဓာတ်ပုံပိုင်ရှင်လူတစ် ယောက်ကိုများ တွေ့ဖူးသလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းသူများက ဓာတ်ပုံပြ၍ မေးလာ၏။ စက်လှေသမားကြီးက ဓာတ်ပုံကို သေသေချာချာကြည့်သည်။

"တွေ့ဖူးတယ်ဗျ။ အဲဒီလူ ကျုပ်တို့ရွာမှာရှိတယ်။ နေပါဦး"

စက်လှေသမားကြီးက စဉ်းစားလိုက်သည်။

"ဟာ ... ဟုတ်ပြီ၊ ဟုတ်ပြီ သိပြီ။ အဲ ... အဲဒီလူ ဦးဖိုးကွန်းတို့အိမ်မှာရှိတယ်"

"ဦးဖိုးကွန်းဆိုတာ ဘယ်သူလဲဗျ"

"အင်း ... ဦးဖိုးကွန်းဆိုတာကတော့ ဒီရွာထဲက တံငါသည်ကြီးတစ်ယောက်ပဲ"

"ဒါဆို အဲဒီဦးဖိုးကွန်းတို့အိမ်ကို ကျုပ်တို့ကို လိုက်ပို့ပေးပါလားခင်ဗျာ"

"ရပါတယ်"

စကားဆုံးတော့ ဦးဖိုးကွန်းနေထိုင်ရာ အိမ်လေးဆီသို့ စက်လှေလေးက ပြေးလွှားလျက်ရှိလေသည်။ ဦးဖိုးကွန်းအိမ်မှာ မြစ်ခြေရွာစွန် အဖျားပိုင်းတွင်ဖြစ်၏။ ရောက်၍လာ၏။ လှေကို စက်သင်္ဘောကပ်လိုက်သည်။

"မေယမုံ ... ဟေ့ ... မေယမုံ"

ခေါ်သံကြောင့် မေယမုံထွက်လာ၏။

"ဟင် ... ဦးကြီးထွန်းပ၊ ဘာကိစ္စရှိလို့လဲ"

"နင့်အဖေ ဦးဖိုးကွန်းရှိလား"

"မရှိဘူး ဦးကြီး။ အဖေ ဒီနေ့ ပင်လယ်ကိုသွားတယ်"

"ဒီမှာ ဧည့်သည်တွေက နင်တို့နဲ့တွေ့ချင်လို့ဆိုပြီး ဦးကြီးလိုက်ပို့ပေးရတာ"





"လာပါရှင်၊ အိမ်ပေါ်ကြွကြပါ"

အိမ်ပေါ်သို့ ရောက်လေသည့်အခါ သတင်းစုံစမ်းသူတစ်ဦးက ဓာတ်ပုံကိုပြ၍ ဒီလူ ဒီအိမ်တွင်ရှိသည်ဆို၍ လာခဲ့ကြောင်း၊ သူ့နာမည်မှာ မင်းခေါင်သွေးဖြစ်၍ ဘွဲ့ရ ပညာတတ်တစ်ဦးဖြစ်ကြောင်း၊ တစ်နေ့သူ့ သူငယ်ချင်းတစ်ယောက်၏အဖေ ရာပနတွင် ညီအစ်ကိုရန်ဖြစ်သည်ကို ဝင်ဆွဲရာမှ သူ့ခေါင်းတွင် ရိုက်မိခဲ့ကြောင်း၊ ထိုဒဏ်ရာဖြင့် ပျောက်သွားခဲ့ကြောင်း၊ ထိုမင်းခေါင်သွေးမှာ စိတ်ရောဂါအထူးကုဆရာဝန်ကြီးနှင့် ပြသ၍ ဆေးများကိုပင် သောက်နေရသူတစ်ဦး ဖြစ်ကြောင်းများကို ပြောပြခဲ့သည်။

ထိုလူများ၏ စကားဆုံးတော့ ...

"ဟုတ်ကဲ့ပါရှင်။ ရှင်တို့ပြောတဲ့လူ ဟုတ်မဟုတ်တော့ မသိဘူး။ ဓာတ်ပုံထဲက လူနဲ့တော့ အတော့်ကို ခွဲမရအောင်ဆင်ပါတယ်။ ဒါပေမဲ့ သူ့နာမည်က မင်းခေါင်သွေးတော့မဟုတ်ဘူး နန္ဒအောင်တဲ့။ သူက ဒီရွာကို တွဲဖက်ကျောင်းဆရာ လာလုပ်နေပါတယ်။ ရောက်စမှာ ကျောင်းမှာနေပေမယ့် ခုတော့ ကျွန်မတို့အိမ်မှာပဲ နေပါတယ်ရှင်"

"ဟုတ်ကဲ့ ... ခုလိုရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်ဗျာ။ လူကိုမတွေ့ရတော့လည်း မင်းခေါင်သွေးလား (သို့) နန္ဒအောင်လားဆိုတာ ခွဲခြားဖို့ခက်ပါတယ်။ ဒါကြောင့် နောက်တစ်ခေါက် ကျွန်တော်တို့ ထပ်ပြီး လာခဲ့ပါဦးမယ်။ ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီရှင်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၂၆ |

❑

ဦးဖိုးကွန်း ပင်လယ်မှပြန်လာသည့်အခါ မြို့မှလူနှစ်ဦး မိမိတို့အိမ်သို့ လာရောက်ခဲ့ကြောင်း၊ တံငါလှေသမားကြီး ဦးထွန်းပမှ လိုက်ပို့ခဲ့ကြောင်းများ ပြောပြလိုက်၏။

"ဘယ်တုန်းက လာသွားတာလဲ သမီး"

"နေ့လယ်တုန်းကပါ အဘ"

"မောင်နန္ဒအောင်နဲ့ရော တွေ့သွားသေးလား"

"အစ်ကို ကျောင်းသွားနေတာမို့ မတွေ့သွားဘူးအဘ"

"အင်း ... သူတို့ပြောတဲ့ပုံအရဆိုရင် ကိုနန္ဒအောင်ဟာ မင်းခေါင်သွေးဆိုတဲ့လူတစ်ယောက်ဖြစ်ဖို့ သေချာနေတယ်။ သူက ဘွဲ့ရပညာတတ်တစ်ယောက်တဲ့။





သူ့သူငယ်ချင်းအဖေ ရွာပနာမှာ ညီအစ်ကိုချင်း ရန်ဖြစ်ကြရာက ဝင်ဆွဲရင်း သူ့ခေါင်းကို ရိုက်မိသွားသတဲ့။ ပြီးတော့ အဲဒီမင်းခေါင်သွေးဟာ စိတ်ရောဂါဆရာဝန်ကြီးတစ်ဦးနဲ့ ပြသနေရပြီး ဆေးတွေသောက်နေရတဲ့ သူတဲ့လေ"

"အင်း ... မောင်နန္ဒအောင် ရောက်လာစတုန်းက သူ့ခေါင်းမှာလည်း ပေါက်ပြဲဒဏ်ရာတစ်ခု ပါလာတာဆိုတော့ သူတို့ပြောတဲ့အတိုင်းဆိုရင် အဲဒီလူဖြစ်ဖို့များနေပြီ။ သူ့ကိုမေးကြည့်လည်း ဘာမှသိမှာမဟုတ်ဘူး။ ဒါနဲ့ သမီး အဲဒီလူတွေက ဘာများ ပြောသွားကြသေးလဲ"

"သူတို့ပြောသွားတာကတော့ လူကိုမမြင်ရတော့ မင်းခေါင်သွေး ဟုတ်မဟုတ်ဆိုတာ မသိရဘူးတဲ့။ နောက်တစ်ခေါက် ထပ်လာခဲ့မယ်လို့ ပြောသွားတာပဲ အဘရယ်။ အဲဒါ သမီးတို့ ဘယ်လိုလုပ်ကြမလဲ အဘရယ်"

"အင်း ... ဒီအတိုင်းဆိုရင်တော့ မောင်နန္ဒအောင်ကို အဘတို့ ပြန်ပို့ဖို့လုပ်ရမှာပေါ့။ သူ့နောက်ကြောင်း အဖြစ်အပျက်တွေကို ဘာတစ်ခုမှ သိရတာမဟုတ်ဘူး။ တော်ကြာ ဥပဒေနဲ့မလွတ်တဲ့ လူတစ်ယောက်ဆိုရင် အဘတို့ပါ အပြစ်မကင်းဖြစ်လိမ့်မယ်"

"နေဦးလေ။ သူတို့က နောက်တစ်ခေါက် ထပ်လာဦးမယ်လို့ ပြောသွားတယ်"

"ဒါဆို သူတို့ထပ်အလာကို စောင့်ပြီး အခြေအနေမှန်ကိုသိရမှ စီစဉ်ကြတာ ကောင်းမယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၂၇ |

❑

ဒီနေ့ ကျောင်းပိတ်ရက်ဖြစ်၍ နန္ဒအောင်မှာ ကျောင်းသွားစရာ မရှိ။ မေယမုံသည်လည်း အားလေသည်မို့ ခေါင်းဆေးကျွန်းဘက်သို့ လျှောက်လာခဲ့၏။ ထိုမှ နန္ဒအောင်အား မေယမုံ အကြောင်းစုံရှင်းပြလိုက်၏။

"အစ်ကို ဟိုတစ်နေ့က ရန်ကုန်ကလူနှစ်ယောက် အစ်ကို့ကို လာရှာသွားတယ်။ အစ်ကို့နာမည်လည်း နန္ဒအောင်မဟုတ်ဘူး မင်းခေါင်သွေးတဲ့။ သူငယ်ချင်းတစ်ယောက်ရဲ့အဖေ ဈာပနအသွား ညီအစ်ကို ရန်ပွဲကို ဝင်ဆွဲရာကနေ အစ်ကို့ခေါင်းကို ရိုက်မိသွားတာတဲ့။





အဲဒီဒဏ်ရာနဲ့ ပျောက်သွားတာတဲ့လေ။ မင်းခေါင်သွေးဆိုတာ သူတို့ပြောသလို အစ်ကိုလားဟင်။ အစ်ကို့မှာ နာမည်နှစ်မျိုး ရှိတာလား"

"အို . . . မဟုတ်ဘူး။ မင်းခေါင်သွေးဆိုတာ ကိုယ်မသိဘူး။ မင်းခေါင်သွေးဟာလည်း ကိုယ်မဟုတ်ဘူး။ ကိုယ်က နန္ဒအောင်ပါ။ ကိုယ့်မှာ နန္ဒအောင်ဆိုတဲ့ နာမည်တစ်ခုပဲရှိတယ်"

"ဒါဆို အစ်ကို မေယမုံတို့အိမ်ရောက်လာစက ခေါင်းမှာရလာတဲ့ ဒဏ်ရာက ဘယ်ကရလာတာလဲ"

"ဒဏ်ရာ ဟုတ်လား . . . ခေါင်းကဒဏ်ရာ အဲဒါကတော့ ကိုယ်မမှတ်မိတော့ဘူး"

မေယမုံ ရိပ်စားမိလိုက်၏။ ထို့ကြောင့် အတိတ်ကို ပြောပြနိုင်စွမ်း မရှိသူတစ်ယောက်ကို စိတ်ဒုက္ခမပေးတော့ရန် ဆုံးဖြတ်လိုက်၏။

"ဒါဆို အစ်ကို့ကို မေယမုံ တစ်ခုမေးမယ်နော်။ တကယ်လို့ သူတို့ နောက်တစ်ခေါက်ထပ်လာလို့ သူတို့ရှာနေတဲ့ မင်းခေါင်သွေးဟာ အစ်ကို့ဆိုရင် အစ်ကို ပြန်လိုက်သွားမှာလား"

"အို . . . ဘာလို့လိုက်သွားရမှာလဲ မေယမုံရယ်။ ကိုယ်မှ မင်းခေါင်သွေးမဟုတ်တာ။ ကိုယ်က နန္ဒအောင်ပဲဟာကို။ ဘာလဲ မေယမုံက မယုံဘူးလား"

"ယမုံ ပြောခဲ့ပြီးပါပြီ အစ်ကို။ ယမုံ အစ်ကို့ကိုယုံပါတယ်။ ဒါပေမဲ့ မမြင်ရတဲ့ ကံကြမ္မာကိုတော့ ယမုံ မယုံနိုင်ဘူး"

"ယုံပါ ယမုံရယ်။ ဘယ်တော့ဖြစ်ဖြစ်၊ အစ်ကို ယမုံ့ကို မခွဲပါဘူး။ ကိုယ်တို့နှစ်ယောက်ရဲ့ သစ္စာတရား၊ အချစ်တွေရဲ့ သက်သေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်အဖြစ် ဒီခရုပုတီးကုံးလေးနဲ့ သဲပုံစေတီလေးကို သစ္စာဆိုတိုင်တည်ကြမယ်။ လာ . . . ယမုံ၊ ဘာမှ စိတ်မကောင်းစရာတွေ တွေးမနေနဲ့တော့နော်''

''ယမုံ အစ်ကိုရဲ့စကားတွေကို နှလုံးသည်းပွတ်ကြားမှ မှတ်ထားပါ့မယ် အစ်ကိုရယ်။ ပြီးတော့ အစ်ကိုနဲ့ မေယမုံတို့ရဲ့ ဘဝတွေဟာ ဟောဟိုက အဆုံးအစမဲ့တဲ့ ပင်လယ်ပြင်ကြီးလို မပြောင်းမလဲဘဲ တည်တံ့ခိုင်မြဲနေပါစေလို့ ယမုံဆုတောင်းနေပါ့မယ်''

✿ ✿ ✿

# [ ၂၀ ]

❑

တစ်လခန့်ကြာသည့် အခါတွင်တော့ မြစ်ခြေရွာသို့ မျိုးဝေနဲ့ ...တူ လူနှစ်ယောက် ရောက်ရှိလာခဲ့ကြသည်။ နန္ဒအောင်ကိုခေါ်ရန် ...စ်လေသည်။

ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်၍ နန္ဒအောင်မှာ အိမ်မှာရှိ...ပြီး ဦးဖိုးကွန်းပင်လျှင် အလုပ်နားသောနေ့ ဖြစ်လေ၏။ ထို့ကြောင့် ...မ်တွင် လူများစုံလျက်ရှိသည်။ မျိုးဝေတို့ ရောက်ရှိလာသည်။ နန္ဒ...ာင်ကို တွေ့လေလျှင် . . .

''ဟင် . . . မင်း . . . မင်းခေါင်သွေး သူ . . . သူငယ်ချင်း''

''ခင် . . . ခင်ဗျားတို့က ဘယ်သူတွေလဲ။ ကျုပ်မသိဘူး။ ကျုပ်...ည်ကလည်း မင်းခေါင်သွေးမဟုတ်ဘူး နန္ဒအောင်ဗျ။ နန္ဒအောင်''



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... သူငယ်ချင်း မင်းခေါင်သွေး၊ ဒီမှာ သေချာ ကြည့်စမ်း။ ငါ့ကို မင်း မှတ်မိတယ်မဟုတ်လား။ မျိုးဝေလေကွာ ... မင်းသူငယ်ချင်း မျိုးဝေလေ"

"အို ... မျိုးဝေလည်း ငါမသိဘူး"

မည်သို့ပြောပြော နန္ဒအောင်မှာ အရာအားလုံးကို မမှတ်မိ ဖြစ်နေ၏။ ထိုအဖြစ်အပျက်လေးများကို ကြည့်၍ ဦးဖိုးကွန်း စကား တစ်ခွန်းဆိုလာသည်။

"ကဲပါဗျာ ... သူ့ကိုပြောနေလည်း သူက ဘာမှမှတ်မိတဲ့ သူ မဟုတ်တော့ အဆင်မပြေနိုင်ဘူး။ ဒီညအိပ်ပြီး မနက်ဖြန်ကျ သာ ရန်ကုန်ကိုပြန်ဖို့ စီစဉ်ကြပါ။ ခင်ဗျားတို့ခေါ်ရင်တော့ ပြန်လိုက်မှာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်နဲ့သမီးလေး မေယမုံတို့ကပဲ ရန်ကုန် အထိ လိုက်ပို့ပေးပါ့မယ်"

"ကျုပ်ကို ခင်ဗျားတို့က ဘယ်ကို ခေါ်သွားမှာလဲ။ ကျုပ် မလိုက်ဘူး။ ကျုပ် တရားခံမဟုတ်ဘူးဗျ။ ဦးဝင်းကျော်သေတာလည်း ကျုပ်ကြောင့်မဟုတ်ဘူး"

"ဟုတ်ပါတယ် မောင်နန္ဒအောင်ရယ်။ သူတို့ကမင်းကို ဘယ်မှ မခေါ်ပါဘူး။ အဘရယ်၊ သမီးလေးမေယမုံရယ်၊ မင်းရယ်က ရန်ကုန် ကို ဘုရားဖူးရအောင် သွားမှာပါ"

နောက်တစ်နေ့တွင်တော့ ဦးဖိုးကွန်းတို့သားအဖနှစ်ယောက် မောင်နန္ဒအောင်အား ချော့၍ ခေါ်ဆောင်ကာ မျိုးဝေတို့နှင့်အတူ ရန်ကုန် သို့ လာခဲ့ကြတော့၏။

✿ ✿ ✿

[ ၂၉ ]

❑

ဒေါ်မိုးသူတို့အိမ်သို့ ရောက်ရှိလာ၏။

"အမယ်လေး ... သား ... သားလေးရယ်၊ မသေကောင်း မပျောက်ကောင်း"

"ခင် ... ခင်ဗျားတို့က ဘယ်သူတွေလဲ။ ကျုပ်မသိဘူး"

"သားရယ် မေမေလေ။ ဟိုမှာ သားရဲ့ညီမလေး မာလာနွယ် လေ။ သား မမှတ်မိဘူးလား"

"ကျုပ် ဘာမှမမှတ်မိဘူး။ ခင်ဗျားတို့ကျုပ်ကို ညာပြီးဖမ်း ကြတာမဟုတ်လား။ ဦးဝင်းကျော်သေတာဟာ ကျုပ်ကြောင့်မဟုတ်ဘူး။ ကျုပ်သတ်တာ မဟုတ်ဘူး"

---



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ်ပါတယ် သားရယ်။ သားကိုလည်း မဖမ်းပါဘူး။ ဦးဝင်းကျော်သေတာဟာလည်း သားကြောင့် မဟုတ်ပါဘူး"

"ကဲ . . . ကဲ . . . ညှော်သည်တွေ ထိုင်ကြပါရှင်၊ ထိုင်ကြပါ"

ထိုမှ ဒေါ်မိုးသူဇာတစ်ယောက် မင်းခေါင်သွေး၏ အဖြစ်အပျက် အလုံးစုံကို ဦးဖိုးကွန်းတို့သားအဖ ရှင်းပြလိုက်၏။

"သားဟာ ဒီပြဿနာတွေမဖြစ်ခင် တစ်ပတ်လောက်ကမှ ကယောင်ကတမ်းအဖြစ်တွေ စိတ်ကစဉ့်ကလျားဖြစ်မှုတွေ ဖြစ်လာပြီး ညညဆိုလည်း မအိပ်တော့ဘူး။ ဒါကြောင့် စိတ်ရောဂါအထူးကု ဆရာဝန်ကြီးတစ်ယောက်နဲ့ ပြသနေရပါတယ်။

ပြီးတော့ ဆေးတွေလည်း သောက်နေရတယ်။ ပြဿနာဖြစ်ပွားမယ့်နေ့ လမ်းထိပ်က သူ့သူငယ်ချင်းမျိုးဝေရဲ့အဖေ ဈာပနကိုအသွား မျိုးဝေတို့ညီအစ်ကို ရန်ဖြစ်ရာမှာ ဝင်ဆွဲရင်း မျိုးဝေရိုက်လိုက်တဲ့ တုတ်က သားရဲ့ခေါင်းကို ရိုက်မိသွားတယ်။ သားဟာ ခေါင်းကွဲသွားတယ်။ ခေါင်းကသွေးတွေမြင်ပြီး လန့်သွားတယ်။

အဲဒီအချိန်မှာ မျိုးဝေရဲ့အစ်ကို အေးကိုထွန်းက သူ့ညီကို ပြောလိုက်တဲ့စကားကြောင့် သားလေးဟာ သူ့ကို တရားခံတစ်ယောက်လို့ ထင်မြင်သွားတယ်။ ဦးဝင်းကျော်ကို သူသတ်လိုက်မိတယ်လို့ ထင်သွားတယ်။ အေးကိုထွန်းပြောလိုက်တဲ့ စကားကတော့ . . .

'ဟေ့ကောင် . . . ငါ့အဖေသေရတာ မင်းကြောင့်ပဲ။ တကယ်တော့ လူသတ်တရားခံဟာ မင်းပဲ'

ဒါကြောင့် သူ့ကို ဆေးခန်းပို့ဖို့လုပ်နေတုန်း သူက အလစ်ပြန်လာပြီး ရေမိုးချိုး အဝတ်အစားတွေလဲပြီး ရှောင်တိမ်းသွားခဲ့တာ





ပါ။ ဒါကြောင့် သူတစ်ခါကရောက်ခဲ့ဖူးတဲ့ မောင်မင်းစိန်ဆီကို ရောက်သွားပြီး အဲဒီရွာမှာ ကျောင်းဆရာလုပ်၊ ဇာတ်မြှုပ်နေခဲ့တာပါ။ ကျွန်မတို့ကတော့ ရန်ကုန်မှာ အနှံ့ရှာပြီးပါပြီ။

လူပျောက်ကြော်ငြာကိုလည်း သတင်းစာထဲမှာထည့်ရင်း ခုနောက်ဆုံး ဟိုတစ်လောက သားရဲ့သူငယ်ချင်း မောင်ထွန်းမြင့်နဲ့တွေ့လို့ မြစ်ခြေရွာက သူ့သူငယ်ချင်းမင်းစိန်ဆီကိုရော စုံစမ်းပြီးပြီလားလို့ ဆိုလို့ စုံစမ်းရင်း ခုလိုပြန်တွေ့ခဲ့ရပါတယ်ရှင်"

ဒေါ်မိုးသူဇာ၏ ရှင်းပြမှုစကားများဆုံးတော့ . . .

"ဩော် . . . ဒါဆို မောင်နန္ဒအောင်ဟာ မင်းခေါင်သွေးပဲပေါ့"

"ဟုတ်ပါတယ် . . . သူ့နာမည်က မင်းခေါင်သွေးပါပဲ။ နန္ဒအောင်ဆိုတာကတော့ ဦးကြီးတို့ဆီရောက်လာမှ သူ့ပါးစပ်ထဲတွေ့တဲ့ နာမည်ကို ပြောခဲ့တာပါ"

"ဩော် . . . မောင်မင်းခေါင်သွေးရယ်"

"ကျွန်မတို့လည်း ဦးကြီးတို့သားအဖကို ကျေးဇူးတင်ပါတယ်ရှင်။ တခြားလူတစ်ယောက်ယောက်ရဲ့ လက်ထဲကိုရောက်သွားရင် ခုလို ပြန်တွေ့ချင်မှ တွေ့ရတော့မှာ။ သူတော်ကောင်းတွေရဲ့လက်ထဲ ရောက်သွားခဲ့လို့ ခုလို ပြန်တွေ့ရတာပါရှင်"

"ကျွန်တော်တို့လည်း မြစ်ခြေရွာကို မေးမရစမ်းမရနဲ့ ရောက်လာရှာတဲ့ မင်းခေါင်သွေးတစ်ဖြစ်လဲ မောင်နန္ဒအောင်ကို သားသမီးချင်း ကိုယ်ချင်းစာပြီး စောင့်ရှောက်ခဲ့တာပါ။ ခုဆို သူလည်း ဦးတို့နဲ့ မိသားစုတွေလို ဖြစ်နေပါပြီ။ ခုလိုအဖြစ်တွေသိပြီး မိဘအရင်းအခြာတွေလက်ထဲ ပြန်ရောက်တာ ကျွန်တော်လည်း ဝမ်းသာမဆုံးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဦးကြီးရယ်။ ဒီနေ့ပဲ သားလေးကို ဆေးခန်းပြရမယ်။ ဆရာဝန်ကြီးကတော့ တစ်လလောက် စနစ်တကျ ကုသလိုက်ရင် သားလေးဟာ လူကောင်းပကတိ ပြန်ဖြစ်လာနိုင်တယ် တဲ့။ ခုဖြစ်နေတာက ခေါင်းကိုရိုက်မိတဲ့ဒဏ်နဲ့ စိတ်ဝေဒနာဖြစ်နေတဲ့ အချိန်မှာဆုံပြီး အတိတ်ကို ဘာမှပြန်သတိမရ ပြောမပြနိုင်တဲ့ အတိတ် မေ့သွားတဲ့ အဖြစ်ပါရှင်"

"အင်း ... မောင်မင်းခေါင်သွေးရဲ့အဖြစ်ကို သိရတာ စိတ် မကောင်းစရာပဲ။ မောင်မင်းခေါင်သွေးတစ်ယောက် လူကောင်းပကတိ ပြန်ဖြစ်လာပါစေလို့ပဲ ဆုတောင်းပါတယ်ဗျား။ မောင်မင်းခေါင်သွေးကို ပြောလိုက်ပါ. ကျုပ်တို့သားအဖနှစ်ယောက် နှုတ်ဆက်သွားတယ်လို့"

နောက်တစ်နေ့သို့ အရောက်တွင်တော့ ဦးဖိုးကွန်းနှင့် မေယာမုံ တို့သားအဖနှစ်ယောက် ဇာတိမြေ မြစ်ခြေရွာလေးဆီသို့ ပြန်လာခဲ့ကြ တော့သည်။

✿ ✿ ✿

| ၃၀ |

❑

မင်းခေါင်သွေးမှာ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး၏ အထူး ကြပ်မတ်ကုသမှုဖြင့် တစ်လခန့်ရှိလေသည့်အခါ ပကတိလူကောင်းတစ် ယောက်အဖြစ် ကျန်းမာရေးအခြေအနေက ကောင်းမွန်လာသည်။ ထို့ ကြောင့် အတိတ်ကာလတစ်ခုက ဖြစ်ပျက်သွားလာ သိကျွမ်းခဲ့ဖူးသော သူများ (အထူးသဖြင့်) မြစ်ခြေရွာမှ ဦးဖိုးကွန်းနှင့် မေယမုံတို့ တံငါ သားအဖအား လုံးဝမမှတ်မိ။ မသိရှိလေတော့ပဲ ရှိတော့၏။

နေကောင်းလာခဲ့ပြီးဖြစ်၍ နှစ်ရှည်လများ ချစ်သူဖြစ်ခဲ့ကြသော သဇ္ဇာကျော်နှင့်လက်ထပ်ရန် ကိစ္စကိုလည်း နှစ်ဖက်မိဘများက စီစဉ် ကြတော့သည်။ ဒေါ်မိုးသူဇာမှပင် သဇ္ဇာကျော်၏အစ်ကိုဖြစ်သူ အောင်ကို ရှုန်းအား စတင်၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်အေးကိုထွန်းရေ ... မင်းမှာလည်း အဖေအမေတွေ ရှိတော့တာမဟုတ်လို့ မိဘအရာထားပြီး ပြောရမယ်။ သားလေးတို့ရဲ့ မင်္ဂလာကိစ္စ စီစဉ်ကြရအောင်ကွယ်"

"ဩော် ... ကြီးကြီးရယ်၊ မိတ်ဆွေရင်းတွေပဲ၊ ကြီးကြီးအဆင် ပြေသလိုသာ စီစဉ်ပါ"

ထို့ကြောင့် သီတင်းကျွတ်ကာလရက်တွင် ခန်းမတစ်ခု၌ မင်း ခေါင်သွေးအား သဉ္ဇာကျော်နှင့် လက်ထပ်ထိမ်းမြားပေးကြမည် ဖြစ် လေသည်။

✿ ✿ ✿

[ ၃၁ ]

❑

"သား ... သားတို့မင်္ဂလာကိစ္စကို လာမယ့်သီတင်းကျွတ်မှာ မေမေတို့လုပ်ဖို့ စီစဉ်ထားပြီးပြီ။ ဒါကြောင့် တစ်ချိန်က သားကိုစောင့် ရှောက်ကူညီခဲ့ကြတဲ့ မြစ်ခြေရွာက ဦးဖိုးကွန်းတို့သားအဖကို သွားကန် တော့ရင်း တစ်ခါတည်း မင်္ဂလာဆောင်ကိုပါ ဖိတ်ခဲ့နော်"

"ဟုတ်ကဲ့ ... ကောင်းပါပြီမေမေ"

နောက်တစ်နေ့တွင်တော့ မျိုးဝေနှင့်အတူ မင်းခေါင်သွေးတစ် ယောက် ရောဝတီတိုင်းအတွင်းရှိ မြစ်ခြေရွာလေးဆီသို့ ထွက်လာခဲ့ သည်။ ညနေသာသာရောက်ရှိတော့ မြစ်ခြေရွာသို့ရောက်၏။ ထိုနေ့က တိုက်တိုက်ဆိုင်ဆိုင် ဦးဖိုးကွန်း ကူးတို့ဆိပ်တွင် တာဝန်ကျသောနေ့ လည်း ဖြစ်လေသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးကွန်း၏ စက်လေနှင့်ပင် အိမ်သို့ လိုက်ပါခဲ့သည်။

"သား … ဘယ်တုန်းကလာလဲ"

"ခုပဲရောက်ပါတယ် အဘ။ ဒါနဲ့ အဘနေကောင်းတယ်နော်"

"ကောင်းပါတယ်ကွယ်"

"သား အဘတို့ကို လာကန်တော့တာပါ"

အိမ်သို့ရောက်လာ၏။ မေယမုံမှာ ထမင်းဟင်းများ ချက်ပြုတ်နေလေသည်။

"သမီးရေ … သမီး ဒီမှာ မောင်မင်းခေါင်သွေး လာတယ်ကွယ့်"

"ဩော် … အစ်ကိုပဲ။ လာ … လာ … ညှိသည်တွေ အိမ်ပေါ်တက်ကြပါရှင်"

အိမ်ပေါ်သို့ ရောက်လေသည့်အခါတွင်တော့ …

"ကျွန်တော် အဘတို့ကို လာကန်တော့တာပါ"

"သာဓုပါကွယ် … သာဓု … သာဓု။ သားကို ခုလို ကျန်းကျန်းမာမာနဲ့ စကားဆိုးတော့ မင်းခေါင်သွေး စကားစ၏။

"ဒါနဲ့ သူက …"

"မေယမုံလေ … အဘ ရဲ့သမီးလေး မေယမုံလေ"

"သား မမှတ်မိတော့ဘူး။ စိတ်တော့ မရှိပါနဲ့နော်"

"ဩော် … မောင်မင်းခေါင်သွေးရယ်"

မေယမုံကိုကြည့်တော့ မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေက အပြည့်။

ဩော် … အင်းပေါ့လေ။ အစ်ကိုက မေယမုံကို ဘယ်မှတ်မိပါတော့မလဲ။ တစ်ချိန်က မြစ်ခြေရွာမှာ နေထိုင်ခဲ့ဖူးတဲ့ ကိုနန္ဒအောင်





မှ မဟုတ်တော့တာပါပဲလေ။ အတိတ်ဆိုတာ အစ်ကိုရယ် … ဒီလိုသာ လွယ်လွယ်မေ့ပစ်လို့ ရကောင်းတဲ့အရာဆိုရင် အလွမ်းဆိုတာတွေလည်း ရှိလာတော့မှာ မဟုတ်ဘူး။

အစ်ကိုက မင်းခေါင်သွေးဘဝနဲ့ အတိတ်ကို ပြည်ဖုံးကားချလို့ အရာရာကို မေ့ရက်နိုင်ပေမယ့် မယ်မှုကတော့လေ နန္ဒအောင်ဆိုတဲ့ အစ်ကိုရဲ့ အတိတ်ဘဝတစ်ခုဆီမှာ နှစ်ဦးတွယ်ခိုနှောင်း ချစ်ခြင်းတရားတွေ မွေးဖွားခဲ့မိတဲ့ အဖြစ်တွေကိုတော့ ဘယ်လိုမေ့လို့ ရနိုင်ပါ့မလဲ။

အစ်ကိုနဲ့ မေယမုံတို့ရဲ့ ဘဝတွေဟာ ဆိုးလိုက်တာအစ်ကိုရယ်။ အသံမဲ့ မေယမုံရဲ့ရင်ထဲက စကားတွေကိုတော့ နန္ဒအောင်တစ်ဖြစ်လည်း မင်းခေါင်သွေးတစ်ယောက် ကြားနိုင်မည်မဟုတ်လေပါ။

ကြားလေသည့်တိုင်အောင်လည်း မင်းခေါင်သွေးတစ်ယောက် အရာအားလုံးကို မှတ်မိနိုင်စွမ်း မရှိလေတော့။ နန္ဒအောင်ဟူသော တစ်ချိန်သောအခါ ဘဝတစ်ခုသည်ကတော့ ပုံပြင်တစ်ပုဒ်အဖြစ် ပင်လယ်ရေလှိုင်းလေးများနှင့်အတူ ပြိုကွဲကြေမွ လွင့်စင်ဝေးပျောက် သွားကြတော့၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

| ၃၂ |

❑

မြစ်ခြေရွာ၌ မင်းခေါင်သွေးတစ်ယောက် ရှိနေခိုက် ယခင် နန္ဒအောင်ဘဝဖြင့် သွားလာခဲ့သော ခေါင်းဆေးကျွန်းဘက်သို့ မေယမုံ ခေါ်လာခဲ့၏။ အတိတ်ဘဝဖြစ်ရပ်လေးများကို ပြန်လည်သတိရလာလေ မလားဟူသော အတွေးများနှင့် ဖြစ်၏။ ခေါင်းဆေးကျွန်းသို့ ရောက် လာ၏။

သို့တိုင် မင်းခေါင်သွေးမှာ ဘာမှအမှတ်မရတော့ဘဲ ရှိလေ၏။

"ယမုံ ... ဒါ ... ဒါက ဘယ်နေရာတွေလဲ ဟင်"

"ဒါ ခေါင်းဆောင်းကျွန်းလေ အစ်ကိုရဲ့။ ဟိုရှေ့ကရေစပ်က အငူလေးမှာ အစ်ကိုနဲ့ယမုံတို့ အမြဲလိုလိုထိုင်ခဲ့ကြတဲ့ နေရာလေးလေ"





"အားတော့နာပါတယ် ယမုံရယ်။ ယမုံပြောတဲ့အကြောင်းတွေ အစ်ကို ဘာတစ်ခုမှ တွေးလို့မရတော့ဘူး။ မင်းခေါင်သွေးစကားဆုံး တော့ ..."

"ဒီမှာ ကြည့်စမ်းအစ်ကို"

"ဘာလဲ ယမုံ"

"ခရုပုတီးလေးလေ။ ဒီခေါင်းဆေးကျွန်းလေးကို လာတိုင်း ခရုလေးတွေကောက်လို့ ပုတီးလုပ်ပြီး အစ်ကိုကိုယ်တိုင် မေယမုံကို အမှတ်တရဆွဲပေးခဲ့တာ။ အဲဒီတုန်းက အစ်ကို့နာမည်က မင်းခေါင်သွေး မဟုတ်ဘူး နန္ဒအောင်တဲ့လေ"

"ဘာ ... အစ်ကို့နာမည်က နန္ဒအောင် ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုရဲ့၊ နာမည်က နန္ဒအောင်တဲ့။ အစ်ကို က ဒီရွာမှာ ကျောင်းဆရာလုပ်သွားတာလေ"

"ဩော် ... ဟုတ်လား"

စကားတပြောပြောနဲ့ သောင်ပြင်တစ်လျှောက် လမ်းလျှောက် လာခဲ့ကြသည်။ တစ်ချိန်က နန္ဒအောင်နှင့်မေယမုံတို့ သစ္စာပြုတည် ထားခဲ့ကြသော သဲပုံစေတီလေးနားသို့ပင် ရောက်လာခဲ့ကြ၏။

"အစ်ကို ... ဒီမှာကြည့်စမ်း၊ အစ်ကို မှတ်မိတယ်မဟုတ် လား။ အစ်ကိုနဲ့ယမုံတို့ သစ္စာဆိုပြီး တည်ထားခဲ့ကြတဲ့ သဲပုံစေတီလေး လေ"

"ဟင် ... ဟင် ... အစ်ကို မမှတ်မိဘူး။ ဘာ ... အစ်ကို နဲ့ယမုံ သစ္စာဆိုထားခဲ့ကြတဲ့ သဲပုံစေတီလေး ဟုတ်လား။ ဒါဆို အစ်ကို နဲ့ယမုံက ..."

"ဟုတ်ပါတယ် ... ယမုံက အဲဒီတုန်းက အစ်ကို့ရဲ့ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အစ်ကို့ကို ရန်ကုန်ကမိဘတွေ လာရှာတော့ ဘယ်လိုအခြေအနေပဲရောက်ရောက် အစ်ကိုနဲ့ယမုံတို့ရဲ့ သစ္စာတရားတွေ၊ အချစ်တွေကထာဝရ နိုင်မြဲတည်တံ့ပါစေလို့ ဆုပန်သစ္စာဆိုပြီး တည်ထားခဲ့ကြတာလေ”

စကားဆုံးတော့ ပင်လယ်လှိုင်းတွေရဲ့ တအုန်းအုန်း ရိုက်ပုတ်နေကြတဲ့အသံတွေ ကြားနေရတယ်။ တကယ်တော့ အဲဒီလှိုင်းရိုက်သံတွေဟာ မေယမုံ့ရင်ထဲက နှလုံးသွေးတွေ ဆူပွက်နေတဲ့အသံတွေပါ အစ်ကိုရယ်။

တစစ်စစ် ပင်လယ်ထဲနစ်ဝင်သွားတဲ့ နေလုံးကြီးကွယ်ပျောက်သွားတော့ . . .

“ယမုံ ပြန်ကြရအောင်နော်။ နေလည်းဝင်သွားပြီ”

“ယမုံ မပြန်ချင်သေးဘူး အစ်ကိုရယ်။ ဒီသောင်စပ်လေးမှာပဲ တစ်ညလုံး ထိုင်နေချင်တယ်”

“ယမုံ ဘယ်လိုပြောလိုက်တယ်။ တစ်ညလုံးထိုင်နေချင်တယ်ဟုတ်လား”

“ဟုတ်တယ်”

“ဘယ်ဖြစ်ပါ့မလဲ၊ တော်ကြာ နေထိုင်မကောင်းဖြစ်နေမှဖြင့်အခက်။ ပြီးတော့ အစ်ကိုလည်း မနက်ဖြန် ရန်ကုန်ကိုပြန်ရဦးမယ်။ လာပါယမုံရယ် . . . ထတော့။ ပြန်ကြစို့။ တော်ကြာ အဘာစိတ်ပူနေဦးမယ်”

စကားဆုံးတော့ လှေလေးကို တရွေ့ရွေ့လှော်ရင်း ပြန်လာခဲ့ကြသည်။

✿ ✿ ✿

[ ၃၃ ]

❑

နံနက်မိုးလင်းတော့ အထုပ်အပိုးများဖြင့် လှေဆိပ်ဆင်းရန်ပြင်၏။ ဦးဖိုးကွန်းအားထိုင်၍ ကန်တော့လိုက်သည်။

“အဘ ကျွန်တော်သွားတော့မယ်နော်။ ကျွန်တော့်ကို သားသမီးတစ်ယောက်နဲ့မခြား ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ အဘတို့သားအဖရဲ့ ကျေးဇူးတွေနဲ့ ဟောဒီ မြစ်ခြေရွာလေးကို ကျွန်တော် ဘယ်တော့ မှ မမေ့ပါဘူးအဘ။ တစ်နှစ်တစ်ခေါက်လောက် လာလည်နိုင်ဖို့လည်း ကြိုးစားပါ့မယ်”

စကားဆုံးတော့ သားရေအိတ်ထဲမှ ဖိတ်စာလေးကိုထုတ်၍ ချလိုက်ရင်း . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"လာမယ့် သီတင်းကျွတ်ရက်မှာ ကျင်းပမယ့် ကျွန်တော်နဲ့ သဉ္ဇာကျော်တို့ရဲ့ မင်္ဂလာလက်ထပ်ပွဲကိုလည်း အဘနဲ့မေယမုံ ဆက် ဆက်လာခဲ့ရမယ်နော်"

"ကောင်းပါပြီ မောင်မင်းခေါင်သွေးရယ်"

"ယမုံ ကို သွားတော့မယ်နော်"

ကြေကွဲနေတာလား၊ ဆို့နင့်နေတာလား။ မေယမုံတစ်ယောက် ကတော့ စကားပြန်မဆို။ မျက်ဝန်းနှစ်လွှာက ပေါင်းစုံစီးဆင်းကြလာ တဲ့ မျက်ရည်တွေကတော့ မြစ်ခြေချောင်းလေးတစ်လျှောက် အတား အဆီးမဲ့ စီးဆင်းသွားတယ်။

✿ ✿ ✿

| ၃၄ |

❑

BURMESE CLASSIC .com

မင်းခေါင်သွေးပြန်သွားသည့် နောက်ရက်များမှစ၍ မေယမုံ တစ်ယောက် ထမင်းဟင်းများ စားတစ်လှည့် မစားတစ်လှည့်ဖြစ်လာ သည်။

မကြာခဏဆိုသလိုလည်း ခေါင်းဆောင်းကျွန်းဖက်ဆီသို့ ထွက် ခွာသွားကာ ပင်လယ်ပြင်ကြီးကို ငေးကြည့်ရင်း ထိုင်ထိုင်နေလေ့ရှိ သည်။ သမီးအဖြစ်ကိုကြည့်၍ ဖခင်ဖြစ်သူ ဦးဖိုးကွန်းမှာ စိတ်မကောင်း ဖြစ်ရ၏။

"သမီးရယ် ... ထမင်းတော့ ထစားပါဦး။ တော်ကြာ သမီး စားနည်းပြီး နေထိုင်မကောင်းဖြစ်နေမယ်"

"သမီး စားချင်စိတ်မရှိလို့ပါ အဘရယ်"

"အေးလေ ... မောင်နန္ဒအောင်နဲ့ အဘတို့က ဒီဘဝမှာ ဒီ ဇာတ်ပဲ ရောက်ပါခဲ့တာကို။ ဖြစ်ပျက်ပြီးသမျှတွေကိုလည်း အိပ်မက် ခန်းလိုပဲ သဘောထားရင်း မေ့လိုက်ကြပါစို့သမီးရယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃၅ |

❑

မိုးလေများ သည်းသည်းထန်ထန် ရွာသွန်းနေသော နေ့တစ်နေ့ ဦးဖိုးကွန်းပင်လျှင် အိမ်တွင်မရှိ။ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်နေသော သည်။ ထိုအခိုက် မေယမုံတစ်ယောက် ခေါင်းဆေးကျွန်းဘက်ဆီသို့ ပြေးထွက်သွားတော့သည်။

"ဟော ... ဟော ... မိုး ... မိုးတွေသည်းလာပြီ။ ခုချိန်ဆို အစ်ကိုနန္ဒအောင် ငါ့ကို ခေါင်းဆေးကျွန်းသောင်မှာ စောင့်နေပြီ။ အမြန် သွားမှ။ အလို ... ဘုရား ... ဘုရား ... ငါတို့ရဲ့ သဲပုံစေတီလေး တောင် ပြိုနေပါရော့လား။ ဟင် ... အစ်ကိုလည်း စောင့်မနေဘူး"

မေယမုံတစ်ယောက် ပြိုပျက်သွားသော သဲပုံစေတီလေးအား မိုးများလေများ သည်းနေသောကြားတွင် ပြန်၍ ကြိုးစားတည်နေ၏။ ထိုအခိုက် လှိုင်းလုံးတစ်လုံး ရိုက်လိုက်၏။





"ဝုန်း ..."

"အား ..."

ဟူသောအသံတစ်ခု ကြားလိုက်ရသည်။ မေယမုံတစ်ယောက်ကို မတွေ့ရတော့။

ထိုမှစ၍ မေယမုံတစ်ယောက် ပျောက်သွားသည်မှာ ယနေ့အထိပင်ဖြစ်လေ၏။ အလောင်းကိုပင် ပြန်မရ။ မိုးလေများသည်းနေသော ထိုနေ့က ပင်လယ်မှ ငါးဖမ်းပြန်လာသော မြစ်ခြေရွာသားတစ်ဦးဖြစ်သူ ထွန်းလင်းတစ်ယောက် ငါးဒိုင်ပိုင်ရှင်သူဌေး၏သား မြတ်ကျော်ကို ခေါင်းဆေးကျွန်းဘက်၌ တွေ့လိုက်သည်ဟု ဆိုလေသည်။

မေယမုံတစ်ယောက် ပျောက်သွားရခြင်း အကြောင်းရင်းသည် တချို့က ပင်လယ်ထဲခုန်ချ၍သေသည်းဟု ဆိုကြသလို တချို့ကတော့ သူဌေးသားမြတ်ကျော်တစ်ယောက် မတော်မတရားကြံစည်၍ မေယမုံမှာ မိမိကိုယ်မိမိ သေကြောင်းကြံစည်သွားသည်ဟု ထင်ကြေးပေးကြ၏။

တချို့ကလည်း မေယမုံသည် မသေ။ တစ်ရပ်တစ်နယ်တကျေးတွင် အသက်ရှင်လျက်ရှိသည်ဟု ယူဆနေကြသည်။ သို့သော် ထိုထင်မြင်ယူဆချက်များသည် ခိုင်မာမှုမရှိသော ယူဆချက်များသာ ဖြစ်လေ၏။ တကယ်တော့ မေယမုံသည် လေပြင်းများထန်သော နေ့တစ်နေ့က ခေါင်းဆေးကျွန်းဘက်ဆီသို့ ပြေးထွက်သွားရင်း ပြိုသွားသော သဲပုံစေတီလေးကို ပြန်လည်တည်နေစဉ် လှိုင်းလုံးတစ်လုံးကအရိုက် ပင်လယ်ထဲသို့ လွင့်စင်ကျသွားခြင်း ဖြစ်လေသည်။

သတိလစ်၍ ရေစီးနှင့်အတူ မျောပါသွားသော မေယမုံကို တံငါလှေတစ်စီးမှ ဆယ်ယူခဲ့သည်။ ထိုရွာမှ မြစ်ခြေရွာနှင့် (၁၀) မိုင်ခန့်



www.burmeseclassic.com

ဝေးသော ပင်လယ်ရွာတစ်ရွာမှဖြစ်၏။ သတိလစ်မေ့ပါသွားစဉ် ကျောက်ဆောင်ကျောက်သားများနှင့် ထိခိုက်ခဲ့၍ သတိပြန်ရချိန်တွင် မျက်နှာမှာ စုတ်ပြဲဒဏ်ရာဒဏ်ချက်များနှင့် မမှတ်မိအောင် ရုပ်ပျက်၍သွား၏။ ဆေးရုံတင်၍ ကုသခဲ့ရလေသည်။ ထိုမှ စိတ်ဝေဒနာရှင်တစ်ဦး ဖြစ်၍သွားသည်။

(၁၀) နှစ်ခန့်ရှိသည့် အချိန်တွင်တော့ မွေးရပ်ဇာတိ မြစ်ခြေရွာလေးသို့ ပြန်၍ ရောက်ရှိလာခဲ့၏။ ဖခင်ဦးဖိုးကွန်းပင် မရှိလေတော့ ဆုံးပါးခဲ့ပြီဖြစ်လေသည်။ ရွာသူရွာသားများက မေယမုံကို မမှတ်မိကြ။ မေယမုံသည် သေသွားပြီဟုသာ ထင်မြင်ယူနေခဲ့ကြလေသည်။

သို့သော် အသိကာပ်၍ အတိတ်ဟောင်းဘဝလေးများကို သတိရမိတိုင်း မိမိ၏ချစ်သူ ဆရာလေးနန္ဒအောင် အလုပ်လုပ်ခဲ့ဖူးသည့် မြစ်ခြေရွာ စာသင်ကျောင်းလေးကို သွား၍စောင့်လိုက်၊ ချစ်သူနှစ်ဦး ချစ်ရည်လူးခဲ့ကြရာ ခေါင်းဆေးကျွန်းလေး ရှိရာဆီသို့သွားကာ ကျောက်ဆောင်များပေါ်ထိုင်၍ ပင်လယ်ပြင်ကြီးကို ငေးလိုက်၊ ဘုရားပျက်များရှိရာ ဘုရားကုန်းဘက်သို့ သွားလိုက်နှင့်၊ တံငါလှေများစွာကို အစုန်အဆန် လှော်ကြိုလိုက်၍ စီးနေသော စိတ်ဝေဒနာရှင်မလေးတစ်ဦးသည် တစ်ခါက မြစ်ခြေရွာမှ တံငါသည်ကြီး ဦးဖိုးကွန်း၏သမီး မေယမုံတစ်ယောက် ဖြစ်သည်ဟုသာ သိကြမည်ဆိုပါလေလျှင် •••

**ပင်းအောင်ကျော်**


## စိတ်ကူးသစ်စာပေ

အမှတ်(၂၅)၊ အသေးဆုံးလွှာ၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၃၂၆၄

ဆိုင် ။ အမှတ်(၁၄၉)၊ ထောင်ပတ် (ဃ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၁၃၃၂

| စဉ် | စာရေးသူ | စာအုပ်အမည် | | စျေးနှုန်း |
|---|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | မြွေဝင်စားမသင်မြွေ | | ၁၂၀၀/- |
| ၂။ | (သန်လျင်) | လူထူးဆန်းဘတိုက်ပုံဦးရာကျော် | | ၁၂၀၀/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ဇွေးနက်ကြီး | | ၁၂၀၀/- |
| ၄။ | ။ | ယောမျှင်ကြိုးမြိန်ခင်ဒေါင်းစံ | | ၁၂၀၀/- |
| ၅။ | ။ | မြွေဟောက်ပါးပြူးမျောက်မင်းသားစိုးစည်နှင့်ကျောက်ခဲ | | ၁၂၀၀/- |
| ၆။ | ။ | ဗိုက္ကာရွာသူမကြေ | | ၁၂၀၀/- |
| ၇။ | ။ | ကြောင်တစ်ရာသက်ပြင်းနှင့်အင်းတစ်ထောင်မင်းခေါင် | | ၁၂၀၀/- |
| ၈။ | ။ | ပရလောကနှင့်ဖြစ်ရပ်ဆန်းကြယ် | ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀၀/- |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိမရဏလမ်းကြမ်း | | ၁၅၀၀/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့် ဖြစ်ရပ်ဆန်းကြယ် | ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၁။ | ။ | ကျောက်ကြီးပြေ | | ၁၅၀၀/- |
| ၁၂။ | ။ | နတ်မြင်းခွာသံ | ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၃။ | ။ | ငြိမ်းဆင်တဲ့လက် | ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၄။ | ။ | ရွှေဘုံပြန်လွှန်းအိပ်သစ် | | ၁၅၀၀/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မီချောင်း | ဂမ္ဘီရဝတ္ထုတို | ၁၅၀၀/- |
| ၁၆။ | ။ | မြည်ကြီးစည်တီးဝင်တဲ့ဂိုဏ်ကြီး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀၀/- |
| ၁၇။ | ။ | မီးငြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၈။ | ။ | နာနာဘာဝဗိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၁၉။ | ။ | ပြိတ္တာရသိစ္စာနန်းအိမ်ကြီး | | ၃၀၀၀/- |
| ၂၀။ | ။ | မျက်ရည်မြစ်ပေါ်မှာသောင်မတင်တဲ့အပြာရောင်လေဒါ | | ၁၅၀၀/- |
| ၂၁ | ။ | လေးမည်ရထွန်းကြိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၂။ | ။ | ကျောက်ကုန်းပေါ်ကလက်ဝဲရော | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၃။ | ။ | ရေးသွားပေါ်မှာကတဲ့ပန်းမှုင့် | | ၂၅၀၀/- |
| ၂၄။ | ။ | စိန်စိတကြီးရေချမ်းအိုး | | ၂၅၀၀/- |